

# တရားမျှတမှု ရှာဖွေခြင်း

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ဒေသန္တရ
တရားရုံးများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက်
တာဝန်ခံမှု ရှာဖွေသည့် လူထုအခြေပြုအရပ်ဘက်
အဖွဲ့အစည်းများအတွက် အတားအဆီးများနှင့်
အခွင့်အလမ်းများအပေါ် သုံးသပ်ချက်

၂၀၂၀ ခုနှစ် ဇူလိုင်လ


ကချင် အမျိုးသမီးများ အစည်းအရုံး - ထိုင်းနိုင်ငံ (KWAT)
အာရှတရားမျှတမှုနှင့် လူ့အခွင့်အရေးအဖွဲ့ (AJAR)

ဖြန့်ဝေသူ

ကချင် အမျိုးသမီးများ အစည်းအရုံး - ထိုင်းနိုင်ငံ
**(KWAT)**
*www.kachinwomen.com*

အာရှတရားမျှတမှုနှင့် လူ့အခွင့်အရေးအဖွဲ့
**(AJAR)**
*www.asia-ajar.org*

ခေါင်းစဉ်

**တရားမျှတမှုရှာဖွေခြင်း**
ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းရှိ ဒေသန္တရ
တရားရုံးများတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ
အတွက် တာဝန်ခံမှု ရှာဖွေသည့်
လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများအတွက်
အတားအဆီးများနှင့်
အခွင့်အလမ်းများအပေါ် သုံးသပ်ချက်။

ဖြန့်ဝေသည့်နေ့

၂၀၂၀ ခုနှစ် ဇူလိုင်လ

အဖုံးဓာတ်ပုံ

Frontier Myanmar မှ လက်ထိပ်ဓာတ်ပုံ
(Guidance for Police and law officers [...],
Steve Tickner, Frontier), သရုပ်ပြပုံ (KWAT)

ပုံနှိပ်တိုက်

Wanida Press

ဒီဇိုင်း

Ying Tzarm

# အသိအမှတ်ပြု ကျေးဇူးတင်ခြင်း

ဤအစီရင်ခံစာထုတ်ဝေနိုင်ရန်အတွက် လိုအပ်သော သတင်းအချက်အလက်များကို သတ္တိရှိရှိ အမှန်အတိုင်း ဖြေကြားပေးသူများ အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် အမှုတွင် ပါဝင်ဆောက်ရွက်ပေးသူ ဘာသာရေးခေါင်းဆောင်များ၊ ရပ်ကွက်လူကြီးများ၊လူထုအခြေပြု ခေါင်းဆောင်များ၊ ရှေ့နေများ အယောက်စီတိုင်းကို အထူးကျေးဇူးတင်ရှိပါသည်။

အခက်အခဲအမျိုးမျိုးတွေ ရှိနေသည့်ကြားမှ ကြိုးစားပြီး သတင်းယူခဲ့ ကြသည့် KWAT ကွင်းဆင်းလုပ်သားများနှင့် တရားဥပဒေပိုင်းဆိုင်ရာ အကြံပေးသော အတိုင်ပင်ခံရှေ့နေကိုလည်း ကျေးဇူးတင်ရှိပါသည်။ အစီရင်ခံစာထုတ်ဝေနိုင်ရန် AJAR အဖွဲ့အစည်းမှ Laetitia Bonnet ၏ လုပ်ဆောင်မှုများအတွက်လည်း အထူးကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာပေါ်ထွက်လာရေးအတွက် လိုအပ်သော နည်းပညာပိုင်းအကြံဉာဏ်များပေးခဲ့သော Burma Relief Center ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။

## ကချင်အမျိုးသမီးများ အစည်းအရုံးထိုင်းနိုင်ငံ (KWAT)

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ ပြည်တွင်းစစ်ဖြစ်ခဲ့ခြင်းကြောင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအခြေအနေများ ဆိုးရွားလာခဲ့သဖြင့် များစွာသော ကချင်လူမျိုးများသည် မိမိတို့နေရပ် ဒေသကို စွန့်ခွာပြီး တစ်ခြား နိုင်ငံသို့ ထွက်ခွာသွားကြရသည်။ ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိလာသော ကချင်လူမျိုးများသည် တစ်နှစ်ထက် တစ်နှစ် များပြားလာခဲ့သည်။ ထိုအချိန်တွင် အမျိုးသမီးများသည် မိမိတို့၏ ပြဿနာများကို ကိုယ်တိုင် ဖြေရှင်းနိုင်ရန်အတွက် ကချင်အမျိုးသမီး အစည်းအရုံး ထိုင်းနိုင်ငံကို ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။

KWAT သည် မိမိတို့ လူမှု ပတ်ဝန်းကျင်တွင် ခွဲခြားဖိနှိပ်မှုများ ကင်းစင်ကာ လူတိုင်း အေးချမ်းစွာ နေနိုင်ပြီး အမျိုးသမီးများသည်လည်း မိမိ ပတ်ဝန်းကျင်၊ ရပ်ရွာ၊ မြို့နယ်မှ နိုင်ငံအဆင့်တွင် ဆုံးဖြတ်ချက် ချမှတ်နိုင်သည့် ခေါင်းဆောင်မှု အထိရောက်အောင် လုပ်ဆောင်နေသော အဖွဲ့အစည်းဖြစ်သည်။ ကချင်အမျိုးသမီး ကိုယ်စားပြု အကျိုးအမြတ်မယူသော အဖွဲ့အနေဖြင့် အမျိုးသမီးအခွင့်အရေး မြှင့်တင်ခြင်း လုပ်ငန်းများ၊ လူကုန်ကူးတားဆီးမှုလုပ်ငန်းများ၊ ကျန်းမာရေးဝန်ဆောင်မှုနှင့် အသိပညာပေးလုပ်ငန်းများအပြင် နိုင်ငံရေး အသိပညာပေး လုပ်ငန်းများလည်း လုပ်ကိုင်လျက်ရှိသည်။

***www.kachinwomen.com***

ASIA JUSTICE AND RIGHTS

## အာရှတရားမျှတမှုနှင့် အခွင့်အရေးအဖွဲ့ (AJAR)

AJAR သည် ဂျကာတာအခြေစိုက် ဒေသဆိုင်ရာ လူ့အခွင့်အရေး အဖွဲ့အစည်း တစ်ခုဖြစ်သည်။ အာရှ ပစိဖိတ်ဒေသအတွင်း အစုလိုက်အပြုံလိုက် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ အခြေခံအကြောင်းအရင်းများမှ သင်ယူလိုစိတ်ရှိခြင်း၊ တရားမျှတမှု၊ တာဝန်ခံမှု စသည့် ယဉ်ကျေးမှုအား အခြေခံ၍ ဒေသခံနှင့် နိုင်ငံလုံးဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းရည်ကိုမြှင့်တင်ပြီး အမြစ်တွယ်နေသော ကျူးလွန်သူများအား အပြစ်ပေး အရေးယူမှု မရှိခြင်း အစဉ်အလာအား တိုက်ဖျက်ရန်အတွက် လုပ်ဆောင်လျက်ရှိသည်။

AJAR ၏ ရည်မှန်းချက်ပန်းတိုင်များမှာ ဒေသခံ လှုပ်ရှားသူများကို ၎င်းတို့၏ အခွင့်အရေးများ ဖြည့်ဆည်းပေးခြင်းနှင့် ကာကွယ်ခြင်း၊ အစုအပြုံလိုက် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများနှင့်ပတ်သက်သော အခြေခံအကြောင်းတရားများ အပါအဝင် အမှန်တရားရရှိမှုအား မြှင့်တင်ပေးခြင်း၊ ယင်းတို့၏ သက်ရောက်မှုနှင့် အကျိုးဆက်များ၊ ကျူးလွန်ခံရသူများအား စွမ်းရည်မြှင့်တင်ပေးခြင်းနှင့် ကူသမှုထောက်ပံ့ပေးခြင်း၊ လူအများ အပြန်အလှန် ဆက်သွယ်လေ့လာနိုင်ပြီး ဘေးကင်းလုံခြုံသော နေရာများ ဖန်တီးပေးခြင်းဖြင့် အပြုသဘောဆောင်သော ပြောင်းလဲမှုကို ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်ပါသည်။

***www.asia-ajar.org***

# မာတိကာ


၁

အနှစ်ချုပ်တင်ပြချက်

၅

၁.နိဒါန်း

၇

၂.သုတေသန ရည်မှန်းချက်များ

၈

၃. နည်းနာ

၁၁

၄. ဖြစ်ရပ်များအပေါ် ခြုံငုံ သုံးသပ်ချက်

၁၇

၅. အဓိက တွေ့ရှိချက်များ

၅၁

၆. လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများအတွက် မဟာဗျူဟာများ

၆၆

၇. အခြားသက်ဆိုင်ရာသူများထံသို့ အကြံပြုချက်များ

# မာတိကာအသေးစိတ်


## ၅. အဓိက တွေ့ရှိချက်များ ၁၇

### ၅.၁ အတားအဆီးများ ၁၇

၅-၁-၁။ မြန်မာ့အစိုးရစစ်တပ်၏ ဝင်ရောက်စွက်ဖက်မှုသည် တရားမျှတမှုအတွက် အဓိက အတားအဆီးအဖြစ် ရှိနေဆဲ ဖြစ်သည်။ ၁၇

၅-၁-၂။ ကျူးလွန်ခံရသူများသည် တရားမျှတမှုရှာဖွေမှုကြောင့် ဖြစ်လာနိုင်သော ဘေးအန္တရာယ်များကို များသောအားဖြင့် လက်ခံလိုစိတ် မရှိကြပေ။ ၂၂

၅-၁-၃။ ရဲများသည် ၎င်းတို့လုပ်ငန်းများကို ဥပဒေနှင့်အညီ လုပ်ဆောင်နေခြင်း မရှိပေ။ ၂၄

၅-၁-၄။ တရားသူကြီးများသည် ခြစားပြီး မြန်မာ့အစိုးရစစ်တပ်၏ ဩဇာလွှမ်းမိုးမှု အောက်တွင် ရှိနေသည်။ ၂၈

၅-၁-၅။ ရှေ့နေများနှင့် လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများသည် ဖြစ်ရပ်မှုခင်း များကို တရားမျှတမှုရရှိအောင် ပံ့ပိုးရန် အရင်းအမြစ် အနည်းငယ်သာရှိသည်။ ၃၁

၅-၁-၆။ မျက်မြင်သက်သေများနှင့် ခိုင်မာသော သက်သေအထောက်အထားများရရှိရန် ခက်ခဲသည်။ ၃၄

၅-၁-၇။ မတရား ထိန်းသိမ်းခြင်းနှင့် နိုင်ငံရေးဆိုင်ရာ တရားစွဲဆိုခြင်းခံရသူများအတွက် မျှတသော တရားစီရင်ခံပိုင်ခွင့် အခြေခံအခွင့်အရေးများနည်းပါးသည်။ ၃၆

၅-၁-၈။ အခြား တရားဝင်အာဏာပိုင်များထံ အယူခံဝင်ခြင်းသည် အောင်မြင်မှု မရှိပေ။ ၄၁

### ၅.၂ တရားမျှတမှုအတွက် အခွင့်အလမ်းများ ၄၃

၅-၂-၁။ စစ်သားများကို အရပ်ဘက် တရားရုံးများတွင် တရားစွဲဆိုခြင်းမှာ ဖြစ်နိုင်သည်။ ၄၄

၅-၂-၂။ စီရင်ချက်ချနိုင်ပြီးအောင်မြင်သော အမှုများသည် သက်ဆိုင်သူများ အားလုံး၏ ပါဝင်မှု လိုအပ်သည်။ ၄၆

၅-၂-၃။ လူထုအမြင်က အပြုသဘောဆောင်သော ရလဒ်ကို ရစေနိုင်သည်။ ၄၇

## ၆. လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများအတွက် မဟာဗျူဟာများ ၅၁

### ၆.၁ အဓိကကျသော ဥပဒေဆိုင်ရာ မဟာဗျူဟာများကို အသုံးပြုခြင်း ၅၁

### ၆.၂ တရားမျှတမှု လုပ်ငန်းစဉ် တလျှောက် ကျူးလွန်ခံရသူများကို ပံ့ပိုးရန် မိမိတို့၏ အရည်အသွေးကို မြှင့်တင်ခြင်း ၅၆

### ၆.၃ ဖြစ်ရပ်အသစ် ပေါ်ပေါက်လာသည့်အခါ မတူညီသည့်အဆင့်များဖြင့် လုပ်ဆောင်ခြင်း ၆၃

## ၇. အခြားသက်ဆိုင်သူများထံသို့ အကြံပြုချက်များ ၆၆

### ၇.၁ မြန်မာအစိုးရနှင့် အစိုးရစစ်တပ်သို့ ၆၆

### ၇.၂ နိုင်ငံတကာ အသိုင်းအဝိုင်းသို့ ၆၇

### ၇.၃ အလှူရှင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသို့ ၆၈

# အနှစ်ချုပ်တင်ပြချက်

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတကာ တရားရုံး၌ မြန်မာစစ်တပ်၏ တရားစီရင်ရေးစနစ်သည် ဖြစ်နိုင်ချေရှိသော ၎င်း၏ စစ်သားများ ကျူးလွန်သော စစ်ရာဇဝတ်မှုများကို တရားစွဲဆိုရန် ဆန္ဒရှိပြီး လုပ်နိုင်စွမ်းရှိသည်ဟု ပြောခဲ့သည်။ သို့သော်လည်း ဆယ်စုနှစ်များစွာ ဖြစ်ပွားခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ကျူးလွန်သူများသည် ပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်ခွင့်ရနေသည့် အခြေအနေများက ဤပြောဆိုချက်မှာ သူတော်ကောင်း ယောင်ဆောင်မှုသာ ဖြစ်ကြောင်းကို ပြသနေသည်။ ကျူးလွန်သူများအပေါ် တရားမျှတမှု ဖော်ဆောင်ရန် ပြည်တွင်း ယန္တယားများက အကောင်အထည်မဖော်နိုင်ခြင်းသည် နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) နှင့် နိုင်ငံတကာ တရားရုံး (ICJ) တို့တွင် မြန်မာစစ်တပ်က ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှု အချို့ကို စီရင်ဖြေရှင်းရန် လမ်းဖွင့်ပေးခဲ့သည်။

နိုင်ငံတကာ အဆင့်တွင် ထိုကြိုးပမ်းအားထုတ်မှုများအပြင် မြန်မာနိုင်ငံရှိ ပြည်သူ အားလုံး၏ အခွင့်အရေးများကို ကာကွယ်ရန် နိုင်ငံတော်၏ အစိတ်အပိုင်းများအဖြစ် မြန်မာအစိုးရနှင့် အစိုးရစစ်တပ်တို့အား ၎င်းတို့၏ တာဝန်များ ကျေပွန်ကြစေရန် ဖိအားပေးမှုကို ဆက်လက်ထိန်းသိမ်းထားရန်မှာ အရေးကြီးလှပေသည်။ ထိုတာဝန်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေး၊ အရေးယူပြီး အပြစ်ပေးရန် တာဝန်များ ပါဝင်ပါသည်။ မိမိတို့၏ သုတေသနသည် တရားမျှတမှုအတွက် အခွင့်အလမ်းများ တိုးတက်လာစေရန် လူထုအခြေပြု အရပ်ဘက် အဖွဲ့ အစည်းများအနေဖြင့် ပါဝင်နိုင်သည့် အခန်းကဏ္ဍကို အဓိက အသားပေးထားသည်။ ဤသုံးသပ်ချက်တွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတို့၌ ၂၀၁၁ ခုနှစ်မှ ၂၀၁၉  ခုနှစ်အတွင်း မြန်မာ့လုံခြုံရေးတပ်ဖွဲ့များ အထူးသဖြင့် စစ်တပ်က ကျူးလွန်ခဲ့သော အရပ်သား ၅၁ ဦးအပေါ် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်များကို အသားပေးထားသည်။



ဤအစီရင်ခံစာသည် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအား တရားမျှတမှု ရရှိရန်အတွက် ကူညီရန် မဟာဗျူဟာကို ရှာဖွေနေကြသည့် မြန်မာနိုင်ငံရှိ ဒေသခံ လူထုအခြေပြု အရပ်ဘက် အဖွဲ့အစည်းများအတွက် ဖြစ်သည်။ မိမိတို့ သုတေသနသည် ကျူးလွန်သူများကို တရားမျှတမှုသို့ ခေါ်ဆောင်ရန် ကြိုးပမ်းနေသည့် လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများ တွေ့ကြုံနေရသည့် စိုးရိမ်ဖွယ်ကောင်းလောက်သော စိန်ခေါ်မှုများနှင့် အတားအဆီးများအပေါ် အသေးစိတ် နားလည်မှုကို ရစေသည်။ ၎င်းသည် နှိုင်းယှဉ်မှုအရ လက်တစ်ဆုပ်စာ "အောင်မြင်သော" ဖြစ်ရပ်များကို အခြေခံ၍ ဖြစ်နိုင်ချေ အခွင့်အလမ်းများအတွက် နေရာငယ်တစ်ခုကိုလည်း ပေးထားသည်။

တရားမျှတမှုရရှိရေး ကြိုးပမ်းရာတွင် ခက်ခဲရခြင်းနှင့် ကျူးလွန်ခံရသူများသည် တရားမျှတမှု ရှာဖွေရာတွင် ကြုံတွေ့လာနိုင်သည့် ဘေးအန္တရာယ်ကို အဘယ်ကြောင့် မခံယူလိုရသည့် အဓိက အတားအဆီးမှာ အစိုးရစစ်တပ်၏ ဝင်ရောက်စွက်ဖက်မှုပင် ဆက်လက်ဖြစ်နေသေး သည်။ ဖြစ်ရပ်များသည် ရဲတပ်ဖွဲ့များက ဥပဒေနှင့်အညီ ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း မရှိကြောင်းနှင့် တရားသူကြီးများသည် မည်သို့ ခြစားပြီး စစ်တပ်၏ ဩဇာ သက်ရောက်မှုအောက်တွင် ရှိနေကြောင်းကို ပြသနေသည်။ အခြား အတားအဆီးများတွင် ရှေ့နေများနှင့် လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများတွင် ထိုအမှုဖြစ်ရပ်များအတွက် အရင်းအမြစ်နှင့် ပံ့ပိုးမှု အားနည်းရုံသာမက မျက်မြင်သက်သေများနှင့် ခိုင်မာသော သက်သေ အထောက်အထားများရရှိရန် ခက်ခဲမှုများ ပါဝင်သည်။ ဥပဒေနှင့် မညီပဲ ထိန်းသိမ်းခံရသူများ နှင့် နိုင်ငံရေးဆိုင်ရာ တရားစွဲဆိုခြင်း ခံရသူများအတွက် အခြေခံ တရားစီရင်ခြင်းဆိုင်ရာ အခွင့် အရေးများ နည်းပါးနေပြီး တရားဝင် အခြား အာဏာပိုင်များသို့ အယူခံဝင်ခြင်းများသည်လည်း အစဉ်အမြဲအောင်မြင်မှု မရရှိကြောင်း မိမိတို့၏ သုတေသနက ပြသနေသည်။

သို့ရာတွင် စစ်သားများကို တရားစွဲဆိုပြီး တစ်ခါတစ်ရံတွင် စစ်ဘက်ဆိုင်ရာနှင့်/သို့မဟုတ် အရပ်ဘက် တရားရုံးများတွင် ပြစ်မှုမြောက်ကြောင်း စီရင်ချက်ချမှတ်နိုင်သည့် "အောင်မြင်သော" အမှုအချို့လည်း ရှိခဲ့သည်။ မိမိတို့ အစီရင်ခံစာ၏ အမှုဖြစ်ရပ်များထဲမှ ငါးမှုတွင် ပြစ်မှု ကျူးလွန် ကြောင်း စီရင်ချက်ချမှတ်ခဲ့သည်။ ယင်းတို့အနက်မှ လေးမှုမှာ အရပ်ဘက် တရားရုံးများတွင် ဖြစ်ပြီး စစ်သားများကို အရပ်ဘက် တရားရုံးတွင် တရားစွဲဆိုရန် ဖြစ်နိုင်ချေရှိခြင်းကို ပြသနေ သည်။ ယင်း "အောင်မြင်မှုများ" ကို ဖြစ်စေခဲ့သည့် အကြောင်းရင်းများအပေါ် သုံးသပ်လေ့လာမှု အရ အောင်မြင်သော ဖြစ်ရပ်များတွင် သက်ဆိုင်သူ အားလုံး၏ ပါဝင်မှု၊ လူထုအမြင်သည် ပိုမို အပြုသဘောဆောင်သော ရလဒ်ကို ဖြစ်ပေါ်စေပြီး ဒေသခံ အုပ်စုများအား အသိပညာပေးခြင်း နှင့် သင်တန်းပေးခြင်းတို့က အထောက်အကူ ဖြစ်စေကြောင်း မိမိတို့ လေ့လာသုံးသပ်ချက်များ အရသိရှိခဲ့သည်။

အဆိုပါ တွေ့ရှိချက်များသည် လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒေသခံခေါင်းဆောင် များအား တရားမျှတမှု ရှာဖွေနေသည့် ကျူးလွန်ခံရသူများအတွက် ပိုမိုကောင်းမွန်သော ပံ့ပိုးမှု ပေးနိုင်ရန် အတွေ့အကြုံရစေသည်။ မိမိတို့သည် လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများ အနေဖြင့် တရားစီရင်ရေး လုပ်ငန်းစဉ်မှ တဆင့် ကျူးလွန်ခံရသူများကို ပံ့ပိုးရန်အတွက် ၎င်းတို့၏

အရည်အသွေးကို အားဖြည့်ရန် လက်ရှိ (အလွန် စိန်ခေါ်မှုရှိသော) အခြေအနေတွင် ယနေ့ လုပ်ဆောင်နိုင်သော ရှင်းလင်းပြီး လက်တွေ့ကျသည့် ခြေလှမ်းများကို ကြိုးပမ်း ဖော်ထုတ်ထားသည်။ ယင်းတွင် ဝန်ထမ်းများနှင့် အဖွဲ့ဝင်များ၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို တည်ဆောက်ခြင်း၊ လူထုအကြားတွင် ဥပဒေဆိုင်ရာ သိနားလည်မှုကို မြှင့်တင်ခြင်း၊ ရှေ့နေများနှင့် လက်တွဲဖော်များဖြစ်ရန် ဖန်တီးခြင်းနှင့် အခြား လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများနှင့် မဟာမိတ်ဖွဲ့စည်းခြင်းသာမက ဤကဲ့သို့သော လုပ်ငန်းများအတွက် စည်းရုံးလှုံ့ဆော်မှုနှင့် ငွေကြေး ရှာဖွေမှု မဟာဗျူဟာများ ရေးဆွဲခြင်းတို့ ပါဝင်သည်။ အဓိကကျသော အကြံပြုချက်မှာ ၎င်းတို့၏ လုပ်ရည်ကိုင်ရည်နှင့် တရားမျှတမှုကို ရရှိရန် ကျူးလွန်ခံရသူများအား ပံ့ပိုးရာတွင် ထိရောက်မှုကို မြှင့်တင်လိုသော လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများသည် လူထုအခြေပြု ဥပဒေအထောက်အကူပြု အစီအစဉ်များကို တည်ဆောက်ရန် စဉ်းစားသင့်သည်။

စွမ်းရည်မြှင့်တင်ခြင်းများအပြင် အမှုဖြစ်ရပ်အသစ် ပေါ်ပေါက်လာပါက လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများ အနေဖြင့် အခိုင်အမာ လုပ်ဆောင်နိုင်သည့် အရာများ အထူးသဖြင့် "ထိခိုက်မှု မရှိအောင် လုပ်ပါ" (Do no Harm) နှင့် ကျူးလွန်ခံရသူကို ဥပဒေနှင့် အလုံးစုံသော ပံ့ပိုးမှု မည်သို့ပေးနိုင်သည်ကိုလည်း မိမိတို့လေ့လာခဲ့သည်။ ယင်းတွင် နစ်သိမ့်ဆွေးနွေးခြင်း၊ လူမှုစိတ်ပညာ ပံ့ပိုးမှု၊ ကျန်းမာရေး စောင့်ရှောက်မှု ရနိုင်ခွင့်နှင့် ခိုလှုံရန် နေရာတို့ ပါဝင်ပြီး ကျူးလွန်ခံရသူကို တရားမျှတမှု ရှာဖွေမှုနှင့် ပတ်သက်သည့် အသိပညာပေး ဆုံးဖြတ်ချက်ချနိုင်အောင် ကူညီပေးခြင်းတို့ ပါဝင်သည်။ ကျူးလွန်ခံရသူက အမှုဖြစ်ရပ်ကို ထုတ်ဖော်လိုပါက လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် မှတ်တမ်းတင်ခြင်း၊ သက်သေအထောက်အထား စုဆောင်းခြင်းနှင့် ရဲထံ သတင်းပို့ခြင်းများ ကူညီပေးနိုင်သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကိစ္စများတွင် ကျူးလွန်ခံရသူအနေဖြင့် ကျန်းမာရေး စစ်ဆေးမှု အမိန့်ရရှိရန် အရေးကြီးသည်။ လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများသည် ရှေ့နေနှင့် ဆက်သွယ်ခြင်းနှင့်ဖြစ်နိုင်ပါက ၎င်းတို့အတွက် ရှေ့နေခ နှင့် ကုန်ကျစားရိတ်များကို ကူညီပေးနိုင်သည်။ နောက်ဆုံးတွင် အမှုကို တရားရုံးတွင် ကြားနာသည့် အခွင့်အလမ်း ရရှိစေရန် အရေးပါသော ကဏ္ဍမှ ပါဝင်လုပ်ဆောင်နိုင်သည်မှာ စည်းရုံးလှုံ့ဆော်ခြင်းနှင့် လူထုထောက်ခံမှုရရှိအောင် ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။

ကျူးလွန်ခံရသူနှင့် တိုက်ရိုက် အဆက်အသွယ်ရှိသော လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများသည် ကျူးလွန်ခံရသူ၏ ရှေ့နေ (များ) နှင့်လည်း အနီးကပ်ဆက်သွယ်ပြီး ရှေ့နေ (များ) က ၎င်းတို့၏ အမှုသည်အတွက် ဖြစ်နိုင်ချေရှိသည့် အကောင်းဆုံး ဥပဒေဆိုင်ရာ အကြံဉာဏ်ပေးနိုင်စေရန် ဥပဒေဆိုင်ရာ ဖြစ်နိုင်ချေ မဟာဗျူဟာ စဉ်းစားချက်များ ပေးလိုမည်ဖြစ်သည်။ ဥပမာအားဖြင့် အမှုများသည် ရဲစစ်ဆေးမှု အဆင့်တွင် မကြာခဏ ပိတ်ပင်ထားခံရတတ်ရာ တရားရုံးတွင် အမှုဖွင့်ရန် တွန်းအားပေးနိုင်သည့် မဟာဗျူဟာများ ရှိသည်။ အလားတူပင် မှားယွင်းစွာ စွပ်စွဲခံရသူနှင့် တရားစွဲခံရသူများကို ကူညီသည့်အခါ ရှေ့နေရရှိရန်၊ အပြစ်မရှိကြောင်း စဉ်းစားချက်ရှိရန်၊ မျှတသော တရားစီရင်မှုကို ရရှိခွင့်နှင့် နှိပ်စက်ညှဉ်းပမ်းခံရခြင်းမှ ကာကွယ်ခြင်းတို့နှင့်ဆိုင်သော မဟာဗျူဟာများ အပါအဝင် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်ရန်အတွက် အသုံးပြုရန်လိုအပ်သော မဟာဗျူဟာများ ရှိသည်။

မိမိတို့၏ တွေ့ရှိချက်များအပေါ် အခြေခံလျက် မိမိတို့သည် အခြား သက်ဆိုင်သူများအတွက် အကြံပြုချက်များကိုလည်း ပြုလုပ်ထားသည်။ မြန်မာအစိုးရစစ်တပ်က အရပ်ဘက်လူမှုအဖွဲ့အစည်းများအပေါ် အာဏာနှင့် ဩဇာလွှမ်းမိုးမှု ရရှိထားရာတွင် ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ရပ်တန့်ရန်နှင့် တာဝန်ခံမှုနှင့် ဥပဒေစိုးမိုးမှုကို အာမခံချက်ရှိသော (အစိုးရစစ်တပ်နှင့် ရဲတပ်ဖွဲ့များကို အရပ်သား ထိန်းချုပ်မှုအောက်တွင် ထားရှိရန်နှင့် တရားစီရင်ရေးစနစ်၏ လွတ်လပ်မှုကို အာမခံခြင်းအပါအဝင်) လိုအပ်သည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရန် မိမိတို့သည် နိုင်ငံတော်အစိုးရနှင့် တပ်မတော် နှစ်ရပ်စလုံးအား တောင်းဆိုသည်။ မိမိတို့သည် တရားစီရင်ရေး အလေ့အထများတွင် မရှိမဖြစ်လိုအပ်သော ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုများနှင့် ပြင်ဆင်မှုများအပေါ်တွင်လည်း အသေးစိတ် အကြံပြုချက်များ ပြုလုပ်ထားသည်။ ဥပမာ - လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ လွတ်လပ်စွာ သင်းပင်း ဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်တို့ကို ကန့်သတ်ထားသော ဥပဒေများအားလုံးကို ဖျက်သိမ်းခြင်း သို့မဟုတ် ပြင်ဆင်ခြင်းနှင့် ကာကွယ်ခုခံပိုင်ခွင့်နှင့် မျှတစွာ တရားစီရင်ခံပိုင်ခွင့်တို့ကို အာမခံမှု ရှိစေရန်။ နောက်ဆုံးတွင် အစိုးရကို တိုင်းရင်းသား လူထုများအား ဥပဒေဆိုင်ရာ စွမ်းရည်မြှင့်တင်မှုအတွက် ပံ့ပိုးရန်နှင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှု ရရှိစေရန် ကူညီဆောင်ရွက်ပေးရန် တောင်းဆိုထားသည်။

နိုင်ငံတကာ အသိုင်းအဝိုင်းကိုလည်း ဖယ်ဒရယ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်မှတဆင့် အစိုးရစစ်တပ်ကို အရပ်သား ထိန်းချုပ်မှုအောက်တွင် အပြည့်အဝထားရှိရန်နှင့် စစ်မှန်သော ငြိမ်းချမ်းရေး ရရှိသည်အထိ အပါအဝင် တာဝန်ခံမှုနှင့် ဥပဒေစိုးမိုးမှုကို အာမခံနိုင်ရန် မရှိမဖြစ်လိုအပ်သော နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်သည်အထိ မြန်မာအစိုးရနှင့် အစိုးရစစ်တပ်အား ပံ့ပိုးမှုများကို ရပ်တန့်ရန် မိမိတို့ တောင်းဆိုသည်။

နောက်ဆုံးတွင် မိမိတို့သည် အလှူရှင်များ၊ နိုင်ငံတကာ အေဂျင်စီများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအား မြန်မာနိုင်ငံတွင် တရားမျှတမှု ရရှိရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးမှုများပေးအပ်ရာတွင် အထူးသဖြင့် အကြီးမား အဆိုးရွားဆုံး လူ့အခွင့်အရေး ချိုးဖောက်မှုကြီးများကို ချိုးဖောက်ကျူးလွန်ခံရသူများအား အကူအညီပေးသည့် နိုင်ငံရေးအရ ထိရှလွယ်သော အလုပ်များကို လုပ်ဆောင်နေသော ဒေသခံ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများကို ရောက်ရှိစေရန်လည်း တောင်းဆိုသည်။ အလှူရှင်များအနေဖြင့် ဥပဒေစိုးမိုးရေးနှင့် မြန်မာနိုင်ငံတွင် တရားမျှတမှုကို ရရှိစေရန် ထောက်ပံ့မှုအများအပြား ရရှိထားသည့် အစီအစဉ်ကြီးများ အကောင်အထည်ဖော်နေသည့် လက်ရှိ ငွေကြေးထောက်ပံ့မှု ရရှိသူများအား ထိုအုပ်စုများကို လက်လှမ်းမီရန်နှင့် ၎င်းတို့၏ ဝန်ဆောင်မှုများကို ပေးရန် တိုက်တွန်းပေးသင့်သည်။ အလှူရှင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ပံ့ပိုးမှုများတွင် အရည်အသွေးမြှင့်တင်ခြင်းနှင့် အထွေထွေ၊ ပြုပြင်ပြောင်းလဲလွယ်ပြီး ရေရှည်ဖြစ်သော တိုက်ရိုက် ငွေကြေးထောက်ပံ့မှုများ ပါဝင်သင့်သည်။ ထို့အပြင် အလှူရှင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် တိုင်းရင်းသား ဒေသများရှိ ဥပဒေ အထောက်အကူပြု လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများ၏ အကောင်အထည်ဖော်မှုများကို ပံ့ပိုးပေးသင့်သည်။



# ၁။ နိဒါန်း

ဤအစီရင်ခံစာသည် တရားမျှတမှုရှာဖွေရန် ကြိုးပမ်းနေသည့် လူ့အခွင့်အရေး ချိုးဖောက်ကျူးလွန်ခံရသူများအား ကူညီပံ့ပိုးရန်အတွက် မဟာဗျူဟာများကို ရှာဖွေနေသည့် မြန်မာနိုင်ငံရှိ ဒေသခံ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများအတွက် ဖြစ်သည်။

၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် နိုင်ငံတကာ တရားရုံး၌ ဒေါ်အောင်ဆန်းစုကြည်က မြန်မာအစိုးရစစ်တပ်၏ တရားစီရင်ရေး စနစ်သည် ၎င်း၏ တပ်သားများ ကျူးလွန်သည်ဟု ယူဆရသော စစ်ရာဇဝတ်မှု ဖြစ်နိုင်ချေများကို တရားစွဲဆိုရန် ဆန္ဒရှိပြီး လုပ်နိုင်စွမ်းရှိသည်ဟု ပြောခဲ့သည်။ ဆယ်စုနှစ်များစွာ ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ကျူးလွန်သူများသည် ပြစ်ဒဏ်ပေးခြင်းမှ ကင်းလွတ်ခွင့်ရနေသည့် အခြေအနေများ သာမက တိုင်းရင်းသားနယ်မြေများနှင့် အခြားသော ဒေသများတွင် အရပ်သားများအပေါ် ဆက်လက် လုပ်ဆောင်နေသော လက်ရှိ ချိုးဖောက်မှုများအပေါ် အရေးယူရန် ပျက်ကွက်မှုများသည် ဤပြောဆိုချက်၏ သူတော်ကောင်းယောင်ဆောင်မှုကို ပြသနေသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ကာလရှည်ကြာစွာ တာဝန်ခံမှု နည်းပါးခြင်းကို ပြည်တွင်းနှင့် နိုင်ငံတကာ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများကသာမက မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်နှင့် ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပေါ် အထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ်တို့ ကဲ့သို့ ကုလသမဂ္ဂ

အဖွဲ့အစည်း အမျိုးမျိုးက အချိန်ကာလကြာအောင် ကျယ်ကျယ်ပြန့်ပြန့် မှတ်တမ်းပြုစုထားသည်။ ကျူးလွန်သူများကို တရားမျှတမှု ဖော်ဆောင်ရန် ပြည်တွင်းယန္တယားများက အကောင်အထည် မဖော်နိုင်ခြင်းသည် နိုင်ငံတကာ ရာဇဝတ်တရားရုံး (ICC) နှင့် နိုင်ငံတကာတရားရုံး (ICJ) တို့တွင် မြန်မာစစ်တပ်က ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှု အချို့ကို ၎င်းတို့၏ လုပ်ပိုင်ခွင့်သတ်မှတ်ချက်နှင့် စီရင်ပိုင်ခွင့် ကန့်သတ်ချက်များ အတွင်းတွင် ဖြေရှင်းရန် လမ်းဖွင့်ပေးခဲ့သည်။ မြန်မာနိုင်ငံ ဒေသအားလုံးတွင် ကျူးလွန်သော ရာဇဝတ်မှုများကို နိုင်ငံတကာ တရားစီရင်ရေး ယန္တယားဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်မှုအတွက် အာမခံချက်ရှိစေရန် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ဖိအားများ ပိုမိုလိုအပ်သည်။

နိုင်ငံတကာ အဆင့်တွင် တာဝန်ခံမှု ပုံစံတစ်စုံတရာ ရရှိရန် အဆိုပါ ကြိုးပမ်းမှုများ အပြင် မြန်မာအစိုးရနှင့် အစိုးရစစ်တပ်တို့ အပေါ်တွင် နိုင်ငံတော်၏ အစိတ်အပိုင်းများအဖြစ် ၎င်းတို့၏ တာဝန်ဖြစ်သည့် မြန်မာနိုင်ငံရှိ ပြည်သူအားလုံး၏ အခွင့်အရေးများကို ကာကွယ်ပေးရန် အတွက်လည်း ဖိအားကို ဆက်လက်ထိန်းသိမ်းထားရန် အရေးကြီးလှပေသည်။ ထိုတာဝန်တွင် မြန်မာနိုင်ငံ၏ ဥပဒေများနှင့် အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲရန် လိုအပ်မည်ဖြစ်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေး၊ တရားစီရင်ပြီး ပြစ်ဒဏ်ပေးရန် ပါဝင်သည်။

မြန်မာနိုင်ငံတွင် တရားစီရင်ရေး စနစ်ကို တိုးတက်စေရန်နှင့် ဥပဒေစိုးမိုးရေး တိုးမြင့်လာစေရန် ပြည်တွင်းနှင့် နိုင်ငံတကာမှ လှုပ်ရှားဆောင်ရွက်သူ အများအပြားမှာ ကြိုးပမ်းဆောင်ရွက်လျက် ရှိနေခဲ့ပြီဖြစ်သည်။ အစိုးရ အတွက်နှင့် တရားရေး ကဏ္ဍမှ ပုဂ္ဂိုလ်များအတွက် အကြံပြုချက် များကို ဖြစ်ပေါ်စေခဲ့သည့် သုတေသနများနှင့် စာအုပ်စာတမ်း အမျိုးမျိုးတို့ကိုလည်း ထုတ်ပြန် ခဲ့ပြီးဖြစ်သည်။ မိမိတို့၏ သုတေသနသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် မှတ်တမ်းတင်ထားသော အမှုဖြစ်ရပ်များအပေါ် အခြေခံလျက် တရားမျှတမှုအတွက် အခွင့် အလမ်းများ တိုးတက်လာစေရန်အတွက် ဒေသခံ လူထု အခြေပြုအရပ်ဘက် အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အသားပေးထားသည်။

သုတေသန ရည်မှန်းချက်များနှင့် နည်းနာများသာမက ဤအစီရင်ခံစာတွင် ထည့်သွင်းထား သော ဖြစ်ရပ်များ၏ အကျဉ်းချုပ်များကို အခန်း (၂) မှ (၄) အထိ ထည့်သွင်းဖော်ပြထားသည်။ အခန်း (၅) တွင် မိမိတို့သည် ဒေသခံ လူထုအခြေပြုအရပ်ဘက်အဖွဲ့ လှုပ်ရှားသူများ၏ လက် တွေ့အမြင်များမှ အစိုးရစစ်တပ်နှင့် ရဲတပ်ဖွဲ့များက ကျူးလွန်သော ရာဇဝတ်မှုများအတွက် တရားမျှတမှု ရှာဖွေရာတွင် ကြုံတွေ့နိုင်သော အတားအဆီးအခက်အခဲများနှင့် မည်သည့် အကြောင်းရင်းများက တရားမျှတမှုအတွက် ပိုမိုများပြားသော အခွင့်အလမ်းများကို ရရှိစေနိုင် သည် တို့ကို ဖော်ထုတ်ထားသည်။ အရေးကြီးသည်မှာ အခန်း (၆) သည် ကျူးလွန်ခံရသူများ အတွက် တရားမျှတမှု အခွင့်အရေးများ တိုးမြင့်လာစေရန် လူထုအခြေပြု အရပ်ဘက်အဖွဲ့ အစည်းများအတွက် မဟာဗျူဟာများကို ဖော်ထုတ်ထားပြီး နောက်ဆုံးအခန်းတွင် အခြား သက်ဆိုင်သူများအတွက် အကြံပြုချက်များကို ဖော်ပြထားသည်။

# ၂။ သုတေသန ရည်မှန်းချက်များ

ဤအစီရင်ခံစာသည် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအား တရားမျှတမှု ရရှိရန်အတွက် ကူညီရန် မဟာဗျူဟာကို ရှာဖွေနေကြသည့် မြန်မာနိုင်ငံရှိ ဒေသခံ လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများအတွက် ဖြစ်သည်။

မိမိတို့၏ သုတေသနသည် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်များ အကြား ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြန်မာလုံခြုံရေးတပ်ဖွဲ့များ အထူးသဖြင့် အစိုးရစစ်တပ်က အရပ်သားများ အပေါ် ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်ရပ်များအပေါ် အခြေခံထားသည်။ အထူးသဖြင့် မိမိတို့ အလုပ်သည် ကျူးလွန်ခံရသူများက တရားဝင် တရားစီရင်ရေးစနစ် သို့မဟုတ် အခြားတရားဝင် ယန္တယားများမှတဆင့် အမှန်တရားကို ရှာဖွေရန် ကြိုးပမ်းသော ဖြစ်ရပ်များနှင့် ကျူးလွန်ခံရသူများကို ဥပဒေမဲ့ အရေးယူသည့် ဖြစ်ရပ် နှစ်ရပ်စလုံးကို အသားပေးထားသည်။ သုတေသန၏ ရည်ရွယ်ချက်မှာ ကျူးလွန်ခံရသူများ၊ လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများနှင့် တရားမျှတမှုကို ရှာဖွေရန် ကြိုးပမ်းသည့် ရှေ့နေများ ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲအတားအဆီးများသာမက ပိုမို အပြုသဘောဆောင်သော ရလဒ်များ ရရှိနိုင်စေသည့် ဖြစ်နိုင်ချေရှိသော အကြောင်းရင်းများကို လူထုအခြေပြုအရပ်ဘက်အဖွဲ့ လုပ်ရှားသူများ၏ အမြင်မှ ဖော်ထုတ် သုံးသပ်ရန်ဖြစ်သည်။

မိမိတို့၏ ရည်မှန်းချက်မှာ တရားမျှတမှု ရှာဖွေရာတွင် ဒေသခံ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများနှင့် ဒေသခံ ခေါင်းဆောင်များအတွက် ကျူးလွန်ခံရသူများကို မည်သို့ ပိုမိုကောင်းမွန်စွာ ပံ့ပိုးနိုင်ရန်အပေါ် မဟာဗျူဟာများကို အကြံပြုနိုင်ရန် ဖြစ်သည်။ မိမိတို့သည် လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် လက်ရှိ (အလွန်စိန်ခေါ်မှုရှိသော) အခြေအနေတွင် ယနေ့လုပ်ဆောင်နိုင်သော လက်တွေ့ကျသော လုပ်ဆောင်မှုများကို ကြိုးပမ်းဖော်ထုတ်ထားသည်။ မိမိတို့ သုတေသနသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်များအပေါ် အသားပေးထားသော်လည်း တွေ့ရှိချက် အများစုနှင့် အကြံပြုချက်များသည် မြန်မာနိုင်ငံတစ်နိုင်ငံလုံး အတိုင်းအတာတွင်လည်း အသုံးပြုနိုင်လိမ့်မည်ဟု ယုံကြည်သည်။

မိမိတို့၏ ရည်ရွယ်ချက်မှာ တရားစီရင်ရေး စနစ်နှင့် ဥပဒေမူဘောင်တို့၏ ပြည့်စုံသော နည်းပညာဆိုင်ရာ ဥပဒေသုံးသပ်ချက် လုပ်ဆောင်ရန် မဟုတ်သော်လည်း ဒေသခံ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများအတွက် ခိုင်မာစွာ အသုံးပြုနိုင်မည့် အချက်အလက်များအပေါ် အသားပေးထားခြင်းဖြစ်ကြောင်း သတိပြုစေလိုသည်။ ထိုသို့သော နည်းပညာဆိုင်ရာ ဥပဒေသုံးသပ်ချက်များကို မြန်မာနိုင်ငံတွင် တရားမျှတမှုနှင့် ဥပဒေစိုးမိုးမှု ရရှိခြင်းအပေါ် ထုတ်ပြန်ထားသည့် အခြားအစီရင်ခံစာ အများအပြားတွင် တွေ့နိုင်သည်။ (အခြားအရာများအထဲတွင် အောက်ပါ အခန်း (၃) ကို ကိုးကားထားသော အစီရင်ခံစာများ ပါဝင်သည်။)

မိမိတို့သည် ဒေသခံ လူထု အခြေပြု အရပ်ဘက်အဖွဲ့အစည်းများအတွက် မဟာဗျူဟာများကို ဖော်ထုတ်ရန် ကြိုးပမ်းနေစဉ်မှာပင် တရားမျှတမှုကို ရှာဖွေရာတွင် ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ မိသားစုများ ရင်ဆိုင်ရသော အလွန်အကျွံ ခက်ခဲမှုများနှင့်ပတ်သက်သည့် အသိပညာဗဟုသုတကို ဆက်လက်မြှင့်တင်သွားနိုင်သည့် အခွင့်အလမ်းကိုလည်း အသုံးပြုနေခြင်းဖြစ်ပြီး မြန်မာအစိုးရနှင့် အစိုးရစစ်တပ်၊ နိုင်ငံတကာ အသိုင်းအဝိုင်း သာမက နိုင်ငံတကာ အဖွဲ့အစည်းများ ပါဝင်သော အခြားသော သက်ဆိုင်သူများအတွက် အထွေထွေ အကြံပြုချက်များကိုလည်း လုပ်ဆောင်သွားရန်ဖြစ်သည်။

# ၃။ နည်းနာ

မိမိတို့၏ သုတေသနသည် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်များ အကြား ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် မြန်မာလုံခြုံရေးတပ်ဖွဲ့များ အထူးသဖြင့် အစိုးရစစ်တပ်က အရပ်သားများအပေါ် ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်ရပ်များအပေါ် အခြေခံထားသည်။ အထူးသဖြင့် မိမိတို့ အလုပ်သည် ကျူးလွန်ခံရသူများက တရားဝင် တရားစီရင်ရေးစနစ် သို့မဟုတ် အခြား တရားဝင် ယန္တယားများမှ တဆင့် တရားမျှတမှုကို ရှာဖွေရန် ကြိုးပမ်းသော ဖြစ်ရပ်များနှင့် ကျူးလွန်ခံရသူများကို ဥပဒေမဲ့ အရေးယူသည့် ဖြစ်ရပ်နှစ်ရပ်စလုံးကို အသားပေးထားသည်။

ဤသုတေသနသည် ဖြစ်ရပ် အသစ်များကို မှတ်တမ်းတင်ထားခြင်းမဟုတ်ပဲ မိမိတို့ KWAT အနေဖြင့် လွန်ခဲ့သော နှစ်များအတွင်း မှတ်တမ်းတင်ထားခဲ့ပြီးဖြစ်သော ဖြစ်ရပ်များမှ ကျူးလွန်ခံရသူက တရားမျှတမှုကို ရှာဖွေရန် ကြိုးပမ်းခဲ့သော သို့မဟုတ် တရားဝင် တရားစီရင်ရေး စနစ်မှ တဆင့် တရားဥပဒေမဲ့ တရားစီရင်ခံရသည့် ဖြစ်ရပ်များကို သုံးသပ်ထားခြင်းဖြစ်သည်ကို သိထားစေလိုသည်။ သို့ဖြစ်ရာ KWAT က မှတ်တမ်းတင်ထားသော လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်ရပ်များအားလုံး၏ အသေးစိတ် သုံးသပ်ချက် မဟုတ်သလို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အစိုးရစစ်တပ်က ကျူးလွန်ခဲ့သော အမှုဖြစ်ရပ် အားလုံးလည်း မဟုတ်ပေ။ သို့ဖြစ်ရာ မိမိတို့၏ ကိန်းဂဏန်းဆိုင်ရာ တွေ့ရှိချက်များသည် ဖြစ်ရပ်အရေအတွက် မည်မျှသည်ရဲကို တိုင်ကြားသည် သို့မဟုတ် တရားစီရင်ရေးစနစ်က တဆင့်သွားသည် ဆိုသည့် လက်တွေ့အခြေအနေကို ကိုယ်စားပြုခြင်း မရှိပါ။ ဤအစီရင်ခံစာသည် ထိုဒေသများတွင် တရားမျှတမှုကို မည်မျှရရှိသည်ဆိုသည်ကို အရေအတွက်အရ လေ့လာရန် မဟုတ်ပဲ အရည်အသွေးအရသာလျှင် လက်တွေ့အခြေအနေကို နားလည်စေရန် သီးခြားဖြစ်ရပ်များကို နက်နက်ရှိုင်းရှိုင်း သုံးသပ်ခြင်းသာဖြစ်သည်။

## သုတေသန နည်းလမ်းများတွင် အောက်ပါတို့ ပါဝင်သည်။

၁။ လူပုဂ္ဂိုလ် တစ်ဦးချင်း၏ ဖြစ်ရပ်များအကြောင်း အချက်အလက် ကောက်ယူခြင်း (စံချိန်မီ မေးခွန်းလွှာများကို အသုံးပြုလျက် KWAT မှ ကျူးလွန်ခံရသူများ၊ ၎င်းတို့၏ ဆွေမျိုးများနှင့်/ သို့မဟုတ် ၎င်းတို့ကို ကူညီပေးသော သူများကို မေးမြန်းသည်။ နှစ်များစွာအတွင်း ယင်း ဖြစ်ရပ်များကို KWAT က မှတ်တမ်းရယူထားခဲ့ပြီး ဖြစ်သည်။ ထပ်တိုး အချက်အလက်များမှာ တရားစီရင်ရေးစနစ်ကို ရရှိနိုင်မှုနှင့် သက်ဆိုင်သော အချက်အလက်များအပေါ် အသား ပေးထားသည်။)

၂။ အမှုဖြစ်ရပ်များတွင် ပါဝင်သော ရှေ့နေများ၊ ဒေသခံ ခေါင်းဆောင်များနှင့် မေးမြန်းချက်များ (ဥပမာ - ဘာသာရေး ခေါင်းဆောင်များ၊ စစ်ဘေးရှောင်ကမ့်ခေါင်းဆောင်များ၊ ရွာလူကြီး များနှင့် ဒေသခံ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်များ)

၃။ မြန်မာနိုင်ငံရှိ ဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ရရှိခြင်းအပေါ် တည်ရှိဆဲ စာရွက်စာတမ်း အချို့နှင့် အခြားသက်ဆိုင်ရာ အစီရင်ခံစာများကို ပြန်လည်သုံးသပ်ခြင်း[1]

၄။ ဤကိစ္စရပ်ပေါ်တွင် မိမိတို့၏ ယခင်အစီရင်ခံစာများမှ တွေ့ရှိချက်များကို ပြန်လည်သုံးသပ်ခြင်း[2]

၅။ အမှုဖြစ်ရပ်များကို စောင့်ကြည့်လေ့လာနေခဲ့သော သက်ဆိုင်ရာ KWAT ဝန်ထမ်း၊ တရားလွှတ်တော် ရှေ့နေနှင့် AJAR တို့နှင့် အုပ်စုဖွဲ့ ဆွေးနွေးချက်များ။

နည်းနာပိုင်း အကန့်အသတ်များတွင် မိမိတို့ အလုပ်လုပ်နေသော ဖြစ်ရပ် နမူနာအရေအတွက် (၈ နှစ်တာကာလတွင် ကျူးလွန်ခံရသူ ၅၁ ဦး) သည် နှိုင်းယှဉ်မှုအရ နည်းပါးပြီး အချို့သော ဖြစ်ရပ်များတွင် တိကျသော အချက်အလက် ရရှိနိုင်ရန် ခက်ခဲမှုများ ပါဝင်သည်။ မှတ်တမ်းတင် ထားသော အချို့ဖြစ်ရပ်များတွင် အချက်အလက်ပေးသော တုန့်ပြန်ပြောဆိုသူများသည် ဥပဒေ ဆိုင်ရာ ဘာသာရပ်စကားလုံးများ သို့မဟုတ် ယေဘူယျ ဥပဒေကျင့်ထုံးများနှင့် ကျွမ်းဝင်မှုမရှိ ခြင်းသည် တစ်ခါတစ်ရံတွင် အမှန်တကယ် ဘာဖြစ်ခဲ့သည်ကို ဖော်ထုတ်ရာတွင် စိန်ခေါ်မှုများ ရှိသည်။ သို့ရာတွင် သုတေသနတွင် ယုံကြည်ရ၍ ပြည့်စုံသော အချက်အလက်များရှိသည့် ဖြစ်ရပ်များကိုသာ ထည့်သွင်းထားသည်။


1 UN Women and Justice Base, *Voices from the Intersection: Women's Access to Justice in the Plural Legal System of Myanmar* (2016); The Rule of Law Centers, Issue Brief Series, *Brief N. 3: Legal aid service providers and the communities they serve* (2017); My Justice, *Searching for Justice in the Law, Understanding access to justice in Myanmar* (Policy Brief, March 2018) ; UNDP, *Access to Justice and Informal Justice Systems in Kachin State, Salt Between Split Beans* (2017); Stephen McNamara, The Tharthi Myay Foundation, *Fixing Justice with the Tools at Hand* (2019); International Commission of Jurists, *Handbook on Habeas Corpus in Myanmar* (2016); International Commission of Jurists, Achieving Justice for Gross Human Rights Violations in Myanmar, Baseline Study (2018); Article 19, Myanmar Briefing Paper, *Criminalization of Free Expression* (2019); Amnesty International, *Caught In The Middle, Abuses Against Civilians Amidst Conflict in Myanmar's Northern Shan State* (2019); My Justice, *A handbook for legal awareness strategy and design* (2019); My Justice and Justice Base, Legal Practice Brief series, *1: Challenging Undue Delay, 2: Accessing case documents, 3: Presumption of innocence and burden of proof, 4: Liberty and Bail, 5: Remand* (2019); Namati, *Guide to Organizing and Working With Community-Based Paralegals* (2019).

2 Women's League of Burma (WLB) and Asia Justice and Rights (AJAR), Briefing Paper, Access to Justice for Women Survivors of Gender-based violence committed by state actors in Burma (2016); Kachin Women Association Thailand (KWAT), No justice for ongoing Burma Army crimes in northern Shan State (2020); KWAT, A Far Cry From Peace (2016); Legal Aid Network and KWAT, Justice Delayed Justice Denied, Seeking Truth About Sexual Violence and War Crimes in Northern Burma (2016).

# ၄။ ဖြစ်ရပ်များအပေါ် ခြုံငုံ သုံးသပ်ချက်

မိမိတို့၏ သုတေသနတွင် မုဒိမ်းမှု၊ လူသတ်မှု၊ ပျောက်ဆုံးမှု စသည့် ကျူးလွန်ခံရသူ (၂၉) ဦးနှင့် မတရား ထိန်းသိမ်းခြင်းခံရသူ (၂၂) ဦး အပါအဝင် ကျူးလွန်ခံရသူ (၅၁) ဦး၏ အမှုဖြစ်ရပ်များ ပါဝင်သည်။ အောက်တွင် အကြောင်းအရာများနှင့် မိမိတို့ သုတေသနအတွင်း သုံးသပ်သည့် သတ်မှတ်ချက်များအပေါ် အခြေခံလျက် အမှုဖြစ်ရပ်များကို ခွဲခြမ်းစိတ်ဖြာဖော်ပြထားသည်။

| ၅၁ | ၂၉ | ၂၂ |
| --- | --- | --- |
| ကျူးလွန်ခံရသူ အရေအတွက် စုစုပေါင်း | မုဒိမ်းမှု၊ လူသတ်မှု၊ ပျောက်ဆုံးမှု | မတရား ထိန်းသိမ်းခြင်း |



| ၃၆ | ၁၅ |
| --- | --- |
| ကျား | မ |

# မုဒိမ်းမှု၊ လူသတ်မှု၊ ပျောက်ဆုံးမှု (၂၉)

ချိုးဖောက်မှု အမျိုးအစား | ကျူးလွန်သူ | ရဲတိုင်ကြားမှု




## တရားရုံးရောက် အမှုများ

မရောက် ၂၁ ရောက် ၈ = တရားရုံးအမှု ၆ မှု

**တရားရုံး အမျိုးအစား**

**အရပ်ဘက် တရားရုံး** ကျူးလွန်ခံရသူ ၄ ဦး = တရားရုံးအမှု ၄ မှု
အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတရားရုံး တစ်မှုအပါအဝင်

**စစ်ဘက်ဆိုင်ရာ တရားရုံး** ကျူးလွန်ခံရသူ ၅ ဦး = တရားရုံးအမှု ၃ မှု
အရပ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတရားရုံး တစ်မှုအပါအဝင်

**အပြစ်ရှိကြောင်းဆုံးဖြတ်ချက်** မရှိ ကျူးလွန်ခံရသူ ၁ ဦး ရှိ ကျူးလွန်ခံရသူ ၇ ဦး
= တရားရုံးအမှု ၅ မှု

### အပြစ်ရှိကြောင်းဆုံးဖြတ်ချက်

**ရာဇဝတ်မှု အမျိုးအစား**

**လူသတ်မှု**
ကျူးလွန်ခံရသူ ၃ ဦး = တရားရုံးအမှု ၁ မှု
စစ်ဘက်ဆိုင်ရာ တရားရုံး

**မုဒိမ်းမှု**
ကျူးလွန်ခံရသူ ၄ ဦး = တရားရုံးအမှု ၄ မှု
စစ်ဘက်ဆိုင်ရာ တရားရုံးနှင့်
အရပ်ဘက် တရားရုံး

### အပြစ်ရှိကြောင်းဆုံးဖြတ်ချက်

**တရားရုံး အမျိုးအစား**

**စစ်ဘက်တရားရုံးများ။** ကျူးလွန်ခံရသူ ၅ ဦး = တရားရုံးအမှု ၁ မှု
လူသတ်မှု။ ကျူးလွန်ခံရသူ ၃ ဦး = တရားရုံးအမှု ၁ မှု
မုဒိမ်းမှု။ ကျူးလွန်ခံရသူ ၂ ဦး = တရားရုံးအမှု ၂ မှု
*အမှန်တကယ်အားဖြင့် မုဒိမ်း မှုအတွက် အပြစ်ကျူးလွန်ကြောင်း ၁ မှုသာ ဆုံးဖြတ်သည်။ (အောက်တွင်ကြည့်)

**အရပ်ဘက်တရားရုံးများ။** ကျူးလွန်ခံရသူ ၃ ဦး = တရားရုံးအမှု ၃ မှု
မုဒိမ်းမှု။ ကျူးလွန်ခံရသူ ၃ ဦး = တရားရုံးအမှု ၃ မှု

# မတရားထိန်းသိမ်းခြင်း (၂၂)

| | |
|---|---|
| ၃ | ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ၊ (အခန်း ၄) ပုဒ်မ ၁၉ နှင့် ၂၀။ |
| ၃ | ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀၀ (အသရေဖျက်မှု)။ |
| ၁ | ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁၁ (မှားယွင်းစွာ တရားစွဲဆိုခြင်း)။ |
| ၁၄ | မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇/၁ (မတရားအသင်းတွင် ပါဝင်ခြင်း)။ |
| ၁ | ၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅။ |

ထိန်းသိမ်းထားစဉ် **နှိပ်စက်ညှဉ်းပန်းမှု ၁၁ မှု**

အခြားအရင်းအမြစ် **အသုံးပြုခြင်း ၈ မှု**

အထက် တရားရုံးတွင် အယူခံတင်ရန် ကြိုးပမ်းခြင်း

**ရရှိ-ကျူးလွန်ခံရသူ ၁၆ ဦး**

**မရရှိ-ကျူးလွန်ခံရသူ ၆ ဦး**

## လွှတ်ပေးသည့် အကြောင်းရင်းများ

- ၁၂ ပြစ်ဒဏ်သတ်မှတ် ရက်စေ့ခြင်း
- ၉ သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့် (စုပေါင်း)
- ၁ တရားလွှတ်တော်ချုပ် ဆုံးဖြတ်ချက် အမှုများ ပူးပေါင်းခြင်းဖြင့် ပြစ်ဒဏ်ခံရသည့် အချိန်ပြည့်သွားခြင်း

# အမှုအားလုံး (၅၁)

## အခြားအရင်းအမြစ်များ အသုံးပြုခြင်း

(ပေးစာများ၊ သမ္မတ၊ ဝန်ကြီး၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ စသဖြင့်)

**မဟုတ် ၃၀**

**ဟုတ် ၂၁**

**အောင်မြင် = ၀**

**မအောင်မြင် = ၂၁**

## လျှော်ကြေးပေးခြင်း

လျော်ကြေးပုံစံ တစ်မျိုးမျိုး

**ရ ၂**

**မရ ၄၉**

သင့်လျော်သော လျော်ကြေး = ၀

## အမှုဖြစ်ရပ်များကို ခြုံငုံသုံးသပ်ချက်များက အောက်ပါမှတ်ချက်များကို ဖြစ်စေသည်။

**အထွေထွေ မှတ်ချက်များ။** မိမိတို့၏ အလုပ်သည် ကျူးလွန်ခံရသူများက တရားဝင် တရားစီရင်ရေးစနစ် သို့မဟုတ် အခြားတရားဝင် ယန္တယားများမှ တဆင့် တရားမျှတမှုကို ရှာဖွေရန် ကြိုးစားသော ဖြစ်ရပ်များနှင့် ကျူးလွန်ခံရသူများသည် တရားဥပဒေမဲ့ စီရင်ခံရသည့် ဖြစ်ရပ်များ နှစ်ခုစလုံးကို ဗဟိုပြုထားသည်။ သို့ဖြစ်ရာ အများစုသည် တရားဝင် တရားရေးစနစ်တွင် ပါဝင်သောကြောင့် ရည်ရွယ်ချက်ရှိရှိ ရွေးချယ်ထားခြင်းဖြစ်သည်။ မိမိတို့၏ ကိန်းဂဏန်းဆိုင်ရာ တွေ့ရှိမှုများသည် ရဲကို တိုင်ကြားသည့် ဖြစ်ရပ်အတွက် သို့မဟုတ် တရားစီရင်ရေး စနစ်မှ တဆင့် တရားမျှတမှုရှာဖွေခြင်းများကို ကိုယ်စားပြုခြင်း မရှိပါ။ ယင်းတို့သည် မြန်မာနိုင်ငံတွင် တရားမျှတမှုကို ရှာဖွေရာ၌ သက်ဆိုင်သော အကြောင်းအရာများကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်သည့် နည်းလမ်းသာလျှင် ဖြစ်ပေသည်။

**ရဲတိုင်ကြားမှုနှင့် တရားရုံးရောက်ရှိသည့် အမှုများ။** ရဲစခန်းတွင် တရားဝင် တိုင်ကြားခဲ့သော မုဒိမ်းမှု၊ လူသတ်မှု၊ ပျောက်ဆုံးမှု ကျူးလွန်ခံရသူ ၂၃ ဦးတွင် ၈ ဦးသာလျှင် ရာဇဝတ်မှုဆိုင်ရာ အရပ်ဘက် တရားရုံးတွင် ၎င်းတို့၏ အမှုကို ကြားနာခြင်းခံရသည်။ လူ့အခွင့်အရေး ဖြစ်ရပ်များကို စောင့်ကြည့်လေ့လာသည့် မိမိတို့၏ အတွေ့အကြုံကို အခြေခံလျက် လက်တွေ့တွင် ၎င်းတို့ အနေဖြင့် တရားရုံးအဆင့်သို့ရောက်ရှိခဲ့လျှင်ပင် ဖြစ်ရပ်အများစုမှာ ရဲအဆင့်တွင် ပိတ်ဆို့ခြင်းခံရပြီး အနည်းအကျဉ်းဖြစ်ရပ်များသာ တရားရုံးသို့ ရောက်ရှိသည်။ အခန်း ၅-၁-၃ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ အခန်းကဏ္ဍ သုံးသပ်ချက်ကို ကြည့်ပါ။

**တရားရုံးရောက်သော အမှုများ။** မိမိတို့ သုတေသနတွင် ပါဝင်သော (= တရားရုံးအမှု ၆ မှု) အပါအဝင် ကျူးလွန်ခံရသူ ၈ ဦး၏ အမှုများကို အရပ်ဘက် သို့မဟုတ် စစ်ဘက် သို့မဟုတ် နှစ်ခုစလုံးဖြစ်သော တရားရုံးရှေ့မှောက်တွင် ကြားနာခဲ့သည်။ ဤအမှုများ၏ ခြုံငုံသုံးသပ်ချက်ကို အခန်း ၅-၂ တွင်ကြည့်ပါ။

**ပြစ်မှုကျူးလွန်ကြောင်း စီရင်ချက်ချမှတ်ခြင်း။** တရားရုံးသို့ ရောက်သော အမှုများအနက် ငါးခု (ကျူးလွန်ခံရသူ (၇) ဦးပါဝင်သည်။) ကို ပြစ်မှု ကျူးလွန်ကြောင်း စီရင်ချက်ချသည်။ အခန်း ၅-၂ "အောင်မြင်သော" အမှုများ သုံးသပ်ချက်ကို ကြည့်ပါ။ အရပ်ဘက် တရားရုံးများက ပြစ်မှုကျူးလွန်ကြောင်း ချမှတ်ခဲ့သည်မှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်သာ သက်ဆိုင်ပြီး အရပ်သားများအား ဥပဒေမဲ့သတ်ဖြတ်မှုများ မဟုတ်ကြောင်း မှတ်သားထားသင့်သည်။

**စစ်ဘက်တရားရုံးများတွင် တရားစီရင်ခဲ့သော မုဒိမ်းမှုများ။** စစ်ဘက်တရားရုံးများတွင် မုဒိမ်းမှု ကျူးလွန်ကြောင်း စီရင်ချက်ချမှုများသည် အလွန်စိတ်ပျက်ဖွယ်ကောင်းသည်။ အသက် (၇) နှစ်အရွယ် မိန်းကလေးငယ်ကို မုဒိမ်းကျင့်ရန် ကြိုးစားသော စစ်သားမှာ ထောင်ဒဏ် ၂ နှစ်သာ အပြစ်ပေးခံရသည်။ (သူ့ကို နောက်ပိုင်းတွင် အရပ်ဘက် တရားရုံးသို့ လွှဲပြောင်းပြီး ပြစ်မှုကျူးလွန်သဖြင့် ထောင်ဒဏ်နှစ် (၂၀) ချမှတ်ခဲ့သည်။) အသက်အရွယ်ကြီးရင့်သော အမျိုးသမီးတစ်ဦးကို မုဒိမ်းကျင့်ရန် ကြိုးစားမှုဖြင့် တရားစီရင်ခံရသော တပ်သားတစ်ဦးမှာ လိင်ပိုင်းဆိုင်ရာ

အကြမ်းဖက်မှုနှင့် မသက်ဆိုင်သော စွဲချက်များ (ကျော်နင်းမှု၊ မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် စစ်စည်းကမ်း ဖောက်ဖျက်ကျူးလွန်မှုများ) အတွက်သာ ပြစ်ဒဏ် ချမှတ်ခဲ့သည်။ ဤအမှုများ အပေါ် အသေးစိတ်အချက်အလက်များကို အခန်း ၅-၂ တွင်ကြည့်ပါ။

**မတရား ထိန်းသိမ်းခြင်း။** မိမိတို့၏ သုတေသနက မတရား ထိန်းသိမ်းခြင်းနှင့် နိုင်ငံရေးအရ တရားစွဲဆိုမှုများတွင် ကျူးလွန်ခံရသူများသည် မျှတသော တရားစီရင်မှု အခြေခံအခွင့်အရေးများ မရရှိသည်ကို တွေ့ရသည်။ ဤအမှုများနှင့် ပတ်သက်သည့် ရှင်းလင်းချက်များကို အခန်း ၅-၁-၇ တွင် ကြည့်ပါ။

**နှိပ်စက်ညှဉ်းပန်းမှု။** မတရားထိန်းသိမ်းခံရသူ ၂၂ ဦးအနက်မှ ၁၁ ဦးသည် သိသာထင်ရှားစွာ နှိပ်စက်ညှဉ်းပန်းခံရကြောင်း အစီရင်ခံချက်များရှိသည်။ မတရားအသင်း အက်ဥပဒေအောက်တွင် တရားစွဲဆိုခံရသော လူ ၁၄ ဦးအနက် ၁၀ ဦးမှာ နှိပ်စက်ညှဉ်းပန်းခံရကြောင်း ပြောပြပါသည်။

**တရားရုံးတွင် အယူခံဝင်ရန် ကြိုးပမ်းခြင်း။** မတရားထိန်းသိမ်းခံရသူ ၂၂ ဦးတွင် ၆ ဦးသည် တရားရုံးတွင် ၎င်းတို့အား ထိန်းသိမ်းခြင်းနှင့် ပတ်သက်၍ စောဒကတက်ခြင်း မရှိခဲ့ပါ။ ယင်း အတွက် ရှေ့နေတစ်ဦးက ထောက်ပြသည်မှာ တစ်ခါတစ်ရံ ထိုသို့ဖြစ်ပွားခြင်းသည် မိမိတို့ဖက်မှ ဘဏ္ဍာရေး အခက်အခဲကြောင့်သာ မဟုတ်ကြောင်း ထောက်ပြခဲ့သည်။ အရင်းအမြစ်များနှင့် ပတ်သက်သည့် ဆွေးနွေးချက်များနှင့် ငွေကြေးထောက်ပံ့မှုများကို အခန်း ၅-၁-၅ တွင်ကြည့်ပါ။

**ပြန်လွှတ်ပေးသည့် အကြောင်းရင်းများ။** မတရား ဖမ်းဆီးခံရသူ ၂၂ ဦးစလုံးသည် ၎င်းတို့၏ ပြစ်ဒဏ်ချမှတ်ကာလ ပြည့်ပြီးနောက်တွင် သို့မဟုတ် သမ္မတ၏ စုပေါင်း လွတ်ငြိမ်းချမ်းသာ ခွင့်ကြောင့် (၎င်းတို့၏ အမှုကို သတ်သတ်မှတ်မှတ် ဖော်ပြခြင်းမျိုးမဟုတ်ပဲ) လွတ်မြောက်လာ ကြသည်။ တရားလွှတ်တော် (သို့မဟုတ်)အထက် တရားရုံးက အောက်တရားရုံး၏ အပြစ်ရှိ ကြောင်း ဆုံးဖြတ်ချက်ကို ပြင်ဆင်ပြောင်းလဲသည့် နမူနာမျိုး မရှိပါ။ အမှုတစ်ခုတွင် တရား လွှတ်တော်က ပြစ်ဒဏ်များကို တပေါင်းတည်း ကျခံစေရန် ဆုံးဖြတ်ခဲ့သောကြောင့် ပြစ်ဒဏ်ခံ ရသည့် အချိန်ကာလပြည့်သွားသည့် အတွက် စွပ်စွဲခံထားရသူမှာ လွတ်မြောက်လာခဲ့သည်။

**အခြားသော အရင်းအမြစ်များကို အသုံးပြုခြင်း။** ဤသုတေသနတွင် ပါဝင်သော ကျူးလွန်ခံရသူ ၅၁ ဦးအနက် ၂၁ ဦးသည် တရားစီရင်ရေး စနစ်ပြင်ပမှ အခြားအာဏာပိုင်များထံ အယူခံ ဝင်ရန် ကြိုးပမ်းခဲ့သော်လည်း မည်သူမျှ အောင်မြင်မှု မရ သို့မဟုတ် အပြုသဘောဆောင် သော အဖြေမျိုး မရခဲ့ပါ။ အသေးစိတ်အတွက် အခန်း ၅-၁-၈ ကိုကြည့်ပါ။

**လျော်ကြေးများ။** ၂၀၁၅ ဇွန်လနှင့် ၂၀၁၇ နိုဝင်ဘာလတွင် ဖြစ်ပွားခဲ့သည့် အစိုးရစစ်တပ်က ကျူးလွန်သော သီးခြား သတ်ဖြတ်မှု နှစ်ခုတွင် အမှုကို တရားရုံးသို့ တိုင်ကြားခြင်း မပြုရန် သို့မ ဟုတ် တပ်သားများ ပြစ်ဒဏ်ပေးခြင်းမခံရစေရန် အစိုးရစစ်တပ်မှ ကျူးလွန်ခံရသည့် မိသားစုကို ငွေအချို့၊ အစားအစာများ ကမ်းလှမ်းခဲ့သည်။ ၎င်းတို့က မိသားစုများ ကျေနပ်လောက်အောင် ပေးခဲ့ခြင်းမရှိပဲ ယင်းကို လျော်ကြေးပေးမှု ပုံစံအဖြစ် သတ်မှတ်ရေတွက်၍ မရနိုင်ပေ။



ရှမ်းပြည်နယ်မြောက်ပိုင်းမုန်းလီ ခြေလျင်တပ်မှ စစ်သားများအား
ယော်မော်လမ်းမပေါ်တွင် တွေ့ရစဉ်



# ၅။ အဓိက တွေ့ရှိချက်များ

မိမိတို့၏ သုတေသနက ချိုးဖောက်ကျူးလွန်သူများကို တရားမျှတမှု ရောက်အောင် ကြိုးစားကြသော လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများ တွေ့ကြုံရသည့် သိသာထင်ရှားသော စိန်ခေါ်မှုများနှင့် အတားအဆီးအခက်အခဲများအပေါ် အသေးစိတ် နားလည်မှုကို ရစေသည်။ ယင်းသည် အနည်းငယ် "အောင်မြင်သော" ဖြစ်ရပ်များအပေါ် အခြေခံလျက် တရားမျှတမှုအတွက် ဖြစ်နိုင်ချေ အခွင့်အလမ်း လမ်းကြောင်းငယ်လေးကိုလည်း ပေးထားသည်။

## ၅-၁။ အတားအဆီးများ

လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများ ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲများအတွက် အဓိက အကြောင်းရင်းများကို မေးမြန်းသောအခါ လူထုခေါင်းဆောင်တစ်ဦး ပြောပြလာသည်မှာ "ဒါက ရှင်းရှင်းလေးပါ။ (က) အားလုံးကို စစ်တပ်က ထိန်းချုပ်ထားတယ်။ (ခ) အဲဒီအတွက် အလုပ်လုပ်ဖို့ ပိုက်ဆံမရှိဘူး" ဟု ပြောသည်။ ယင်းသည် မိမိတို့၏ အဓိက တွေ့ရှိချက်များ၏ အနှစ်ချုပ်ပင် ဖြစ်သည်။

### ၅-၁-၁။ မြန်မာ့အစိုးရစစ်တပ်၏ ဝင်ရောက်စွက်ဖက်မှုသည် တရားမျှတမှု အတွက် အဓိကအတားအဆီးအဖြစ် ရှိနေဆဲဖြစ်သည်။

တရားမျှတမှုကို ရယူရာတွင် အခက်အခဲများအတွက် အဓိကအကြောင်းအရင်းများအဖြစ် အစိုးရစစ်တပ်၏ ဝင်ရောက်စွက်ဖက်မှုဖြစ်ကြောင်း မိမိတို့ သုတေသနက ညွှန်ပြလျက်ရှိနေသည်။ ယင်းသည် အမှုဖြစ်ရပ် တစ်ခုချင်းကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ရာမှ ထွက်လာသော ရလဒ်များနှင့် ဤအကြောင်းအရာပေါ်တွင် အများပြည်သူကို ထုတ်ပြန်သည့် အစီရင်ခံစာများမှ တွေ့ရှိချက်များနှင့်လည်း ကိုက်ညီနေသည်။

"တပ်မတော်၏ ဂုဏ်သိက္ခာ ကာကွယ်ရန်" အစိုးရစစ်တပ်၏ပုံရိပ်ကို ထိခိုက်စေသော မှုဒိမ်းမှုများအရေးယူမှုနှင့် ပတ်သက်၍ မည်သည့်အရာကိုမဆို တစ်စုံလုံးအနေဖြင့် ပိတ်ဆို့ထားရန် လိုသည်ဟု အစိုးရစစ်တပ်မှ တစ်ဦးက ပြောပြသည်ကို မိမိတို့နှင့်အတူ အလုပ်လုပ်နေသောရှေ့နေများထဲမှတစ်ဦးကပြန်ပြောပြသည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့ကရိုးရိုးရှင်းရှင်းပင်"၎င်းတို့၏ဂုဏ်သိက္ခာကာကွယ်ရန်"ကြိုးစားခြင်းဖြစ်သည်ဟု တချိန်တွင် ပြောခဲ့သည်။ ဤစကားလုံးများ၏ ဆိုလိုရင်းမှာ အစိုးရစစ်တပ်က စနစ်တကျ (နှင့်အများစုကို အောင်မြင်စွာ) လုံခြုံရေး တပ်ဖွဲ့များကို လူသိရှင်ကြား ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုမှုများမှ ကာကွယ်ပေးသည့် အချက်ကို ဖော်ပြနေခြင်းဖြစ်သည်။

မိမိတို့၏ သုတေသနက အစိုးရစစ်တပ်သည် စစ်သားများနှင့် ရဲအရာရှိများ တစ်ဦးချင်းက အရပ်သား များအပေါ် ကျူးလွန်သော အမှုကြီးများအတွက် တာဝန်ခံမှု နည်းပါးခြင်း၏ အဓိကအကြောင်းရင်း မည်သို့ဆိုသည်ကို ပြသနေသည်။ သူတို့က ပွင့်လင်းမြင်သာမှု မရှိသော အစိုးရစစ်တပ်နှင့် ရဲတရားစီရင် ရေးစနစ်များကို အသုံးပြုပြီး တရားစွဲဆိုခြင်း မခံရအောင် ပုန်းရှောင်ကြသည်၊ သို့မဟုတ် ၎င်းတို့သည် အရပ်သား ရာဇဝတ်တရားစီရင်ရေး လုပ်ငန်းစဉ်ကို ဩဇာလွှမ်းမိုး နှောင့်နှေးအောင် ပြုလုပ်သည်။

## က။ အစိုးရစစ်တပ်နှင့် ရဲဘက်ဆိုင်ရာ တရားရုံးများ

မြန်မာနိုင်ငံ၏ တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှု မူဘောင်သည် အစိုးရစစ်တပ်နှင့် ရဲများကို ၎င်းတို့၏ တပ်ဖွဲ့ဝင်များက ကျူးလွန်သော ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းတို့အပေါ် တွင် ထိန်းချုပ်နိုင်စွမ်းကို ပေးထားသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေက အစိုးရစစ်တပ်ကို လက်နက်ကိုင်တပ်ဖွဲ့များ[3]၏ အရေးအရာများ အားလုံး လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ခွင့်ကို ပေးထားပြီး အမြဲတမ်း စစ်ခုံရုံးများ (တရားဝင်အားဖြင့် စစ်ခုံရုံးနှင့် တရားမဝင်အားဖြင့် စစ်ဘက်ဆိုင်ရာ တရားရုံးများ) တည်ထောင်နိုင်သည်။[4] ကာကွယ်ရေး ဦးစီးချုပ်သည် စစ်ခုံရုံးများအပေါ်တွင် အာဏာရှိပြီး တရားလွှတ်တော် သို့မဟုတ်အခြား အရပ်သား အဖွဲ့အစည်းတစ်ခုခုကို အယူခံပိုင်ခွင့် မရှိပေ။[5] ၁၉၅၉ ခုနှစ် ကာကွယ်ရေးတပ်ဖွဲ့များဆိုင်ရာ အက် ဥပဒေက လူသတ်မှု၊ လူသေမှုနှင့် မုဒိမ်းမှုကဲ့သို့ ရာဇဝတ်မှုများ ကျူးလွန်သည့် စစ်သားများကို "တန်းပြည့် စစ်မှုထမ်းနေချိန်" မဟုတ်ပါက စစ်ခုံရုံးအစား အရပ်ဘက် ရာဇဝတ် တရားရုံးများတွင် စီရင်ရမည် ဖြစ်ကြောင်း ပြဌာန်းထားသည်။[6] စစ်သားများကို အရပ်ဘက် တရားရုံးများသို့ လွှဲပြောင်း သည့် ဖြစ်ရပ်များ ရှိသော်လည်း (အောက်တွင်ပါသည့် စာပိုဒ် ၅-၂-၁ ကိုကြည့်ပါ) အနည်းငယ်သာ ဖြစ် သည်။ (အခြားဥပဒေများကို လွှမ်းမိုးသော) ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ကာကွယ်ရေး ဦးစီးချုပ်သည် အာဏာကို အပြည့်အဝ ရရှိထားရာအမှုများ လွှဲပြောင်းနိုင်သည့် လုပ်ပိုင်ခွင့်အာဏာမှာ အရပ်ဘက် တရားစီရင်ရေးစနစ်က ကြီးကြပ်မှု မရှိပဲ အစိုးရစစ်တပ် အာဏာအောက်တွင် ဆက်လက်ရှိနေသည်။

ရဲများနှင့် ပတ်သက်၍ ၁၉၉၅ ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးအက် ဥပဒေအရ ရဲအရာရှိများက ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို အရပ်ဘက် တရားရုံးတွင် စီရင် မည့်အစား ၎င်းစည်းမျဉ်းများအရ ရဲတရားရုံးတွင်သာ စီရင်သည်။[7]

အစိုးရစစ်ဘက်နှင့် ရဲဘက်ဆိုင်ရာ တရားရုံးများတွင် တရားစီရင်ခြင်းနှင့် အပြစ်ရှိကြောင်း ဆုံးဖြတ်ခြင်း တို့မှာ အလွန်ရှားပါးပြီး အပြစ်ပေးမှုမှာ အားနည်းပြီး ရာဇဝတ်မှုများ၏ ကြီးလေးမှုများနှင့်  နှိုင်းစာလျှင် လုံလောက်မှု မရှိပေ။

---

3 Article 20(b).
4 Articles 293 and 319.
5 Article 343(b).
6 Section 72.
7 For more information, see the analysis in: International Commission of Jurists, Achieving Justice for Gross Human Rights Violations in Myanmar, Baseline Study (2018), p.12, and Asian Legal Resource Centre, Written statement to the UN Human Rights Council, UN Doc A/HRC/29/NGO/44 (2015), para 3.

# ဖြစ်ရပ်နမူနာများ

ဖြစ်ရပ်တစ်ခုတွင် တပ်သားတစ်ဦးသည် အသက်အရွယ်ကြီးရင့်သော အမျိုးသမီးတစ်ဦးကို ၂၀၁၅ ခုနှစ် ဧပြီလအတွင်း မုဒိမ်းကျင့်ရန် ကြိုးပမ်းခဲ့ရာ ကျူးလွန်မှုနှင့်ပတ်သက်၍ မျက်မြင်သက်သေများရှိသော်လည်း ၎င်းအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် ပတ်သက်၍ အရေးယူခြင်းမရှိခဲ့ပေ။ ၎င်းကို ကျော်နင်းမှု၊ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် စစ်တပ်စည်းကမ်း ချိုးဖောက်မှုများဖြင့်သာ ပြစ်ဒဏ် ခုနှစ်နှစ် ချမှတ်ခဲ့သည်။ ဒေသခံ လူထုခေါင်းဆောင်များက အရပ်ဘက် တရားရုံးသို့ အမှုကို ရောက်အောင် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှု မရခဲ့ပေ။

နောက်အမှု တစ်ခု၌ တပ်သား တစ်ဦးသည် ၂၀၁၃ ခုနှစ်တွင် အသက် (၇) နှစ်အရွယ်မိန်းကလေးငယ် တစ်ဦးကို မုဒိမ်းပြုကျင့်ခဲ့ရာ စစ်ဘက်ဆိုင်ရာ တရားရုံးက ထိုတပ်သားကို ထောင်ဒဏ် (၂) နှစ်သာ ချမှတ်ခဲ့သည်။ ဒေသခံလူထုများက နောက်ပိုင်းတွင် ထိုအမှုကို အရပ်ဘက် တရားရုံးသို့ လွှဲပြောင်းအောင် လုပ်ဆောင်နိုင်ခဲ့ပြီး ၎င်းကို ထိုတရားရုံးက အပြစ်ရှိကြောင်း ဆုံးဖြတ်၍ ထောင်ဒဏ် အနှစ် (၂၀) ချမှတ်ခဲ့သည်။ (အသေးစိတ်ကို အခန်း ၅-၂ တွင် ကြည့်ပါ။)

နောက်ထပ်အမှုတစ်ခု၌လည်း ၂၀၁၇ ခုနှစ်တွင် အရပ်သား အမျိုးသား (၃) ဦး အစိုးရစစ်တပ်၏ ဖမ်းဆီးခြင်း၊ နှိပ်စက်ခြင်းနှင့် မတရားသတ်ဖြတ်ခြင်း ခံရရာ စစ်ဘက်ဆိုင်ရာ တရားရုံးက စစ်သား (၆) ဦးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခဲ့သည်။ ထိုလူ (၃) ဦး၏ မိသားစုများကို စစ်ဘက်ဆိုင်ရာ တရားရုံးတွင် အရပ်ဘက် တရားရုံး၌ ဖြစ်လေ့ရှိသည့်အတိုင်း ပြောဆိုခွင့် သို့မဟုတ် မျက်မြင်သက်သေများအား မေးမြန်းခွင့် မရခဲ့ကြပေ။ ၎င်းတို့အနေဖြင့် တပ်သားများကို အမှန်တကယ် ထောင်ချခြင်းရှိမရှိ မသေချာသလို ယခုချိန်ထိ ထိန်းသိမ်းထားခြင်း ရှိမရှိမှာ သံသယ ဖြစ်ဖွယ်ဖြစ်သည်။

ဤသုတေသနတွင် ထည့်သွင်းထားသော ဖြစ်ရပ်များအကြားတွင် ဖြစ်ရပ် (၃) ခု (ကျူးလွန်ခံရသူ ၅ ဦးပါဝင်သည်) ကိုသာ စစ်ဘက် တရားရုံးတွင် ကြားနာကြောင်း တွေ့ရှိရသည်။ စစ်သားများက ဖြစ်ရပ် (၃) ခုလုံးတွင် ပြစ်မှု ကျူးလွန်ကြောင်း စီရင်ခံရသည်။ သို့ရာတွင် ယင်းအပြစ်ရှိကြောင်း စီရင်ချက်များမှာ ကျူးလွန်ခံရသူနှင့် ၎င်းတို့၏ မိသားစုများအတွက် ကျေနပ်မှုကို မပေး နိုင်ခဲ့ပေ။

နောက်ဆုံးတွင် မိမိတို့ သုတေသနတွင် ပါဝင်သော ရဲတပ်ဖွဲ့ဝင်များက ကျူးလွန်သည့် မုဒိမ်းမှု (၂) မှုမှာ ရဲတရားရုံးတွင် ကြားနာခြင်းလည်း မရှိသလို မည်သည့် စည်းကမ်းဆိုင်ရာ အပြစ်ပေးအရေးယူ မှုလည်း ရှိပုံ မရပေ။

## ခ။ အရပ်ဘက် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးအပေါ် ဩဇာသက်ရောက်မှု

အမှုများကို အရပ်ဘက် တရားစီရင်ရေး စနစ်အတွင်း ကိုင်တွယ်သည့် အခါတွင်ပင် အဆင့်တိုင်းတွင် အစိုးရစစ်တပ်၏ စွက်ဖက်မှုကြောင့် နိုင်ငံရေးအရ ထိရှလွယ်သော အမှုများ ရှေ့ဆက်နိုင်ရန်အတွက် အလွန်ခက်ခဲ့သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စု ရှေ့နေချုပ်သည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်း စစ်ဆေးရန် အမိန့်ပေးရမည့် အခန်းကဏ္ဍတွင် ရှိသော်လည်း လက်တွေ့တွင် ထိုအမှုများကို စုံစမ်း စစ်ဆေးပြီး အရေးယူရာတွင် အရပ်ဘက် ဥပဒေအရာရှိများ၏ လုပ်ပိုင်ခွင့်ကို အစိုးရစစ်တပ်က ကန့်သတ်ပြီး ချို့ယွင်းအားနည်းစေသည်။

ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုများအပေါ် ထိန်းချုပ်မှုနှင့် ဩဇာသက်ရောက်မှုမှာ အစဉ်အမြဲရှိနေကြောင်း မိမိတို့၏ သုတေသနက ပြသနေသည်။ ရဲစုံစမ်းစစ်ဆေးရေး အရာရှိများက ဖြစ်ရပ်များကို စုံစမ်း စစ်ဆေးရန် ငြင်းဆိုကြသည်၊ အစိုးရစစ်တပ်က ရဲတပ်ဖွဲ့၏ အခန်းကဏ္ဍကို လေးစားမှု မပြုပဲ ၎င်းတို့ ကိုယ်တိုင် စတင်စုံစမ်းစစ်ဆေးမှုများ ပြုကြသည်၊ ချိုးဖောက်ကျူးလွန်သူများမှာ လွတ်နေကြသည် သို့မဟုတ် သက်တောင့်သက်သာပင် ဝေးလံသော ဒေသများရှိ ဌာနများသို့ ပြောင်းရွှေ့ခံကြရသည်။ အမှုတွဲများမှာ ရဲစခန်း သို့မဟုတ် တရားရုံးများတွင် တစ်ဆို့နေပြီး အထောက်ထားများမှာလည်း အလွယ်တကူ ဖျက်စီးခံရခြင်း စသည်ဖြင့် ဖြစ်နေသည်။

တရားစီရင်ရေးတွင် လွတ်လပ်မှု နည်းပါးနေခြင်းသည်လည်း မျှတမှုအတွက် အဓိက အတားအဆီး ဖြစ်သည်။ တရားစီရင်ရေး ဖြစ်စဉ်တွင် နိုင်ငံရေးစွက်ဖက်မှု အထူးသဖြင့် နိုင်ငံရေးအရ ထိရှလွယ် သော ဖြစ်ရပ်များတွင် ဖြစ်လေ့ဖြစ်ထရှိသည်။ ဥပဒေအရာရှိများသည် အစိုးရစစ်တပ်၏ အကျိုး စီးပွားကို စိန်ခေါ်မည်ဟု ယုံကြည်ရသော အမှုများကို ရှားရှားပါးပါးသာ အမှုစွဲဆိုကြပြီး စွဲခဲ့လျှင်လည်း တရားသူကြီးများမှာ အစိုးရစစ်တပ်၏ ဖိအားပေးခြင်း ခံကြရသည် သို့မဟုတ် မိမိဆန္ဒသဘော အလျောက် ကိုယ်တိုင် ဆင်ဆာလုပ်လေ့ရှိသည်။

လုံခြုံရေး တပ်ဖွဲ့များ ပါဝင်သည့် ထိရှလွယ်သည့် အမှုများဖြစ်သည့်အခါ တရားစီရင်ရေး လုပ်ငန်းစဉ် အတွင်းတွင် ပါဝင်သော အမျိုးမျိုးသော သက်ဆိုင်သူများအကြားတွင် အစိုးရစစ်တပ်အား ကြောက်ရွံ့ မှုသည် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေကြောင်း မိမိတို့ သုတေသနက ပြနေသည်။ ကျူးလွန်ခံရသူများ၊ မျက်မြင်သက်သေများ၊ ရှေ့နေများ၊ အစိုးရအရာရှိများ၊ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများ၊

# ဖြစ်ရပ်နမူနာများ

၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ကချင်အမျိုးသားတစ်ဦးသည် အစိုးရစစ်တပ်မှ တပ်သားများက ၎င်း၏ (၁၄) နှစ်အရွယ် သမီးကို သတ်ဖြတ်သွားသည်ဟု စွပ်စွဲလျက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) ကို စာပေးပို့ခဲ့သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာ့အစိုးရစစ်တပ် အရာရှိက လူ့အခွင့်အရေး ကော်မရှင်ကို ပေးသော စာတွင် မြန်မာ့တပ်မတော်ကို လွဲမှားစွာ တိုင်ကြားခဲ့သည်ဟု စွပ်စွဲကာ ၎င်းကို အမှုဖွင့် တိုင်ကြားခဲ့သည်။ (ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ ဖြင့်စွဲဆိုသည်)။ ယင်းစွဲချက်များကို ခုခံချေပရန် ၎င်းသည် တရားရုံးသို့ ၄၅ ကြိမ်မက သွားခဲ့ရပြီး အပြစ်ရှိကြောင်း စီရင်ချက်ချခံခဲ့ရသည်။ ဒဏ်ငွေဆောင်ရန်နှင့် မဆောင်ပါက ထောင်ဒဏ် ခြောက်လ ကျခံရန် အမိန့်ချခံခဲ့ရသည်။ ၎င်းက ဒဏ်ငွေဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် လွတ်မြောက်လာခဲ့သည်။

၂၀၁၅ ခုနှစ် ဇန္နဝါရီလ ၁၉ ရက်ညတွင် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် စေတနာ့ဝန်ထမ်း ကချင်ဆရာမ နှစ်ဦးအား မုဒိမ်းကျင့်သတ်ဖြတ်ခဲ့သည့် အမှုတွင် ဆရာမများ၏ ကျေးရွာသို့ မကြာမီက ရောက်ရှိခဲ့သော ခြေမြန်တပ်ရင်း ၅၀၃ မှ တပ်ဖွဲ့ဝင်များသည် ကျူးလွန်သူများဖြစ်ကြောင်း အထောက်အထားများက ရှင်းရှင်းလင်းလင်း ညွှန်ပြနေသော်လည်း ယနေ့တိုင်အောင် တရားမျှတမှု ပေါ်ပေါက်ရန် ခက်ခဲလျက်ရှိသည်။ ရင်ခွဲစစ်ဆေးမှုနှင့်ပတ်သက်သော အထောက်အထားများ မထုတ်ပြန်ရန် ဆေးဝန်ထမ်းများကို အစိုးရစစ်တပ်က ခြိမ်းခြောက်ခဲ့ပြီး ကာကွယ်ရေး ဦးစီးချုပ်ကိုယ်တိုင်က အစိုးရစစ်တပ်၏ ပါဝင်ပတ်သက်မှုကို စွပ်စွဲခဲ့ပါက မည်သူကိုမဆို တရားစွဲဆိုမည်ဖြစ်ကြောင်း လူသိရှင်ကြား ခြိမ်းခြောက်ခဲ့သည်။




၂၀၁၅ ခုနှစ် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စေတနာ့ဝန်ထမ်း ကချင်ကျောင်းဆရာမနှစ်ဦး တာဝန်ထမ်းဆောင်နေစဉ် မုဒိမ်းကျင့် သတ်ဖြတ်ခံ ခဲ့ရသည်။

ရဲအရာရှိများ၊ ဥပဒေ အရာရှိများ၊ တရားသူကြီးများ "လူတိုင်းကြောက်တယ်" လို့ မိမိတို့ ပြောသည်။ လုံခြုံမှု ကင်းမဲ့ခြင်းသည် အဓိက ပြဿနာဖြစ်ပြီး ကာကွယ်မှု မရနိုင်ပေ။ ခြိမ်းခြောက်မှု၊ စော်ကားမှု၊ လက်စားချေဒဏ်ခတ်မှုများမှာ ဖြစ်လေ့ရှိသည်။

လူထုအခြေပြု အရပ်ဘက်အသိုင်းအဝိုင်းအဖွဲ့ဝင်များသည် ဖြစ်ရပ်တစ်ခု ဖြစ်ပွားပြီးနောက်တွင် အထောက်အထား စုဆောင်းရန် ကြိုးပမ်းသည့်အခါ ယူနီဖောင်းဝတ် အစိုးရစစ်သားများက ၎င်းတို့ကို နောက်ယှက်စော်ကားကြောင်း၊ ဓါတ်ပုံရိုက်ယူကြောင်း သိသိသာသာ ခြိမ်းခြောက်ကြောင်း ပြောပြကြသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် ဥပဒေဆိုင်ရာ နှောက်ယှက်မှုသည် ဖြစ်လေ့ရှိသည်။ စစ်တပ်က ကျူးလွန်ခံရသူများ၊ မျက်မြင်သက်သေများ၊ သို့မဟုတ် ရှေ့နေများကို အသရေဖျက်မှု သို့မဟုတ် တရားမဝင် စုဝေးခြင်း စွဲချက်များကို အသုံးပြုပြီး ရာဇဝတ်ကြောင်းအရ တရားစွဲဆိုမှုများ မကြာခဏ ပြုလုပ်လေ့ရှိသည်။

## ၅-၁-၂။ ကျူးလွန်ခံရသူများသည် တရားမျှတမှု ရှာဖွေမှုကြောင့် ဖြစ်လာနိုင်သော ဘေးအန္တရာယ်များကို များသောအားဖြင့် လက်ခံလိုစိတ် မရှိကြပေ။

လုံခြုံရေး တပ်ဖွဲ့များက ကျူးလွန်သော ရာဇဝတ်မှုများ၏ ကျူးလွန်ခံရသူများနှင့် ၎င်းတို့၏ ဆွေမျိုးများသည် တရားမျှတမှု ရှာဖွေသည့် လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် လိုလားမှု မရှိကြပေ။ ထိုသို့ဖြစ်ရခြင်းတွင် စိတ်ပိုင်းဆိုင်ရာ သာမက လက်တွေ့ကျသော အကြောင်းရင်းများရှိသည်။

ကျူးလွန်ခံရသူများကို တရားမျှတမှု ရရှိအောင် ပံ့ပိုးရန် ကြိုးပမ်းကြသူများ (လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများ၊ ဒေသခံ ခေါင်းဆောင်များ၊ ရှေ့နေများ) အပါအဝင် မိမိတို့၏ သုတေသနတွင် တုန့်ပြန်သူ အများအပြားသည် တရားမျှတမှုကို ရှာဖွေရန် "စိတ်ဆန္ဒ" နည်းပါးကြကြောင်း ပြောပြကြသည်။ အဓိက အကြောင်းရင်းမှာ တန်ပြန်ရိုက်ခတ်မှုကို စိုးရိမ်ကြခြင်းဖြစ်သည်။ ကျူးလွန်ခံရသူများသည် အစိုးရစစ်တပ်နှင့် ရဲများကို ကြောက်ကြသည်။ အချို့သော ဖြစ်ရပ်များတွင် ကျူးလွန်ခံရသူများ၊ မျက်မြင်သက်သေများ သို့မဟုတ် ဒေသခံခေါင်းဆောင်များအပေါ် စော်ကားမှုနှင့် ခြိမ်းခြောက်မှုများ ရှိကြသည်။ သို့ရာတွင် သိသာထင်ရှားသည့် ဖိအားမရှိသည့် အချိန်တွင်ပင် ရွာသားများသည် အထူးသဖြင့် ဝေးလံခေါင်ဖျားသော ဒေသများမှ ရွာသားများသည် ယေဘူယျအားဖြင့် "အမှန်တရားကို မပြောရဲ" ကြပေ။ သူတို့အနေဖြင့် "နိုင်ငံရေး ကိစ္စရပ်များ" ဟု ၎င်းတို့ သတ်မှတ်ထားသော အရာများတွင် ယင်းသည် ၎င်းတို့၏ နေရာမဟုတ်ကြောင်း သင်ကြားခံထားရသည့်အတိုင်း ပါဝင်ပတ်သက်ရဲခြင်း မရှိကြပေ။

အချို့သော ဖြစ်ရပ်များတွင် အထူးသဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်ရပ်များတွင် ကျူးလွန်ခံရသူများမှာ ရှက်ကြောက်ကြသည်။ ၎င်းတို့ အသိုင်းအဝိုင်း၏ မှားယွင်းသော အယူအဆများနှင့် ၎င်းတို့ကို ဖယ်ကျဉ်မည်ကို စိုးရိမ်ကြသည်။

၎င်းတို့၏ အခွင့်အရေးများ ချိုးဖောက်ခံရလေ့ရှိသော လူထုအများကြားတွင် ထွက်ခွာလိုသော ခံစားမှုလည်း ကျယ်ကျယ်ပြန့်ပြန့်ရှိသည်။ တုန့်ပြန်သူ တစ်ဦးက "ကျူးလွန်ခံရသူတွေက သေပြီးနေပြီ၊ ဒါကြောင့် တရားစွဲစရာလည်း မလိုတော့ပါဘူး" ဟုပြောသည်။ ထို့အပြင် ဘာသာရေး ယုံကြည်မှုနှင့် ခရစ်ယာန်ယဉ်ကျေးမှု၏ ခွင့်လွှတ်မှုသည်လည်း "စိတ်ဆန္ဒ" မရှိခြင်းအတွက် အကြောင်းပြချက်များအဖြစ် ဖော်ပြကြသည်။

လူထုအကြား အထူးသဖြင့် ဝေးလံခေါင်ဖျားသော တိုင်းရင်းသားဒေသများတွင် ဥပဒေဆိုင်ရာ အသိပညာဗဟုသုတ ခေါင်းပါးခြင်းသည် တရားမျှတမှု ရရှိရန်အတွက် အဓိက အတားအဆီးတစ်ခု အဖြစ် မကြာခဏပင် ဖော်ပြကြသည်။ ကျူးလွန်ခံရသူများနှင့် လူထုခေါင်းဆောင်များသည် ၎င်းတို့၏ အခွင့်အရေးများနှင့် တည်ဆဲဥပဒေဆိုင်ရာ ကုစားမှုများကို လုံလောက်စွာ မသိရှိကြကြောင်း အစီရင်ခံချက်များရှိသည်။ တုန့်ပြန်သူ တစ်ဦးက ၎င်းတို့အနေနဲ့ "ကိုယ့်ကိုယ် ကို ဘယ်လိုကာကွယ်ရမယ်ဆိုတာ မသိ" ဟုပြောပြပါသည်။ အသိပညာ ဗဟုသုတ နည်းပါးခြင်းကြောင့် ကျူးလွန်ခံရသူများသည် အစောပိုင်းအဆင့်များတွင် ဥပဒေအထောက်အကူကို ရှာဖွေရန် လက်လှမ်းမမှီဖြစ်ကြသည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြန်အလှန်ဆက် သွယ်ဆောင်ရွက်ရန် အရည်အသွေး နည်းပါးကြသည်။ ထို့အပြင် ကျူးလွန်ခံရသူက ဥပဒေဆိုင်ရာ ဗဟုသုတ နည်းပါးသည့် အခါတွင် ပံ့ပိုးမှုနှင့် ဥပဒေ အကြံပေးမှုတို့ကို ပိုမိုရှုတ်ထွေးစေသည်။ ယေဘူယျအားဖြင့် မြန်မာစကားကို နားမလည်သည့် ဘာသာစကားအခက်အခဲရှိသော တိုင်းရင်းသားဒေသများတွင် ဤစိန်ခေါ်မှုများကို ပိုမိုကြီးမားစေသည်။

တုန့်ပြန်သူ အများအပြားက ဥပဒေ ဗဟုသုတ အထွေထွေ နည်းပါးမှုသည် တရားမျှတမှုကို ရှာဖွေသည့် လုပ်ငန်းစဉ်အပေါ် အားပေးပံ့ပိုးရန် လိုအပ်နေသော ကျူးလွန်ခံရသူများ၏ အသိုင်းအဝိုင်းများကို လုံလောက်သော ပံ့ပိုးမှု မပေးခြင်းကို ဖြစ်စေကြောင်းလည်း ညွှန်းပြနေသည်။

တရားစီရင်ရေးစနစ်အပေါ် မယုံကြည်မှုသည်လည်း ကျူးလွန်ခံရသူများအား အမှုရင်ဆိုင်နိုင်ရန် လိုလိုလားလားရှိမှုအပေါ် အတားအဆီးအဖြစ် ထောက်ပြကြသည်။ ယေဘူယျအားဖြင့် အဖွဲ့အစည်းများသည် ချမ်းသာပြီး အာဏာရှိသူများအတွက်သာ အလုပ်လုပ်ပြီး အထွေထွေပြည်သူများအတွက် မဟုတ်ဟု နားလည်ကြသည်။ အချို့သော ဖြစ်ရပ်များတွင် ရှေ့နေများ၏ အပြုသဘောမဆောင်သော အမြင်များ သို့မဟုတ် အနည်းဆုံး ရှေ့နေများ၏ စိုးရိမ်ကြောင့်ကျမှုများသည်လည်း အတားအဆီးတစ်ခု ဖြစ်သည်။

အချိန်ကြာမြင့်ပြီး ကုန်ကျစားရိတ်ကြီးမားသည့် တရားစီရင်ရေး လုပ်ထုံးလုပ်နည်းများသည်လည်း ကျူးလွန်ခံရသူများကို တရားမျှတမှု ရရှိစေခြင်းအား တားဆီးသည့် အရေးကြီးသော အကြောင်းရင်းများ ဖြစ်သည်။ တရားရုံး ရှေ့မှောက်တွင် ရာဇဝတ်ဆိုင်ရာ စီရင်မှုများ၏ ပထမကြားနာမှုသည် (အယူခံနှင့် နောက်ထပ်ကြားနာမှုများအား ထည့်မတွက်လျှင်ပင်) မကြာခဏရွှေ့ဆိုင်းမှုများအပါအဝင် တစ်နှစ်မှ နှစ်နှစ်အတွင်း ကြာမြင့်နိုင်သည်။ ရှေ့နေ ငှားရမ်းခနှင့် ခရီးသွားပြီး တရားရုံးတက်ရသည့် စားရိတ်များသည် လူအများအတွက် အထူးသဖြင့် စားဝတ်နေရေးအတွက် တောင်ယာစိုက်ပျိုးရေးသည် အဓိကလုပ်ငန်းဖြစ်သည့် တိုင်းရင်းသားဒေသများတွင် အလွန်ပင် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။

## ဖြစ်ရပ်နမူနာများ

၂၀၁၇ ခုနှစ်က ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ရဲအမှုထမ်း တစ်ဦးက ကိုယ်ဝန်ရှိနေသော အသက် ၁၆ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို မုဒိမ်းကျင့်ခဲ့သည်။ ကျူးလွန်သူက တယောက်ယောက်ကို ပြောပါက သူမကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ထားခဲ့သောကြောင့် ကျူးလွန်ခံရသူမှာ အလွန် ကြောက်နေခဲ့သည်။ ပတ်ဝန်းကျင်က ၎င်းအကြောင်းကို အတင်းပြောနေကြပြီး ယောကျ်ားဘက်မှ မိသားစုများက သူမကို ဖယ်ကျဉ်ထားသည်။ ကျူးလွန်ခံရသူက ကိုယ့်ကိုယ်ကို သတ်သေခဲ့သည်။ အမှုမှာ သူမ၏ သတ်သေမှုကြောင့် အုတ်အုတ်ကျက်ကျက်ဖြစ်သွားပြီး တရားရုံးသို့ ရောက်သွားခဲ့ သည်။ (အသေးစိတ်ကို အောက်တွင်ပါသော အခန်း ၅-၂ တွင် ကြည့်ပါ။)

### ၅-၁-၃။ ရဲများသည် ၎င်းတို့၏ လုပ်ငန်းများကို ဥပဒေနှင့်အညီ လုပ်ဆောင်နေခြင်း မရှိပေ။

သတ္တိရှိသော ကျူးလွန်ခံရသူများ သို့မဟုတ် ၎င်းတို့၏ ဆွေမျိုးများက လူ့အခွင့်အရေးချိုးဖောက်မှုများ အတွက် တရားမျှတမှုကို ရှာဖွေရန် ဆုံးဖြတ်သောအခါ ၎င်းတို့သည် လုပ်ငန်းစဉ်၏ ပထမဆင့်ဖြစ် သော ရဲထံတွင် ပိတ်ဆို့ခြင်းခံကြရသည်။ ရဲစခန်းတွင် အမှုတိုင်ကြားသော အမှုအများစုမှာ တရားရုံး သို့ မရောက်သည်ကို မိမိတို့၏ သုတေသနက ပြနေသည်။ ဤသုတေသနတွင် ပါဝင်သော ရဲစခန်း သို့ တိုင်ကြားသည့် ဖြစ်ရပ် (၂၃) ခုအနက် (၁၅) ခုမှာ တရားရုံး သို့မဟုတ် တရားသူကြီးရှေ့မှောက် တွင် အဆုံးသတ်ခြင်း မရှိခဲ့ပေ။ တရားရုံးသို့ မရောက်သော အမှုသည် ဤကိန်းဂဏန်းများက ညွှန်းပြ မှုထက် ပိုမိုများပြားမည်ဟု ယုံကြည်ရသည်။ အဘယ်ကြောင့်ဆိုသော် ဤသုတေသနတွင် ထည့် သွင်းထားသော ဖြစ်ရပ်များမှာ တရားရုံးသို့ သွားရောက်ခဲ့ကြသောကြောင့် ဖြစ်သည်။ မည်သို့ပင် ဖြစ်စေ အဆိုပါဖြစ်ရပ် (၁၅) ခုကို လေ့လာခြင်း သည်ပင် လုံခြုံရေး တပ်ဖွဲ့များက ကျူးလွန်သော ရာဇဝတ်မှုများအတွက် တရားမျှတမှုလမ်းကြောင်းတွင် ရဲများသည် အဓိက အတားအဆီး တစ်ခု အဖြစ် ရှိနေသည်ကို ပြသနေသည်။

## ဖြစ်ရပ်နမူနာများ

၂၀၁၇ ခုနှစ်တွင် ကချင်ပြည်နယ် ပဒ္ဒိုပက္ခ ဒေသအနီး နေထိုင်ခဲ့သည့် အသက် (၅၀) အရွယ် အမျိုးသားတစ်ဦး ပျောက်ဆုံးမှုတွင် ၎င်းကို တပ်မတော် စစ်သားများက ခေါ်သွားပြီး ပစ်သတ်ခဲ့ ကြောင်း မိသားစုဝင်များက ကြားသော်လည်း အလောင်းကို မည်သည့်အခါမျှ မတွေ့ရှိကြရပဲ သူ မည်သည့်နေရာရောက်နေသည် ဆိုသည့် သတင်းအချက်အလက်ကိုလည်း မရရှိခဲ့ကြပေ။ ၎င်း၏ မိသားစုနှင့် ရှေ့နေက ရဲစခန်းတွင် တိုင်ချက်ဖွင့်ခဲ့သော်လည်း ရဲက ဤအမှုကို မည်သည့်အခါမျှ ဆက်လက်ကိုင်တွယ်ခြင်း မရှိခဲ့ပေ။

မိမိတို့နှင့် အလုပ်အတူလုပ်သော ရှေ့နေတစ်ဦးက ပြဿနာမှာ ရဲအလုပ်ကို ထိန်းကျောင်းသည့်မှာ ဥပဒေများ မဟုတ်ပဲ အလေ့အထ ဖြစ်သည်ဟု ထောက်ပြသည်။ ရဲများသည် ရဲလက်စွဲနှင့် အခြား သက်ဆိုင်ရာ ဥပဒေများနှင့် အညီ၎င်းတို့၏ တာဝန်များကို ထမ်းဆောင်နေပါက ကျူးလွန်ခံရသူများ အတွက် တရားမျှတမှု ရရှိရန် များစွာတိုးတက်လာလိမ့်မည်။

အထက်တွင် ဖော်ပြသကဲ့သို့ (အခန်း ၅-၁-၁ ကိုကြည့်) စစ်သားများ ပါဝင်ပတ်သက်သော ဖြစ်ရပ်များတွင်အစိုးရ စစ်တပ်၏ ဝင်ရောက်စွက်ဖက်မှုသည် အဓိက အတားအဆီးဖြစ်သည်။ မြန်မာနိုင်ငံတွင် ရဲဝန်ထမ်းများသည် ကြားနေသူ မဟုတ်ပဲ ဖွဲ့စည်းပုံအရ အကန့်အသတ်ဖြင့်သာ လွတ်လပ်မှုရှိသည်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် ပြည်ထဲရေး ဝန်ကြီးဌာနကို မှီခိုနေရပြီး ပြည်ထဲရေး ဝန်ကြီးကို ကာကွယ်ရေး ဦးစီးချုပ်က ခန့်အပ်သည်။ ရဲတပ်ဖွဲ့တွင် အဓိကကျသော နေရာအများအပြားကို တပ်မတော်အရာရှိဟောင်းများက ချုပ်ကိုင်ထားသော်လည်း အထူးသဖြင့် ပဋိပက္ခဒေသများတွင် စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းတို့တွင် အစိုးရစစ်တပ်နှင့် ကွဲပြားခြားနားသည်။

ကျူးလွန်ခံရသူ၏ အမြင်တွင် ရဲတပ်ဖွဲ့၏ အခန်းကဏ္ဍနှင့် သက်ဆိုင်သော စိန်ခေါ်မှုများသည် အမှုကို ရှေ့သို့ ဖော်ဆောင်ရာတွင် လုပ်ငန်းစဉ်၏ မတူညီသော အဆင့်များတွင် ပေါ်ထွက်လာသည်။ ၎င်းတို့က တိုင်ကြားမှု၊ ပထမသတင်းပေးတိုင်ချက်နှင့် အမှု "ဖွင့်ခြင်း" ကို "လက်ခံရန်" ငြင်းပယ်နိုင်သည်။ ၎င်းတို့က စုံစမ်းစစ်ဆေးမှုကို အသေအချာ မလုပ်ပဲထားနိုင်သည် သို့မဟုတ်လုံးဝ စုံစမ်းစစ်ဆေးခြင်း မပြုပဲထားနိုင်သည်။ ၎င်းတို့က ကျူးလွန်သူကို ဖမ်းဆီးရန် မရှိမဖြစ်လိုအပ်သော အဆင့်များကို လုပ်ဆောင်ခြင်း မပြုပဲ ထားနိုင်သည်။ သို့မဟုတ် ၎င်းတို့က အမှုကို တရားရုံးကို မလွှဲပြောင်းပဲထားနိုင်သည်။ ကျူးလွန်သူကို မဖော်ပြနိုင်ပါက ရဲများက ၎င်းတို့အား "အမှု ဖွင့်မပေးနိုင်" ကြောင်း တုန့်ပြန်သူ အတော်များများက ပြောဆိုသည်။ သို့သော်လည်း တစ်ချိန်တည်းမှာပင် ၎င်းမည်သူမည်ဝါဆိုသည်ကို ဖော်ထုတ်ရန် မည်သည့် စုံစမ်းစစ်ဆေးမှုမျိုးကိုမဆို ပြုလုပ်ရန် ပျက်ကွက်သည်။ အမှုအတော်များများက ထိုအဆင့်တွင် တားမြစ်ခံရသည်။



ရဲအရာရှိများသည် အစိုးရစစ်တပ်နှင့် မတူကွဲပြားသော်လည်း အစိုးရစစ်တပ်သည် ရဲများ၏ အခန်းကဏ္ဍကို လေးစားမှု မရှိဘဲဝင်ရောက် စွက်ဖက်ပြီး ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုကို ထိန်းချုပ်ရန် ကြိုးစားသည်။ ၎င်းတို့၏ ကိုယ်ပိုင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်ကို မိမိတို့၏ အမှုများအပေါ် ခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက်များက ပြသနေသည်။ ပုံမှန်အားဖြင့် ရဲအရာရှိများသည် အစိုးရ စစ်တပ်ကို ထိပ်တိုက်ရင်မဆိုင်ရဲပဲ တပ်သားများ ကျူးလွန်သော ဖြစ်ရပ်များကို  စုံစမ်းစစ်ဆေးရန် ကြောက်ရွံ့ကြသည်။ ရဲအရာရှိများက ကျူးလွန်သော အမှုများဖြစ်ပါက ရဲတပ်ဖွဲ့မှ ၎င်း၏ တပ်ဖွဲ့ဝင်ကို အကာအကွယ်ပေးသည်။ သတိပြုစရာမှာ ရဲအရာရှိများ ပါဝင်ပတ်သက်ထားသော ဤသုတေသနတွင် သုံးသပ်ထားသည့် အမှု နှစ်ခုစလုံးတွင် ကြီးမားသော အခက်အခဲများ ရင်ဆိုင်ကြရသည်။

အချို့သော တုန့်ပြန်သူများက ရဲစခန်းတွင် အမှုဖွင့်ထားသော ဖြစ်ရပ်များတွင်အစိုးရ စစ်တပ်က မည်သို့ စွက်ဖက်သည်ကို ပြောပြကြသည်၊ အထောက်အထားများကို ဖျက်ဆီးသည်၊ ရဲအက်ဥပဒေ ရှေ့မှောက်တွင် ဖြစ်ရပ်များကို မရေမရာဖြစ်အောင် လုပ်ဆောင်သည်။ ထို့အပြင် ရဲများသည် အစိုးရစစ်တပ်ဘက်ကို ဘက်လိုက်ခြင်းကြောင့် ခိုင်မာသော စုံစမ်းစစ်ဆေးမှု၊ ရာဇဝတ်မှုခင်းကို စစ်ဆေးခြင်းနှင့် အထောက်အထားများ စုဆောင်းခြင်းတို့ လုပ်ဆောင်ရာတွင်ထိရောက်မှုမရှိပဲဖြစ်ရသည်။ ရဲအရာရှိများက အထောက်အထား ရှိလိမ့်မည်ဟု မထင်ကြောင်းယုံကြည်သောကြောင့် ၎င်းတို့အနေဖြင့် တိုင်ကြားချက်ကို "လက်မခံ" နိုင်ကြောင်း ပြောဆိုကြသည်ဟု အချို့သော တုန့်ပြန်သူများက ပြောပြသည်။

ထိုအပြင် ရဲများတွင် မှုခင်း ဆေးပညာဆိုင်ရာ စစ်ဆေးမှုနှင့် အထောက်အထား ထိန်းသိမ်းမှု အရည်အသွေးနည်းပါးခြင်းသည်လည်း အဓိက အတားအဆီးဖြစ်သည်။ ယင်းသည် ကချင်ကျောင်းဆရာမများ၏ အမှုတွင် ဇီဝကမ္မဗေဒဆိုင်ရာ အရည်အထောက်အထားနှင့် DNA တို့ကို ကိုင်တွယ်ရာတွင် ရှင်းရှင်းလင်းလင်း တွေ့မြင်ရသည်။ တိုက်ရိုက်မျက်မြင်သက်သေမရှိလျှင်ပင် ကျူးလွန်သူများကို ရုပ်ဝတ္ထု အထောက်အထား စနစ်တကျ ကောက်ယူခြင်းဖြင့် ကျူးလွန်သူကို ဖော်ထုတ်နိုင်သည်။ သို့ရာတွင် ရဲများက ထိုသို့ ကောက်ယူခြင်း၊ ရဲလက်စွဲတွင်ဖော်ပြထားသော အထောက်အထား ကိုင်တွယ်ခြင်းဆိုင်ရာ အခြေခံ လုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်းတို့ လုပ်ဆောင်ရန် မကြာခဏပင် ပျက်ကွက်သည်။

ရဲသည်  အထောက်အထား ဖျက်ဆီးပစ်သော ဖြစ်ရပ်များ သို့မဟုတ် ကျူးလွန်ခံသော မိသားစုကို မပြပဲ ကွယ်ဝှက်ထားခြင်း သာမက မျက်မြင်သက်သေများအား နှောက်ယှက်စော်ကားခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းများ အထိပင်ရှိကြောင်း အချို့သော တုန့်ပြန်သူများက ပြောပြကြသည်။

အရပ်သားများကို ထိန်းသိမ်းပြီး မတရားအသင်းဆက်သွယ်မှုနှင့် ပတ်သက်ကြောင်း လွဲမှားစွာစွပ်စွဲသည့် နမူနာ ဖြစ်ရပ်ဖြစ်သည့် မတရား ထိန်းသိမ်းခြင်း ဖြစ်ရပ်များတွင် ရဲများက ဥပဒေနှင့်အညီ လုပ်ဆောင်ခြင်းမရှိသည်မှာ ထင်ရှားသည်။ ထိန်းသိမ်းခြင်း၊ ရှေ့နေရပိုင်ခွင့်ရှိခြင်း၊ အတင်းအဓမ္မ ဝန်ခံစေခြင်း စသည်တို့နှင့်သက်ဆိုင်သော စည်းမျဉ်းများကို လိုက်နာရန် ပျက်ကွက်သည်။ (အောက်တွင် ဖော်ပြထားသည့် အခန်း ၅-၁-၇ တွင်ကြည့်ပါ။)

ဤသုတေသနတွင် ပါဝင်သော ဖြစ်ရပ်အားလုံး နီးပါးတွင် ရဲတပ်ဖွဲ့နှင့် ပတ်သက်သည် စိမ်ခေါ်မှုများကို တစ်ခု သို့မဟုတ် ထို့ထက်ပိုမို၍ တွေ့ရှိရသည်။

# ဖြစ်ရပ်နမူနာများ

၂၀၁၃ ခုနှစ်တွင် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ရဲနှစ်ဦးသည် အမျိုးသမီးတစ်ဦးကို သူမ၏ အိမ်တွင် မုဒိမ်းပြုကျင့်ခဲ့သည်။ ကျူးလွန်ခံရသူ အမျိုးသမီးကိုယ်တိုင်နှင့် ဒေသခံ အဖွဲ့အစည်းများနှင့် လူထုခေါင်းဆောင်များက ဤအမှုကို တရားရုံးတွင် စွဲချက်တင်ရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သော်လည်း ရဲများက ကျူးလွန်သူများကို မရှာဖွေနိုင်သောကြောင့်ဟူသော အကြောင်းပြချက်ဖြင့် ယနေ့ထိတိုင်အောင် ထိုအမှုကို ဆက်လက်ကိုင်တွယ်ခြင်းမရှိပေ။

၂၀၁၇ ခုနှစ်က ရဲအမှုထမ်း တစ်ဦးက အသက် ၁၆ နှစ်အရွယ် ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ဦးကို မုဒိမ်းပြုကျင့်ပြီး နောက်ပိုင်းတွင် ကိုယ့်ကိုယ်ကို သတ်သေသွားသည့် အမှုတွင် (အပေါ်တွင်ကြည့်ပါ) အစောပိုင်း၌ လုပ်ငန်းစဉ် အားလုံးကို ရဲများက ပိတ်ဆို့ထားပြီး ၎င်းရဲသားကို အကာအကွယ်ပေးထားခဲ့သည်။ သူမက သူ့ကိုယ်သူ သတ်သေပြီး နောက်တွင်မှ အမှုကို လားရှိုးခရိုင်တရားရုံးသို့ လွှဲပြောင်းပြီး ကြားနာခဲ့သည်။

၂၀၁၉ ခုနှစ် ဇူလိုင်လ ညအချိန်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း၌ အသက် ၅၁ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို သတ်ဖြတ်မှုတွင် အထောက်အထားများအားလုံးက ထိုနေ့က ၎င်းတို့ရွာသို့ ရောက်လာသော အစိုးရစစ်သားများကို ညွှန်ပြနေသည်။ မိသားစုက ရဲစခန်းတွင် တိုင်ကြားခဲ့သော်လည်း စစ်တပ်က ရဲများ ပါဝင်မှုကို ပိတ်ဆို့ထားခဲ့ပြီး ၎င်းတို့၏ တပ်ဖွဲ့ဝင်ကို အကာအကွယ် ပေးရန် ကြိုးစားခဲ့သည်။ လူထုအခြေပြုအဖွဲ့အစည်းများက သတင်းစာရှင်းလင်းပွဲ အပါအဝင် နည်းမျိုးစုံဖြင့် ဖိအားပေးပြီးနောက်တွင် အစိုးရစစ်တပ်က စုံစမ်းစစ်ဆေးရေးကို လုပ်ဆောင်ခဲ့သော်လည်း အရေးယူဆောင်ရွက်မှု စတင်ခဲ့ခြင်းရှိပုံ မရပေ။ ဒေသခံ အဖွဲ့အစည်းများက တရားမျှတသော စီရင်ချက်ရရှိမည်ဟူသော မျှော်လင့်ချက်ဖြင့် အရပ်ဘက် တရားရုံးသို့ အမှုကို လွှဲပြောင်းရန် ကြိုးပမ်းခဲ့သော်လည်း ခက်ခဲကြောင်း သက်သေပြနေသည်။

၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် မုဒိမ်းကျင့်ပြီး သတ်ဖြတ်ခံခဲ့ရသည့် စေတနာ့ဝန်ထမ်း ကချင်ဆရာမ နှစ်ဦး အမှုတွင် (အထက်တွင်ကြည့်) ရဲတပ်ဖွဲ့က အထောက်အထားကို မမှန်မကန် ကိုင်တွယ်ခဲ့သည်မှာ အလွန်ထင်ရှားခဲ့ပြီး နောက်ပိုင်းတွင် အစိုးရစစ်တပ်ကို ကာကွယ်ရန် အရပ်သား လူငယ်နှစ်ဦးကို တန်ပြန်စွပ်စွဲခဲ့သည်။

၂၀၁၃ ခုနှစ်က အသက် (၇) နှစ်အရွယ် မိန်းကလေးငယ်ကို စစ်သားတစ်ဦးက မုဒိမ်းကျင့်ခဲ့ပြီး စစ်ဘက်ဆိုင်ရာ တရားရုံးနှင့် အရပ်ဘက်တရားရုံးက နောက်ပိုင်းတွင် အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့သော အမှုတွင် (အထက်တွင်ကြည့်) ရွာသားများက ကျူးလွန်သူကို သူတို့ကိုယ်တိုင် ဖမ်းဆီးပြီး ရဲစခန်းကို ခေါ်ဆောင်သွားခဲ့သည်။ ရဲများက တက်ကြွစွာ စုံစမ်းစစ်ဆေးပြီး ထိုသူကို ဖမ်းဆီးခဲ့ခြင်း မဟုတ်ပေ။

## ၅-၁-၄။ တရားသူကြီးများသည် ခြစားပြီး မြန်မာ့အစိုးရစစ်တပ်၏ ဩဇာလွှမ်းမိုးမှုအောက်တွင် ရှိနေသည်။

နိုင်ငံရေးအရ ထိရှလွယ်သော ဖြစ်ရပ်များ တရားသူကြီး ရှေ့မှောက်သို့ ရောက်သည့်အခါ ခြစားမှုနှင့် အစိုးရစစ်တပ်၏ ဩဇာသက်ရောက်မှုတို့က ရလဒ်၏ မျှတမှုအပေါ် သက်ရောက်ကြောင်း မိမိတို့ သုတေသနက ပြသနေသည်။ ယင်းသည် အရပ်သားများကို တရားမဝင် အဖွဲ့အစည်းများတွင် ပါဝင်ပတ်သက်မှုအတွက် မားယွင်း တရားစွဲဆိုသည့် တရားဥပဒေမဲ့ ထိန်းသိမ်းမှုတွင် အထူးသိသာထင်ရှားသည်။ ထိုအမှုများတွင် ရှေ့နေများက တရားသူကြီးများ၏ ဘက်လိုက်မှုနှင့် သက်သေအထောက်အထားများကို ကြည့်ရန် ငြင်းဆိုမှုတို့ကို တွေ့ရှိရသည်။

မြန်မာနိုင်ငံ တရားစီရင်ရေး၏ လွတ်လပ်မှုမရှိခြင်းနှင့် ဘက်လိုက်ခြင်းကို ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုထားကြသည်။ တရားသူကြီးများအပေါ် နိုင်ငံရေးနှင့် အစိုးရစစ်တပ်၏ ဩဇာသက်ရောက်မှုသည် ဥပဒေစိုးမိုးရေးအတွက် အဓိက အတားအဆီးအဖြစ် အသိအမှတ်ပြုထားကြသည်။ တရားစီရင်ရေးနှင့် ဥပဒေရုံးများရှိ အထက်တရားသူကြီးများနှင့် အရာရှိများသည် အစိုးရစစ်တပ် အရာရှိ

မြစ်ကြီးနားမြို့နယ် တရားရုံး



ဟောင်းများဖြစ်ကြပြီး အချို့သည် အစိုးရစစ်တပ် နှင့်/သို့ ရဲတပ်ဖွဲ့ကို  သစ္စာခံရမည်ဟု ခံယူထားကြသည်။ နိုင်ငံရေးအရ ထိရှလွယ်သော အမှုများ ဖြစ်သောအခါ  တရားသူကြီးများသည် အစိုးရအရာရှိများနှင့် အဖွဲ့အစည်းများ အထူးသဖြင့် အစိုးရစစ်တပ်နှင့်ရဲတပ်ဖွဲ့တို့၏ လမ်းညွှန်မှုများကို နိုင်ထက်စီးနင်းဖြစ်စေ အရိပ်အခြေပြ၍ဖြစ်စေ လိုက်နာရသည်။ မိမိတို့သုတေသနကို တုန့်ပြန်သူအချို့က တရားသူကြီးများ၏ ”ကိုယ်တိုင်ဆုံးဖြတ်မှု” အကြောင်းပြောကြသည်။ ၎င်းတို့ လုပ်ဖို့ မလိုအပ်သည့် အချိန်တွင်ပင် ၎င်းတို့ဘာသာ ဘက်လိုက်ခြင်းဖြစ်သည်။ တုန့်ပြန်သူများက ယင်းကို “အတွေးအခေါ်ဟောင်း” အဖြစ် မြင်ကြသည်။

ထို့အပြင် တရားစီရင်ရေးတွင် ခြစားမှုမှာ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေသည်။ ယင်းအလေ့အထများသည် ထိခိုက်လွယ်ပြီး အားနည်းချက်ရှိသော အုပ်စုများ ဥပမာ တောင်းဆိုသော ငွေပမာဏကို မတတ်နိုင်သည့် တိုင်းရင်းသား  ဒေသမှ လယ်သမားများအပေါ် ညီမျှမှုမရှိပဲ သက်ရောက် နေသည်။

တရားသူကြီးများ၏ အရည်အသွေး မပြည့်ဝမှုသည်လည်း အကြောင်းရင်း တစ်ရပ်ဖြစ်နေသည်။ မိမိတို့၏ တုန့်ပြန်သူ အချို့က သမိုင်းတလျောက် တရားစီရင်ရေးမှာ လွတ်လပ်မှု မရှိသည့်အတွက် ၎င်းအလုပ်များမှာ အရည်အသွေးရှိပြီး ထက်မြက်သော လူများကို စွဲဆောင်နိုင်ခြင်း မရှိသည့် အချက်ကို ထင်ဟပ်ပြောဆိုသည်။ တရားသူကြီးများမှာ ဥပဒေဆိုင်ရာ အသိပညာ နည်းပါးကြပြီး လွတ်လပ်ပြီး တရားမျှတသော ကြားနာမှုများ ဆောင်ရွက်ရန် အရည်အသွေး မရှိကြပေ။

တရားစွဲဆိုရန် ဆုံးဖြတ်ချက်များ၊ အာမခံပေးရန် ဆုံးဖြတ်ချက်များ၊ ရှေ့နေရပိုင်ခွင့်၊ တရားစွဲဆိုမှု အထောက်အထားကို ဖော်ထုတ်ခြင်း၊ အမှုကြားနာခြင်း၊ အပြန်အလှန်မေးမြန်းခြင်း၊ သက်သေအထောက်အထားနှင့် မျက်မြင်သက်သေများ တင်သွင်းခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းစသည့် စိန်ခေါ်မှုများသည် တရားရုံး လုပ်ငန်းဆောင်တာများ၏ ဘက်ပေါင်းစုံအပေါ် သက်ရောက်နေသည်။ ခြစားခြင်းနှင့် အစိုးရစစ်တပ်မှ လွန်ကဲသော ဩဇာအာဏာလွှမ်းမိုးမှုများကြောင့် တရားသူကြီးများသည် ရဲတပ်ဖွဲ့များ လုပ်ဆောင်ရသော နိုင်ငံရေးအရ လွှမ်းမိုးမှုရှိသည့် တရားစွဲဆိုမှုများ၊ တရားရုံး၌ရုံးချိန်းနှောင့်နှေးမှုများနှင့် သက်သေအထောက်အထား ဖျက်ဆီးခြင်းစသည့် လွဲမှားသော လုပ်ဆောင်မှုများကို အရေးယူခြင်း မရှိပေ။ ယေဘူယျအားဖြင့် တရားသူကြီးများသည် မတရား ထိန်းသိမ်းမှုဖြစ်ရပ်များတွင် သက်သေအထောက်အထားအဖြစ် အသုံးပြုရန် အဓမ္မ နှိပ်စက်ညှဉ်းပမ်းမှုဖြင့် ရယူထားသည့် ထွက်ဆိုချက်များအား တုန့်ပြန်ရန် ပျက်ကွက်လေ့ရှိသည်။ မိမိတို့၏ အမှုများတွင် ပါဝင်ပတ်သက်သော ရှေ့နေများသည် တရားသူကြီးများကအပြစ်မှ ကင်းလွတ်ခွင့်ပေးနိုင်သည့် သက်သေအထောက်အထားများကို ငြင်းပယ်ခြင်းများကြောင့် တရားမျှတမှု မရှိသော စီရင်ဆုံးဖြတ်ချက်များ ဖြစ်ပေါ်ရကြောင်းလည်း ပြောပြကြသည်။



၂၀၁၁ ခုနှစ်တွင် မြန်မာ့တပ်မတော်သည် ကချင်အမျိုးသမီး တစ်ဦးအား မုဒိမ်းကျင့် သတ်ဖြတ်ခဲ့ပြီးထိုအမှုကို အမြင့်ဆုံး တရားရုံးသို့ တိုင်တန်းရာ ပယ်ချခံခဲ့ရသည်။

## ဖြစ်ရပ်နမူနာများ

၂၀၁၂ ခုနှစ်က ကချင်လွတ်လပ်ရေး တပ်မတော် (KIA) နှင့် ပတ်သက်သည်ဟူသော စွပ်စွဲချက်ဖြင့် ကချင်ပြည်နယ်တွင် ဖမ်းဆီးခံရသော လူနှစ်ဦး၏ ကြားနာမှုတွင် ဆုံးဖြတ်ချက်ချမှတ်သည်အထိ တရားရုံးက နှစ်နှစ် အချိန်ယူခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တရားစွဲဆိုသူ၏ အဓိက မျက်မြင်သက်သေမှာ တရားရုံး ချိန်းဆိုမှုများကို လာရောက်ခြင်း မရှိသောကြောင့် ဖြစ်သည်။ စွပ်စွဲခံရသော လူများမှာ စစ်ဆေးစဉ်အတွင်း နှိပ်စက်ညှဉ်းပမ်းခံခဲ့ရရာတွင် နှစ်ဦးထဲမှ တစ်ဦးမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုခံခဲ့ရပြီး သူတို့နှစ်ဦးမှာ အတင်းအဓမ္မ ဝန်ခံခိုင်းခြင်း ခံကြရသည်။ မိသားစုဝင်များနှင့် ရှေ့နေက ၎င်းတို့ နှစ်ဦးမှာ KIA မဟုတ်ကြောင်း သက်သေ အထောက်အထားများ ပြသသော်လည်း တရားသူကြီးက အထောက်အထားများကို ထည့်သွင်းစဉ်းစားရန် ငြင်းဆိုခဲ့ပြီး ယင်းတို့အား အပြစ်ရှိကြောင်း ဆုံးဖြတ်ရမည်၊ သို့မဟုတ်ပါက အလုပ်ကို ထိခိုက်စေလိမ့်မည်ဟု ပြောသည်။

၂၀၁၁ ခုနှစ် အောက်တိုဘာလတွင် မြန်မာ့တပ်မတော်၏ ဖမ်းဆီးခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းနှင့် သတ်ဖြတ်ခြင်း ခံရသည့် အသက် (၂၈) နှစ်အရွယ် ကချင်အမျိုးသမီး၏ အမှုကို တရားလွှတ်တော်က အစိုးရစစ်တပ် ခုခံချေပသူ (တရားခံ) ဘက်မှ ပြောဆိုချက်များကိုသာ နားထောင်ပြီး "အထောက်အထား မပြည့်စုံ" ဟုဆိုကာ အမှုကို ရုတ်သိမ်းခဲ့သည်။

## ၅-၁-၅။ ရှေ့နေများနှင့် လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများသည် ဖြစ်ရပ်မှုခင်းများကို ပံ့ပိုးရန်အရင်းအမြစ် အနည်းငယ်သာရှိသည်။

ဒေသခံ အဖွဲ့အစည်းများ (လူထုအခြေပြု အဖွဲ့အစည်းများ (သို့မဟုတ်) အရပ်ဘက်အဖွဲ့အစည်းများ ဟုလည်း သိကြသည်) နှင့် အမှန်တရားကို ရှာဖွေနေသော ကျူးလွန်ခံရသူများအား ပံ့ပိုးရန် ကြိုးစားနေသော ရှေ့နေများသည် အလွန်အမင်း စိန်ခေါ်မှုများသော ပတ်ဝန်းကျင်များတွင် အလွန်နည်းပါးသော အရင်းအမြစ်များနှင့် ပြင်ပပံ့ပိုးမှုဖြင့်သာ ထိုသို့လုပ်ကြရကြောင်း မိမိတို့ သုတေသနက ပြသနေသည်။

ထိုသို့သော နိုင်ငံရေးအရ ထိရှလွယ်သော အမှုများကို ကိုင်တွယ်နိုင်သော ရှေ့နေများမှာ မြန်မာနိုင်ငံတွင် အရေအတွက် အကန့်အသတ်ဖြင့်သာ ရှိနေပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အနည်းငယ်သာလျှင် ရှိသည်ကို တွေ့ရသည်။ ရှေ့နေအများစုမှာ အစိုးရ စစ်တပ်ကို ကြောက်ရွံ့ကြသည်။ ဤသုတေသနအတွက် မေးမြန်းသော ရှေ့နေများက ထိရှလွယ်သော အမှုများကို ကိုင်တွယ်သည့်အခါ နောက်ယောင်ခံ လိုက်ခံရခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် နောက်ယှက်စော်ကား ခံရခြင်းများ ရှိကြောင်း ပြောကြသည်။

နိုင်ငံရေးအရ ထိရှလွယ်သော အမှုများတွင် ပါဝင်သော ရှေ့နေများကို စောင့်ကြည့်ခြင်း၊ စော်ကားနောက်ယှက်ခြင်းနှင့် အခြားသော နည်းလမ်းများဖြင့် ရှေ့နေများ၏ အမှီအခိုကင်းမှုကို ကန့်သတ်ရန် ကြိုးပမ်းခြင်းများမှာ ဖြစ်လေ့ရှိသည်။

ထိုသို့သော အမှုမျိုးများတွင် တက်ကြွစွာ ထိတွေ့ပါဝင်ပြီး ဘေးအန္တရာယ် ဖြစ်နိုင်ချေကို ရင်ဆိုင်ရဲသော ဒေသခံလူထု အခြေပြုအရပ်ဘက် အဖွဲ့အစည်းများ ရှိကြသည်။ ၎င်းတို့၏ ကိန်းဂဏန်းအရေအတွက်မှာ အကန့်အသတ် ရှိနေပြီး ဤအလုပ်ကို လုပ်နိုင်ရန် ခိုင်မာသော အရင်းအမြစ်ရရှိမှု အားနည်းကြသည်။ ၎င်းတို့သည် မကြာခဏ တိုင်းရင်းသား အမျိုးသမီး အုပ်စုများဖြစ်နေတတ်သည်ကို တွေ့ရသည်။ ထိုသတ္တိရှိသော အဖွဲ့အစည်းများမှာ နိုင်ငံတကာ အေဂျင်စီများက ပံ့ပိုးထားသော ဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ရရှိရေးတို့အပေါ် အလုပ်လုပ်နေသည့် ရန်ပုံငွေတောင့်တင်းသော ပင်မရေစီးကြောင်း အစီအစဉ်များမှ ဖယ်ကျဉ်ထားခြင်းခံရသည်။ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများမှ တုန့်ပြန်သူများသည် ၎င်းတို့၏ ဥပဒေဆိုင်ရာ ကျွမ်းကျင်မှုများ၊ အသိပညာ ဗဟုသုတများနှင့် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို နားလည်ရန် အရည်အသွေးများ တိုးမြှင့်လိုကြောင်း ဖော်ပြကြပြီး ကျူးလွန်ခံရသူများနှင့် အတူတကွ ဖြတ်သန်းကြသည်။

ထိုကဲ့သို့သော ထိရှလွယ်သည့် အမှုများအတွက် လိုအပ်သော ဘဏ္ဍာရေး အရင်းအမြစ်များ ရယူခြင်းသည်လည်း အရေးကြီးသော ကိစ္စရပ် ဖြစ်သည်။ ကျူးလွန်ခံရသူများ၏ မိသားစုများသည် တရားရုံးတွင် ကြားနာမှု လုပ်ငန်းစဉ် တစ်ခုလုံးအတွက် ကုန်ကျစားရိတ်များနှင့် ရှေ့နေခများ ပေးနိုင်ရန် နည်းလမ်းမရှိပေ။ သို့ဖြစ်ရာ ယင်းအတွက် အရင်းအမြစ်များ ရှာဖွေရန်မှာ ရှေ့နေများနှင့် လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများ၏ တာဝန်ဖြစ်လာပြီး ယင်းသည်လည်းစိန်ခေါ်မှု တစ်ရပ်ဖြစ်ပေသည်။ ဤသို့သော အလုပ်အမျိုးအစားအတွက် ရန်ပုံငွေ ထောက်ပံ့ရန် အနည်းငယ်သော

အလုပ်ရှင် တစ်ချို့က အကောင်းဆုံး ကြိုးစားကြသော်လည်း နိုင်ငံရေး အရ ထိရှလွယ်သည့် အလုပ်များအတွက် ကြီးမားသော ပင်မရေစီးကြောင်း အလှူရှင်များထံမှရန်ပုံငွေ ရရှိရန် ခက်ခဲပေသည်။ ရှေ့နေတစ်ဦးက ၎င်းတို့၏ အထွေထွေ အလုပ်နှင့် ဥပဒေဆိုင်ရာ ပံ့ပိုးမှုများအတွက် ရန်ပုံငွေပေးနေသော အလှူရှင်တစ်ဦးသည် နိုင်ငံရေးအရ ထိရှလွယ်သော အမှုများနှင့် ပတ်သက်လာလျှင် ထိုသို့သော အမှုများကို ငွေကြေး ထောက်ပံ့မှု မပြုသင့်ကြောင့် ပွင့်ပွင့်လင်းလင်းမရှိပဲ အကြံပြုပြောဆိုကြောင်း ပြောပြသည်။

ထိုသို့သော အမှုများအတွက် လိုအပ်ချက်များကို ခန့်မှန်းချေ ဘတ်ဂျက်တွက်ချက်ရန် အလွန်ခက်ခဲရာ ယေဘူယျအားဖြင့် အမှုများကို ဖြေရှင်းရန် စီမံကိန်းတစ်ခုဖြင့် လည်ပတ်နိုင်ရန် ပြုပြင် ပြောင်းလဲလွယ်ပြီး ရေရှည်ထောက်ပံ့မှုများ လိုအပ်လျက်ရှိနေသည်။ ဥပမာအားဖြင့် တရားရုံးချိန်းများနှင့် ပတ်သက်သည့် ကုန်ကျစားရိတ်များကို တွက်ချက်ရန် ဖြစ်နိုင်သော်လည်း ဤသို့သော အမှုများတွင် ရုံးချိန်း မည်မျှရှိမည်ကိုနှင့် ရှေ့နေများ အနေဖြင့် အခြားမည်သည့် လုပ်ဆောင်မှုများ လုပ်ရန်လိုအပ်သည်ကို ကြိုးတင်ခန့်မှန်းရန် မဖြစ်နိုင်ပေ။ အမှုများကို အဓိကမြို့ကြီးများ အပြင်ဘက်တွင် ကြားနာပါက ခရီးသွားလာမှုနှင့် သယ်ယူပို့ဆောင်ရေးအတွက် ငွေအမြောက်အများ သုံးစွဲရန် လိုအပ်ပေလိမ့်မည်။ အလှူရှင်များအနေဖြင့် ပြောင်းလွယ်ပြင်လွယ်ရှိရန်နှင့် ရှေ့နေအုပ်စုများကို ယုံကြည်မှုပိုရှိရန် လိုအပ်သည်။ ပြုပြင်ပြောင်းလဲလွယ်ပြီး အထွေထွေ ထောက်ပံ့မှုကို ပေးသော အလှူရှင်အငယ်များသည် ကံမကောင်းစွာပင် လုံလောက်သော ငွေကြေးထောက်ပံ့မှုကို မပေးနိုင်ကြပေ။

ဤသို့သော ထိရှလွယ်သော အမှုအမျိုးအစားများတွင် တက်ကြွစွာ ဘေးအန္တရာယ်ကို မကြောက်မရွံ့ လုပ်ကိုင်နေသော ဒေသခံ လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများသည် ယေဘူယျအားဖြင့် ဤသို့သော ခန့်မှန်း၍မရသည့် အလုပ်မျိုးအတွက် မလုံလောက်သည့် ငွေပမာဏ အနည်းငယ်ကိုသာ အလှူရှင်များထံမှ ရယူကြသည်။ ထိုမျှသာမက ငွေပမာဏအနည်းငယ်သာဖြစ်သော်လည်း ကြီးလေးသော အစီရင်ခံမှု လုပ်ငန်းစဉ်အတွက် အားထုတ်မှု အမြောက်အများ လုပ်ဆောင်ကြရပြီး အမှန်တကယ် လိုအပ်သော အလုပ်များတွင် နှောင့်နှေးမှုများကို ဖြစ်ပေါ်စေသည်။ စာရင်းသွင်းခြင်းသို့မဟုတ် ယင်းသို့ လုပ်ရန် အားနည်းခြင်းသည်လည်း ပြဿနာ တရပ်ဖြစ်ပေသည်။ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး မြှင့်တင်ရေးအတွက် အရေးတကြီး လိုအပ်သော ဤလုပ်ငန်း၏ စိန်ခေါ်မှုများဖြစ်သည့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိရန် လိုအပ်မှုအတွက် ပြုပြင်ပြောင်းလဲလွယ်သော ငွေကြေးထောက်ပံ့မှုကို လိုအပ်သည်။

လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အခိုင်အမာတိုက်ပွဲဝင်နေသည့် ကျူးလွန်ခံရသူများကို ကူညီရန် ကြိုးပမ်းအားထုတ်နေသည့် ဒေသခံလူမှုအခြေပြုအရပ်ဘက် အသိုင်းအဝိုင်းများကို ပံ့ပိုးရန် နိုင်ငံတကာ အလှူရှင် အေဂျင်စီများထံမှ အကူအညီများ ပိုမိုလိုအပ်လျက်ရှိသည်။ ဤသုတေသနတွင် ပါဝင်သော အရပ်သားများအား နိုင်ငံရေးအကြောင်းရင်းခံများဖြင့် လွဲမှားစွာတရားစွဲဆိုသော မတရားဖမ်းဆီးခြင်း ၂၂ မှုအတွင်း ၆ မှုမှာ အထက်တရားရုံးသို့ အယူခံဝင်ရန်ကြိုးစားခဲ့ခြင်းမရှိပေ။ ယင်းအတွက် ပေးခဲ့သော အကြောင်းပြချက်များအနက် ရှေ့နေတစ်ဦးက တခါတရံတွင် ထိုသို့လုပ်ရန် ဘဏ္ဍာရေး အရင်းအမြစ်မရှိခြင်းသက်သက်သာ မဟုတ်ကြောင်း ထောက်ပြသည်။ ယင်းမှာ လက်ခံနိုင်စရာ မရှိပေ။

နိုင်ငံရေး အရ ထိရှလွယ်သော ဖြစ်ရပ်များနှင့် လုံခြုံရေး တပ်ဖွဲ့များက ကျူးလွန်သော ရာဇဝတ်မှုများနှင့် ပတ်သက်၍ မပြောင်းမလဲပဲ ရှိနေခြင်းအပေါ် စိန်ခေါ်မှု မလုပ်သည့် ပင်မရေစီးကြောင်း ဥပဒေစိုးမိုးရေး သို့မဟုတ် ဥပဒေဆိုင်ရာ အထောက်အကူပြု အစီအစဉ်များကိုသာ ဘဏ္ဍာငွေ ထောက်ပံ့မှုများ မသွားသင့်ပေ။ နိုင်ငံတကာ အလှူရှင်များအနေဖြင့် အဆိုးရွားဆုံး ရာဇဝတ်မှုများ၏ ကျူးလွန်ခံရသူအတွက် တရားမျှတမှုကို ရရှိရန် အခိုင်အမာ ပံ့ပိုးသည့် နည်းလမ်းကို ရှာဖွေရန် လိုအပ်သည်။

## ဖြစ်ရပ်နမူနာများ

၂၀၁၅ ခုနှစ် ဇွန်လ ဖားကန့်မြို့နယ်တွင် အစိုးရစစ်တပ်၏ ဖမ်းဆီး သတ်ဖြတ်ခြင်းခံရသော အသက် (၅၂) နှစ် အရွယ် ကချင်လယ်သမားတစ်ဦး၏ အမှုတွင် ရှေ့နေများက ရဲစခန်းတွင် အမှုဖွင့်ရန် ကြိုးစားသည့် မိသားစုကို ကူညီခဲ့ကြပြီး အမှုကို ကြားနာစေရန် အာဏာပိုင်များအား ဖိအားပေးခဲ့ကြသော်လည်း အောင်မြင်မှုမရခဲ့ကြပေ။ ရှေ့နေများက ထိုအမှုလိုက်ရာတွင် ဘေးကင်းလုံခြုံမှုမရှိသော နေရာသို့ ခရီးဝေး သွားကြရသဖြင့် စိန်ခေါ်မှု အလွန်ကြီးမားကြောင်း ပြောပြသည်။

၂၀၁၈ ခုနှစ် ဇန္နဝါရီလအတွင်း စစ်တပ်က ဖမ်းဆီးသွားသော ကချင် လယ်သမားနှစ်ဦး၏ အမှုတွင် ၎င်းတို့ကို KIA အဖွဲ့ဝင်များအဖြစ် စွပ်စွဲပြီး ဖမ်းဆီးသွားခဲ့သည်ဆိုသည်မှ လွဲ၍၎င်းတို့ထံမှ မိသားစုနှင့် ဒေသခံ အသိုင်းအဝိုင်းများသည် မည်သည့် သတင်းစကားကိုမျှ ရက်သတ္တပတ် အတော်ကြာအောင် မရရှိခဲ့ပေ။ ယင်းတို့ အသတ်ခံလိုက်ရပြီဟု သံသယဖြစ်သည့်အချိန်တွင် ဒုက္ခသည် စခန်းမှ လူထုခေါင်းဆောင်တစ်ဦးဖြစ်သည့် တရားဟောဆရာက ဆွေမျိုး တစ်စုနှင့် လူထု အဖွဲ့ဝင်များကို ဦးဆောင်ပြီး အလောင်းများ ရှာဖွေကာ မြေမြှုပ်သင်္ဂြိုလ်ပေးခဲ့သည်။ အစိုးရစစ်တပ်၏ ဟန်ဆောင် စုံစမ်းစစ်ဆေးမှု လုပ်ပြီးနောက် ရဲစခန်းတွင် ဖွင့်ထားသော ယင်းအမှုကို နောက်ထပ်ဘာမှ မလုပ်ပဲ ပိတ်လိုက်သည်။

## ၅-၁-၆။ မျက်မြင်သက်သေများနှင့် ခိုင်မာသော သက်သေအထောက်အထား များရရှိရန် ခက်ခဲသည်။

မိမိတို့၏ သုတေသနတွင် တုန့်ပြန်သူ အများအပြားက လုံခြုံရေး တပ်ဖွဲ့များ ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တရားမျှတမှု ရှာဖွေရာတွင် အထောက်အထား မခိုင်လုံခြင်းသည် အဓိကစိန်ခေါ်မှု ဖြစ်ပြီး သဘောတရားအားဖြင့် အထောက်အထား ရှိနေသော်လည်း ထိုသို့သော အမှုအမျိုးအစားများတွင် အထောက်အထားရယူရန် အလွန်ပင် ခက်ခဲသည်။

မည်သည့် တရားစီရင်ရေး အခင်းအကျင်းတွင်မဆို လွတ်လပ်မျှတပြီး ဘက်မလိုက်သည့် တရားစီရင်ရေးတွင်ပင် မျက်မြင်သက်သေ၏ ခိုင်မာသော ထွက်ဆိုချက် သို့မဟုတ် မှတ်တမ်းမှတ်ရာ အထောက်အထား (ဥပမာ - ဓါတ်ပုံများ၊ အသံ သို့မဟုတ် ရုပ်သံမှတ်တမ်းများ၊ စာရွက်စာတမ်းများ၊ ဆေးစာများ စသဖြင့်) ပုံစံများဖြင့် ခိုင်မာသော အထောက်အထားရှိရန် လိုအပ်သည်။ ဥပမာအားဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကိစ္စတွင် ဆေးစစ်ရန် အမိန့်သည် အရေးကြီးသည်။

အထူးသဖြင့် ဝေလံခေါင်ဖျားသော ဒေသများတွင် စစ်သားများနှင့် ရဲများကျူးလွန်သော အမှုများတွင် အချက်အလက်များနှင့် အထောက်အထားများ ကောက်ယူခြင်းတွင် အခက်အခဲများရှိနေကြောင်းကို မိမိတို့ သုတေသနက ပြသနေသည်။ တုန့်ပြန်သူ တစ်ဦးက "ကျူးလွန်ခံရသူဘက်က အထောက်အထားများကို မည်သို့ ကာကွယ်ရမည်ကို မသိရှိကြ" ဟု ပြောပြသည်။ ဒေသခံလူထုအသိုင်းအဝိုင်း၏ အသိပညာဗဟုသုတ နည်းပါးမှုကြောင့် ရှေ့နေများနှင့် အခြားသော အရည်အသွေးရှိသည့် လူများအား သက်သေအထောက်အထားများ ရရှိနိုင်ရန် အချိန်ကြာမြင့်ပြီး တခါတရံ ထို့သို့ မလုပ်နိုင်ခြင်းက စိန်ခေါ်မှုတရပ်ကို ဖြစ်စေသည်၊ ဤအမှုများတွင် စုံစမ်းစစ်ဆေးမှုများကို အခိုင်အမာလုပ်ဆောင်ရန် ရဲများကို အားကိုး၍ မရသောကြောင့် အမှန်တရား ရှာဖွေရာတွင် အရည်အသွေး အားနည်းမှုသည် သိသာထင်ရှားသည့် အတားအဆီး တစ်ခု ဖြစ်လာခဲ့ပေသည်။

ဤအမှုများထဲမှ အချို့သော အမှုများတွင် ပါဝင်ခဲ့သော ရှေ့နေတစ်ဦးက တစ်ခါတစ်ရံတွင် မျက်မြင်သက်သေတစ်ဦးသည် ကျူးလွန်သူ မည်သူမည်ဝါ ဖြစ်သည်ကို ကျိုးကြောင်းခိုင်လုံအောင် ထွက်ဆိုနိုင်ခဲ့လျှင်ပင် ၎င်းထွက်ဆိုချက်သည် သက်သေပြနိုင်လောက်အောင် အားကောင်းခြင်း မရှိတတ်ပေ-အထူးသဖြင့် ရဲနှင့် တရားသူကြီးများမှာ အမှုကို ဦးစားပေးကိုင်တွယ်လိုခြင်း မရှိသည့်အခါများတွင် ဖြစ်လေ့ရှိကြောင်း ပြောပြသည်။ မျက်မြင်သက်သေသည် ရာဇဝတ်အမှုအခင်းကို ကိုယ်တိုင် တိုက်ရိုက်တွေ့မြင်ခြင်း မရှိပါက မျက်မြင်သက်သေ၏ ထွက်ဆိုချက်ကို အားနည်းသည်ဟု ထည့်သွင်းစဉ်းစားနိုင်ပေသည်။ သို့သော်လည်း လက်တွေ့တွင် ယင်းဖြစ်ရပ်များမှာ အထူးသဖြင့် ဝေးလံခေါင်ဖျားသော တိုင်းရင်းသားဒေသများတွင် ယေဘူယျအားဖြင့် မျက်မြင်သက်သေများရှိနေသော အချိန်ပတ်ဝန်းကျင်တွင် ဖြစ်လေ့မရှိပေ။ ထို့အပြင်ဖြစ်နိုင်ချေရှိသော မျက်မြင်သက်သေများသည်ပင် တန်ပြန်သက်ရောက်မှုများ ရှိလာမည်ကို စိုးရိမ်ပြီး ရုံးရှေ့ သက်သေထွက်ဆိုရန် ကြောက်ရွံ့နေနိုင်ပေသည်။

ထို့အပြင် အထက်တွင် ဖော်ပြထားသကဲ့သို့ မှတ်တမ်းမှတ်ရာ အထောက်အထား အခိုင်အမာရှိလျှင်ပင် အချို့သော အခြေအနေများတွင် ရဲ သို့မဟုတ် အစိုးရစစ်တပ်တို့က အထောက်အထားများကို ပျောက်ပျက်သွားအောင် လုပ်ဆောင်သည် သို့မဟုတ် ကျူးလွန်ခံရသူ၏ မိသားစုကို ဖုံးကွယ်ထားတတ်သည်။

အစိုးရ တပ်ဖွဲ့များက ကျူးလွန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်ရပ် အများစုမှာ ဝေးလံခေါင်ဖျားသော ဒေသများတွင် ကျန်းမာရေး ဆေးရုံဆေးခန်းများနှင့် ဝေးရာတွင် ဖြစ်ပွားလေ့ရှိသည်။ ကျူးလွန်ခံရသူမှာ မုဒိမ်းမှု မြောက်ကြောင်းကို သက်သေပြနိုင်သည့် ကျန်းမာရေး စောင့်ရှောက်မှု သို့မဟုတ် ဆေးဖက်ဆိုင်ရာ စစ်ဆေးမှုကို ရရှိရန် အခွင့်အလမ်းမှာ အလွန်နည်းပါးသည်။ ၎င်းတို့ အနေဖြင့် ဆေးရုံသို့ လက်လှမ်းမှီလျှင်ပင် အစိုးရစစ်တပ်က ပါဝင်ပတ်သက်ကြောင်း သိရှိထားပါက ဝန်ထမ်းများသည် အထောက်အထားများကို ထုတ်ဖော်ရန်အတွက် စိုးရိမ်နေတတ်သည်။

အထောက်အထားနှင့် ပတ်သက်သည့် စိန်ခေါ်မှုများကို အရပ်သားများအား မှားယွင်းစွာ တရားစီရင်သည့် မတရား ထိန်းသိမ်းခြင်း အမှုများတွင်လည်း တွေ့ရသည်။ အပြစ်ရှိကြောင်း ဝန်ခံခိုင်းမှုနှင့် နှိပ်စက်ညှဉ်းပန်းမှုတွင် အတင်းအဓမ္မ ဝန်ခံခိုင်းခြင်းတို့အား အသုံးပြုခြင်းသည် ဤကဲ့သို့သော မတရားထိန်းသိမ်းခြင်းအမှုများတွင် အလွန်ဖြစ်လေ့ရှိပြီး ယင်းအဆိုပြုပြောဆိုချက်များကို စိန်ခေါ်ရန်အတွက် ဤဝန်းကျင် အနေအထားတွင် နှိပ်စက်ညှဉ်းပန်းမှု အထောက်အထားကို ရယူနိုင်ရန် ခက်ခဲပေသည်။

# ဖြစ်ရပ်နမူနာများ

၂၀၁၇ ခုနှစ် ဖွန်လက ဖားကန့်မြို့နယ်တွင် ကချင်အမျိုးသားတစ်ဦး ဒေသခံပြည်သူ့စစ်၏ ဖမ်းဆီးသတ်ဖြတ်ခြင်း ခံရပုံရသော ပျောက်ဆုံးမှုဖြစ်ရပ်တစ်ခုတွင် မိသားစုနှင့် ရှေ့နေတို့က ရဲစခန်းတွင် အမှုကို တိုင်ကြားခဲ့သည်။ မည်သည့် မျက်မြင်သက်သေကမျှ သက်သေထွက်ဆိုရန် ဆန္ဒမရှိသည့်အတွက် ရဲက တိုင်ကြားမှု အပေါ်တွင် မည်သည့်အခါတွင်မျှ အရေးယူ ဆောင်ရွက်ခြင်းမရှိပဲ ရှေ့နေမှာ အမှုကို ရှေ့ဆက်သွားအောင် မဆောင်ရွက်နိုင်ပဲ ရှိခဲ့သည်။

၂၀၁၃ ခုနှစ်က ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ရဲသားနှစ်ဦး ပါဝင်ပတ်သက်သည့် အမျိုးသမီး တစ်ဦး မိမိ၏ ကိုယ်ပိုင် အိမ်တွင် မုဒိမ်းပြုကျင့်ခြင်း ခံရသည့် ဖြစ်ရပ်တွင် (အထက်တွင်ကြည့်ပါ) ကျူးလွန်ခံရသူ ကိုယ်တိုင်၊ ဒေသခံလူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများနှင့် လူထု ခေါင်းဆောင်များက အမှုကို တရားရုံးရောက်အောင် အကြိမ်များစွာ ကြိုးပမ်းခဲ့သော်လည်း ရဲက အထောက်အထားမရှိသည့် အပြင် ၎င်းတို့အနေဖြင့် ကျူးလွန်သူများကို ရှာမတွေ့ဟု ဆိုကာ ယနေ့တိုင်အောင် အမှုကို ဆက်လက် အရေးယူခြင်း မရှိပေ။

၂၀၁၅ ခုနှစ် လူသိများသည့် စေတနာ့ဝန်ထမ်း ကချင်ကျောင်းဆရာမနှစ်ဦး မုဒိမ်းကျင့်၊ နှိပ်စက်ညှဉ်းပန်း၊ သတ်ဖြတ်ခံရသည့် ဖြစ်ရပ်တွင် အထောက်အထားအားလုံးက ရွာတွင် စခန်းချသော အစိုးရတပ်ဖွဲ့များကို ညွှန်ပြနေသော်လည်း ဆေးဖက်ဆိုင်ရာ ဝန်ထမ်းများကို ရင်ခွဲစစ်ဆေးမှု အထောက်အထားများ ထုတ်ဖော်ခြင်းမပြုရန် အစိုးရ စစ်တပ်က ခြိမ်းခြောက်ခဲ့သည်။ ကာကွယ်ရေး ဦးစီးချုပ်ကိုယ်တိုင်က ဤအမှုတွင် အစိုးရစစ်တပ် ပတ်သက်ကြောင်း စွပ်စွဲသူ မည်သူ့ကိုမဆို တရားစွဲဆိုမည်ဟု လူသိ ရှင်ကြား ခြိမ်းခြောက်ခဲ့သည်။

## ၅-၁-၇။ မတရားထိန်းသိမ်းခြင်းနှင့် နိုင်ငံရေးဆိုင်ရာ တရားစွဲဆိုခြင်းခံရသူများအတွက် မျှတသော တရားစီရင်ခံပိုင်ခွင့် အခြေခံအခွင့်အရေးများ နည်းပါးသည်။

မိမိတို့ သုတေသနတွင် မှားယွင်းစွာ တရားစွဲဆိုခံရသော လူပုဂ္ဂိုလ် ၂၂ ဦး ပါဝင်သည်။ ဖြစ်ရပ်အများစုတွင် ဤကျူးလွန်ခံရသူများသည် "အမှန်တရားကို ရှာဖွေ" ခဲ့ခြင်း မရှိသော်လည်း တရားစီရင်ရေး စနစ်၏ မမျှတမှုကို နက်နက်ရှိုင်းရှိုင်း ကြုံတွေ့ခဲ့ကြသည်။

**၂၂ ဦးကို**

**အမျိုးအစား နှစ်မျိုးခွဲခြားထားနိုင်သည်။**

**လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကျင့်သုံးသော အရပ်သားများ။ = ၇ ဦး**

ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့် ဥပဒေ (အခန်း ၄) ပုဒ်မ ၁၉ နှင့် ၂၀ အောက်တွင် အရေးယူခြင်းများ = ၃ ဦး

ပြစ်မှုဆိုင်ရာ ဥပဒေ (အသရေဖျက်ခြင်း) ပုဒ်မ ၅၀၀ အရ အရေးယူခြင်း = ၃ ဦး


ပြစ်မှုဆိုင်ရာ ဥပဒေ (လွဲမှားစွာ စွပ်စွဲခြင်း) ပုဒ်မ ၂၁၁ အရ အရေးယူခြင်း = ၁ ဦး

**မိမိတို့၏ တိုင်းရင်းသား ဖြစ်တည်မှုအပေါ် တရားစွဲဆိုခံရသော တိုင်းရင်းသား လူနည်းစု အရပ်သားများ။ = ၁၅ ဦး**

မတရားအသင်း အက်ဥပဒေ (မတရား အသင်းအပင်းများတွင် ပါဝင်မှု) ပုဒ်မ ၁၇/၁ အရ အရေးယူခြင်း = ၁၄ ဦး

၁၉၉၃ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေ ပုဒ်မ ၁၅ အရ အရေးယူခြင်း = ၁ ဦး

၂၀၁၈ခုနှစ်တွင် ပြည်တွင်းစစ်အတွင်း ပိတ်မိနေ ပြည်သူများအား ပြည်လွတ်ပေးရန် အတွက် ငြိမ်းချမ်းစွာ ဆန္ဒပြရာတွင် ဦးဆောင်းသူ ၃ ဦးအားဖမ်းဆီးခေါ်ဆောင်သွားသဖြင့် ပြန်လွတ်ပေးရန် ကချင်ပြည်သူလူထုမှ ဆန္ဒထုတ်ဖော်နေစဉ်



လွတ်လပ်စွာ ထုတ်ဖော်ခြင်း အခွင့်အရေးကို ကျင့်သုံးသူများအပေါ်တွင် ရာဇဝတ်ဆိုင်ရာ အရေးယူမှုများရှိသည်။ မြန်မာနိုင်ငံ ပြည်တွင်းဥပဒေ အများအပြားသည် နိုင်ငံတကာ ဥပဒေများကို ချိုးဖောက်လျက် လွတ်လပ်စွာ ပြောဆိုခြင်းကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားပြီး သတင်းသမားများ၊ တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံတော်ကို ဝေဖန်သော ပြောဆိုမှုများ ပြုလုပ်သည့် လူပုဂ္ဂိုလ်များအား အသံတိတ်စေရန် အသုံးပြုသည်။ တစ်ခါတစ်ရံတွင် ထိုဥပဒေများကို တရားမျှတမှု ရှာဖွေသော ကျူးလွန်ခံရသူများအား တန်ပြန်အရေးယူသည့် အနေဖြင့် အသုံးပြုသည်။

လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများသည် ၎င်းတို့၏ အခြေခံအခွင့်အရေးများကို ငြိမ်းချမ်းစွာ ထုတ်ဖော်ခြင်းကြောင့် အစဉ်တစိုက် စော်ကားခြင်း၊ နှောင့်ယှက်ခြင်း၊ ဖမ်းဆီးခြင်း၊ တရားစွဲဆိုခြင်းနှင့် ထောင်ချခြင်းခံနေရသည်။ ဥပမာအနေဖြင့် ၂၀၁၈ ခုနှစ် ဧပြီလအတွင်း ပိတ်မိပြည်တွင်းဒုက္ခသည်များအား ကူညီပေးရန် ငြိမ်းချမ်းစွာ ဆန္ဒပြ တောင်းဆိုမှုကို စီစဉ်သော ကချင်တက်ကြွလှုပ်ရှားသူ ၃ ဦးအား အသရေဖျက်မှုအဖြစ် တရားစွဲခံရခြင်း ပါဝင်သည်။ ထို့ အပြင် ၂၀၁၉ ခုနှစ် ဇွန်လအတွင်း ကချင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခကြောင့် ထိခိုက်အရပ်သားပြည်သူများ၏ အခက်အခဲများကို လူအများ သတိပြုမိလာစေရန် လမ်းဘေးသရုပ် ဖော်တင်ဆက်မှုကို စီစဉ်ခဲ့သည့် တက်ကြွလှုပ်ရှားသူ လူငယ်နှစ်ဦးအား ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ချိုးဖောက်သည်ဟုဆိုကာ တရားစွဲဆိုခဲ့သည်။

ပဋိပက္ခနယ်မြေများတွင် တိုင်းရင်းသားလူနည်းစုများအပေါ် စုပေါင်းသံသယဖြင့် အပြစ်ပေးအရေးယူခြင်းများသည် အပြစ်မဲ့ အရပ်သားများ (အဓိကအားဖြင့် ယောက်ျားများနှင့် ယောက်ျားလေးများ) အား ၎င်းတို့၏ တိုင်းရင်းသားဖြစ်တည်မှုကြောင့် သို့မဟုတ် နယ်မြေတွင် ဖြစ်ပွားသော ဖြစ်ရပ်များကြောင့် မတရား ဖမ်းဆီးခြင်းများကို ဖြစ်ပွားစေသည်။ အာဏာပိုင်များက စကားလုံး ရှင်းလင်းမှုမရှိသော ၁၉၀၈ ခုနှစ် မတရားအသင်း အက်ဥပဒေကို အသုံးပြုလျက် အရပ်သားများကို ဒေသခံတိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်နွယ်မှုရှိသည်ဟု မှားယွင်းစွာ စွပ်စွဲလျက် ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းများ ပြုလုပ်လေ့ရှိသည်။ ထိန်းသိမ်းခံရသူများကို ပုံမှန်အားဖြင့် အချိန်ကြာမြင့်စွာ အစိုးရစစ်တပ် စခန်းများသို့ ခေါ်ဆောင် ထားခြင်းခံရသည်။ ၎င်းတို့အား မတရားအသင်းအက်ဥပဒေကို ချိုးဖောက်သည်ဟုဆိုကာ ရဲလက်သို့ မအပ်မီအထိ စုံစမ်းစစ်ဆေးရေးစခန်းများတွင် ၎င်းတို့အား စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်လေ့ရှိသည်။ ဤသို့သော အချိန်ကြာမြင့်စွာ ထိန်းသိမ်းခြင်းများသည် ဥပဒေနှင့် မညီပေ။ ၎င်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (ပုဒ်မ ၃၇၆) နှင့် ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ (ပုဒ်မ ၆၁) တို့ကို ချိုးဖောက်သည်။ ယင်းတို့တွင် သံသယရှိသူကို တရားသူကြီး ရှေ့မှောက်သို့မရောက်မီ ၂၄ နာရီအထိသာ ထိန်းသိမ်းထားနိုင်ကြောင်း ဖော်ပြထားသည်။

အစိုးရ စစ်တပ်နှင့်အထူး စစ်ဘက်ရေးရာလုံခြုံရေးတပ်ဖွဲ့ တို့ ထိန်းသိမ်းထားသော မိသားစုဝင်များနှင့်ပတ်သက်သည့်အချက် အလက်များ ရယူရန်မှာ မိသားစုဝင်များနှင့် ပံ့ပိုးသူများအတွက် အလွန်ပင်ခက်ခဲသည်။ ထိုအချိန်တွင် "သူတို့ဘယ်မှာ ရှိသည်ကို ဘယ်သူမှ မသိ" ပဲ ရှိသည်ဟု တုန့်ပြန်သူများက ပြောပြသည်။ ၎င်းတို့ကို ရဲစခန်းသို့ လွှဲပြောင်းခြင်း မပြုမီအထိ လက်တွေ့တွင် ရှေ့နေ တစ်ဦးအနေဖြင့် ၎င်းတို့၏ အခွင့်အရေး ဖြစ်သော်လည်း အမှုသည်ကို တွေ့ဆုံရန် မဖြစ်နိုင်ပါ။ တစ်ခါတစ်ရံ ထိုကာလမှာအလွန်ရှည်လျားသဖြင့် (ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၉ နှင့် ၃၇၅ တို့တွင် ဖော်ပြထားသော) ထိန်းသိမ်းခံထားရသူ၏ ခုခံပိုင်ခွင့်ကို ဆုံးရှုံးပျက်ပြားစေသည်။

ထို့အပြင် ရဲက ထိန်းသိမ်းထားစဉ်အတွင်းတွင်လည်း စိန်ခေါ်မှုများ တစ်ခါတစ်ရံ ရှိနေသေးသည်။ ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ (ပုဒ်မ ၃၄၀) တွင် ဖော်ပြထားသော စုံစမ်းစစ်ဆေးမှု ပြုလုပ်နေစဉ်နှင့် အမှုရင်ဆိုင်နေစဉ်အတွင်း ရှေ့နေနှင့် ဆွေးနွေးပိုင်ခွင့် ရှိသော်လည်း ရဲအရာရှိများသည် လုပ်ထုံးလုပ်နည်းကို အစဉ်သဖြင့် လိုက်နာခြင်းမရှိပဲ ၎င်းအခွင့်အရေးကို ကျင့်သုံးရန် ခက်ခဲစေခြင်းများ ပြုလုပ်လေ့ရှိသည်။

တရားခံ၏ အခွင့်အရေးတွင် ရှေ့နေများက အမှုသည်ကိုယ်စား လုပ်ဆောင်နိုင်ရန်နှင့် အမှုသည်ကို ကာကွယ်နိုင်ရန်အတွက် ၎င်းအပေါ် စွဲဆိုထားသော အမှုတွဲများနှင့် သက်သေအထောက်အထားများအား ကြည့်ရှုနိုင်ခွင့်လည်း ပါဝင်သည်။ ယင်းတွင် ရဲတပ်ဖွဲ့နှင့် အစိုးရစစ်တပ်က ရယူထားသော မျက်မြင်သက်သေများ၏ ပြောဆိုချက်များနှင့် အခြားသက်ဆိုင်ရာ အထောက်အထားများ ပါဝင်သည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် တရားစွဲဆိုမှုအထောက်အထား ဖော်ပြခြင်း အလေ့အထသည် ပြဿနာရှိနေပြီး နိုင်ငံတကာ လုပ်ထုံလုပ်နည်းများကို ချိုးဖောက်သည်။ ဤစိန်ခေါ်မှုမှာ နိုင်ငံရေးအရ ထိရှလွယ်သော အမှုများ၊ ဥပမာ မတရားအသင်း အက်ဥပဒေအရ တရားစွဲဆိုထားခြင်းဖြစ်ပါက သက်ဆိုင်ရာ စာရွက်စာတမ်းများကို အချိန်မီ ရယူနိုင်ရန် ပိုမိုခက်ခဲသည်။

နိုင်ငံရေးအရ ထိရှလွယ်သော အမှုများတွင် အာမခံ ရယူနိုင်ရန်မှာလည်း စိန်ခေါ်မှု တစ်ရပ်ဖြစ်သည်။ အရပ်သားပြည်သူ အနေဖြင့် ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုပိုင်ခွင့်ကို အသုံးပြုခြင်းနှင့် ပတ်သက်၍ (ဥပမာ - ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၁၉  နှင့် ၂၀၊ မှားယွင်းစွာ စွပ်စွဲခြင်းနှင့် အသရေဖျက်ခြင်းနှင့် သက်ဆိုင်သော ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁၁ နှင့် ၅၀၀ စသော) အာမခံ ရနိုင်သော ကျူးလွန်မှုများဖြင့် မကြာခဏ အရေးယူခံကြရသည်။ သို့ရာတွင် မတရားအသင်း အက်ဥပဒေ၏ ပုဒ်မ ၁၇/၁ အရ အရေးယူခံရပါက အချို့သော ချွင်းချက်များ (ဥပမာ - အမျိုးသမီး၊ အသက်အရွယ်ကြီးရင့်သူများ၊ ကလေးများနှင့် နာမကျန်းသူများ) မှလွဲ၍ အာမခံ မရပဲ အရေးယူခံကြရသည်။ ထို့ကြောင့် မိမိတို့နှင့် အတူအလုပ်လုပ်သော ရှေ့နေများက ၎င်းပုဒ်မများနှင့် အရေးယူခံရသူများစာရင်းတွင် အာမခံရရှိသွားသူကို ပြန်လည်စဉ်းစား၍မရပဲ ရှိသည်။

ထိုသို့သော နိုင်ငံရေးအရ ထိရှလွယ်သော အမှုများတွင် မိမိကိုယ်ကို ကာကွယ်ခုခံပိုင်ခွင့်နှင့် မျှတစွာ တရားစီရင်ခံပိုင်ခွင့်တို့ကို အသိအမှတ် ပြုလေ့ရှိသည်မှာ ရှားပါးသည်။ ယင်းအစား “အပြစ်ရှိကြောင်း ကြိုးတင် ယူဆခြင်း” ရှိပုံရသည်။ ဥပဒေအရ ဆိုလျှင် သက်သေပြနိုင်ရန်တာဝန်မှာ တရားလိုအပေါ်တွင် ရှိနေသည်။သို့ရာတွင် လက်တွေ့၌ ထိုကဲ့သို့သော ဖြစ်ရပ်များတွင် သက်သေပြရန် တာဝန်သည် စွပ်စွဲခံရသူက ၎င်းတွင် အပြစ်ကင်းကြောင်း ပြသမှုအပေါ် တွင် ရှိနေသည်။ ဥပမာ - လက်တွေ့တွင် တစ်စုံတစ်ဦးသည် မတရားအသင်း အက်ဥပဒေဖြင့် အရေးယူခံရပါက စွပ်စွဲခံရသူသည် ဥပဒေနှင့် မညီသော အုပ်စုနှင့် ပတ်သက်ဆက်နွယ်ပုံကို အစိုးရ စစ်တပ်မှ ပြင်ဆင်ထားသော စုံစမ်းစစ်ဆေးမှု စာရွက်စာတမ်းမှ လွဲ၍ တရားလိုတွင် မည်သည့် အထောက်အထားမှ ရှိရန်မလိုပေ။ တရားသူကြီးများက ၎င်းတို့၏ စီရင်ဆုံးဖြတ်ချက်ကို ပူးပေါင်းဆောင်ရွက်ခြင်း သို့မဟုတ် လွတ်လပ်သော သက်သေအထောက်အထားများ ရယူခြင်းမရှိပဲ ၎င်းစာရွက်စာတမ်းပေါ်တွင် တည်မှီ၍ ဆုံးဖြတ်သည်။ တုန့်ပြန်သူများက သက်သေအထောက်အထားပေါ် စစ်ဆေးခြင်းမရှိပဲ အလိုအလျောက် ပြစ်ဒဏ်ချမှတ်ခြင်းနှင့် တူသော စိတ်နာဖွယ်ကောင်းသည့် အခြေအနေကို ဖော်ပြကြသည်။ ထို့အပြင်

တရားသူကြီးများက အစိုးရနှင့် အစိုးရစစ်တပ် အရာရှိများထံမှလာသော အမိန့်များအပေါ် မူတည်၍ ဆုံးဖြတ်ချက် ချတတ်သေးသည်။ တစ်စုံတစ်ဦးသည် မတရားအသင်း အက်ဥပဒေအရ တရားစွဲဆိုခံထားရပါက ၎င်းတွင် အပြစ်မရှိကြောင်း လူတိုင်းသိနေသော်လည်း အာဏာပိုင်များသည် ၎င်းတို့အား ပြန်လွှတ်လိုခြင်း မရှိကြောင်း တုန့်ပြန်သူများက ပြောပြကြသည်။ ဥပဒေအရ အထောက်အထား မခိုင်လုံသောကြောင့် တရားစွဲဆိုခံထားရသူသည် အပြစ်မရှိကြောင်း တွေ့ရှိရလျှင် အာဏာပိုင်များကို တန်ပြန်တရားစွဲဆိုနိုင်သည်။

နိုင်ငံရေးအရ ထိရှလွယ်သော အမှုများတွင် နှိပ်စက်ညှဉ်းပမ်းမှုကို အသုံးပြုလေ့ရှိသည်။ မိမိတို့၏ သုတေသနတွင် ပါဝင်သော မတရားအသင်း အက်ဥပဒဖြင့် တရားစွဲခံရသူ (၁၄) ဦးအနက် (၁၀) ဦးမှာ နှိပ်စက်ညှဉ်းပမ်းမှု ပုံစံတစ်မျိုးမျိုးကို ခံရကြောင်း ပြောပြသည်။ အစိုးရစစ်တပ်သို့မဟုတ် ရဲတပ်ဖွဲ့က အတင်းအဓမ္မ ခံဝန်ချက်စာရွက်စာတမ်းများကို ရယူပြီး ယင်းကို တရားရုံး ကြားနာမှုများတွင် သက်သေအဖြစ် အသုံးပြုကြသည်။ သက်သေခံ ဥပဒေ (ပုဒ်မ ၂၄၊ ၂၅၊ ၂၆ အရ) နှင့် ရာဇဝတ်ကျင့်ထုံး ဥပဒေ (ပုဒ်မ ၁၆၂(၁)) အရ ခြိမ်းခြောက်ခြင်းကြောင့် ရဲထံ အပြစ်ရှိကြောင်း ဝန်ခံခြင်းသည် တရားရုံးတွင် သက်သေခံမဝင်သော်လည်း လက်တွေ့တွင် ယင်းဝန်ခံချက်များကို လက်ခံသည်။ တရားသူကြီးများသည် ထိုအမှုများနှင့်ပတ်သက်၍ မေးခွန်းထုတ်ခြင်းမှာ အလွန်ရှားပါးပြီး တရားခံသည် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် နှိပ်စက်ညှဉ်းပမ်းခြင်းတို့မှ တည်ဆဲ ဥပဒေများ (ရာဇသတ် ဥပဒေ၊ ရာဇဝတ် ကျင့်ထုံး ဥပဒေ၊ ရဲအက်ဥပဒေ၊ သက်သေခံ ဥပဒေတို့) နှင့် အညီ ကာကွယ်ခုခံပိုင်ခွင့် ရရှိရန်မှာလည်း ရှားပါးသည်။

မျှတမှု မရှိသော ဆုံးဖြတ်ချက်များကို အထက်တရားရုံးတွင် အယူခံဝင်ရန် ကြိုးပမ်းမှုများမှာလည်း အများစုမှာ မထိရောက်ပေ။ မိမိတို့ သုတေသနတွင် ပါဝင်သည့် မတရား ထိန်းသိမ်းခြင်းခံရသူ (၂၂) ဦးအနက် (၁၂) ဦးမှာ ၎င်းတို့၏ ထောင်ဒဏ်ကာလ စေ့သဖြင့်သာ ပြန်လည်လွတ်မြောက်လာခဲ့သည်။ ကိုးဦးမှာ သမ္မတ၏ စုပေါင်း လွတ်ငြိမ်းချမ်းသားခွင့်နှင့် အမှု (၁) ခုတွင်သာ တရားလွှတ် တော်က ပြစ်ဒဏ်ကို ပြင်ဆင်ခဲ့ခြင်းကြောင့် ကျူးလွန်ခံရသူ လွတ်မြောက်လာခဲ့ခြင်း ဖြစ်သည်။

# ဖြစ်ရပ်နမူနာများ

၂၀၁၈ ခုနှစ် စက်တင်ဘာလတွင် မြစ်ကြီးနားမြို့ ဒုက္ခသည် စခန်းတွင် နေထိုင်ပြီး အစိုးရ မဟုတ်သော နိုင်ငံတကာ အဖွဲ့အစည်းတစ်ခု၌ လုံခြုံရေး တာဝန်ထမ်းဆောင် သော အသက် (၄၁) နှစ်အရွယ် ကချင် အမျိုးသား တစ်ဦးကို ရဲက ဖမ်းဆီးလိုက်သည်။ သူ့ကို KIA စစ်သားအဖြစ် စွပ်စွဲခဲ့သည်။ အပြစ်မရှိကြောင်း အထောက်အထားအဖြစ် သူ၏ မိသားစုက သူ၏ ဝန်ထမ်းကပ်ပြားကို သာမက အလုပ်မှ သော့နှင့် ဖုန်းတို့ကို ပြသခဲ့ပြီး ဒုက္ခသည် စခန်းခေါင်းဆောင်က ထွက်ဆိုချက်ပေးခဲ့သည်။ သို့ရာတွင် သူ့အား ထိန်းသိမ်းထားစဉ်နှင့် စစ်ဆေးမေးမြန်းစဉ် ရဲက သူ့ကို ရိုက်နှက်ပြီး အတင်းအဓမ္မ

ဝန်ခံ လက်မှတ်ရေးထိုးစေခဲ့သည်။ သူ့ကို မတရားအသင်း အက်ဥပဒေ ပုဒ်မ ၁၇/၁ ဖြင့် တရားစွဲဆိုခဲ့သည်။ စစ်ဆေးမှုနှင့် တရားရုံး ကြားနာမှုမှာ (၈) လ ကြာမြင့်ခဲ့သည်။ တရားသူကြီးက သူ၏ အပြစ်ကင်းစင်ကြောင်း အထောက်အထားများအပေါ် ထည့်သွင်းစဉ်းစားရန် ငြင်းဆိုခဲ့ပြီး သူ့ကို ၂၀၁၉ ခုနှစ် မေလတွင် ထောင်ဒဏ် (၂) နှစ် ချမှတ်ခဲ့သည်။ သူက အယူခံစာကို ပြည်နယ် တရားသူကြီးရုံးသို့ ပေးပို့ခဲ့သော်လည်း အောင်မြင်မှုမရခဲ့ပေ။ သူသည် ၂၀၂၀ ခုနှစ် ဧပြီလအထိထောင်ထဲတွင် နေခဲ့ရပြီး သမ္မတ၏ အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ဖြင့် လွတ်မြောက်လာခဲ့သည်။

၂၀၁၆ ခုနှစ် ဇန္နဝါရီလတွင် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ကချင်လယ်သမား လေးဦး ပျောက်ဆုံးခဲ့သည်။ ၎င်းတို့၏ ဆွေမျိုးများက သူတို့ မည်သည့်နေရာတွင် ရှိသည်ကို မသိရှိကြပေ။ မိသားစုများ၊ ဒေသခံ ခေါင်းဆောင်များနှင့် လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများသည် သတင်းစာရှင်းလင်းပွဲလုပ်ခဲ့ပြီးနောက် ထိုသူများကို အစိုးရစစ်တပ်က ဖမ်းဆီးထားကြောင်း ရဲက လူသိရှင်ကြား ကြေညာပေးခဲ့ရသည်။ သူတို့ကို မတရားအသင်း အက်ဥပဒေအောက်တွင် တရားစွဲဆိုခဲ့သည်။ စုံစမ်းစစ်ဆေးခြင်းနှင့် ကြားနာမှုမှာ တစ်နှစ်တာလုံး ကြာမြင့်ခဲ့သည်။ သူတို့ကို ထောင်ဒဏ် နှစ်နှစ်ချမှတ်လိုက်ပြီး မကြာမီတွင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။

အောက်တွင် ဖော်ပြထားသည့် ကချင်လယ်သမား နှစ်ဦး၏ လူသိများသော အမှုသည် ရွာသားများအား တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ အစိတ်အပိုင်းအဖြစ် မှားယွင်းစွာ တရားစွဲဆိုမှုများကို ပုံဖော်ပြသလျက်ရှိသည်။ ကချင်လယ်သမား နှစ်ဦးမှာ ၂၀၁၂ ခုနှစ် ဇွန်လတွင် ၎င်းတို့၏ ဒုက္ခသည် စခန်းအနီးတွင် နွားကျောင်းနေစဉ် အဖမ်းခံခဲ့ကြရသည်။ အစိုးရစစ်တပ်က သူတို့ကို KIA ၏ တာဝန်ရှိသူ ဗုံးခွဲတိုက်ခိုက်သည့် စစ်ဆင်ရေးကို ထမ်းဆောင်နေသူများအဖြစ် စွပ်စွဲခဲ့သည်။ ယင်းတို့ကို စစ်ဘက်ရေးရာ လုံခြုံရေးတပ်ဖွဲ့ (စရဖ) က စစ်ဆေးမေးမြန်းခဲ့သည်။ စစ်ကြောမေးမြန်းနေစဉ် ထိုသူနှစ်ဦးမှာ ရက်စက်စွာ နှိပ်စက်ညှဉ်းပမ်းခံရပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ခံကြရသည်။ အစိုးရစစ်တပ်က သူတို့ တစ်ဦးစီထံမှ အတင်းအဓမ္မ ခံဝန်ချက်ကို ရယူခဲ့ပြီး တရားရုံးတွင် အသုံးပြုခဲ့သည်။ ၎င်းတို့၏ အမှု ကြားနာမှုမှာ တစ်နှစ်ကျော်ကြာမြင့်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် အစိုးရစစ်တပ် မျက်မြင်သက်သေက တရားရုံးကြားနာမှုများတွင် လာရောက်ခဲ့ခြင်းမရှိသောကြောင့် ဖြစ်သည်။ တရားသူကြီးက ထိုသူများ အပြစ်မရှိကြောင်း သက်သေအထောက်အထားကို လက်ခံရန် ငြင်းဆိုခဲ့သည်။ တရားသူကြီးက ထိုအမှုကို အပြစ်မရှိကြောင်း ဆုံးဖြတ်ပါက သူအလုပ်ပြုတ်မည်ဖြစ်ကြောင်း ပြောခဲ့ဟု ပြန်လည် ပြောပြသည်။ ထိုလူနှစ်ဦးမှာ ထောင်ဒဏ် ၁၄ နှစ်နှင့် ၂၁ နှစ်ချမှတ်ခံရသည်။ တစ်ဦးမှာ ၂၀၁၅ ဒီဇင်ဘာလတွင် သူ၏ ပြစ်ဒဏ် သက်တမ်းတစ်ချို့တစ်ဝက်ကို ကျခံပြီးနောက် တရားလွှတ်တော်က သူ၏ ပြစ်ဒဏ်များကို ပြင်ဆင်ခဲ့ပြီး လွတ်မြောက်လာခဲ့သည်။ နောက်တစ်ဦးမှာ ၂၀၁၈ ဧပြီလတွင် သူ၏ ပြစ်ဒဏ် တစ်ချို့တစ်ဝက်ကို ကျခံပြီးနောက် ကျန်ပြစ်ဒဏ်များမှ သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်ကို ရရှိပြီး လွတ်မြောက်လာခဲ့သည်။

## ၅-၁-၈။ အခြား တရားဝင်အာဏာပိုင်များထံ အယူခံဝင်ခြင်းသည် အောင်မြင်မှု မရှိပေ။

ဤသုတေသနတွင် ပါဝင်သော ကျူးလွန်ခံရသူ (၅၁) ဦးအနက် (၂၁) ဦးမှာ တရားစီရင်ရေး စနစ် ပြင်ပမှ အခြားသော အာဏာပိုင်များထံ အယူခံဝင်ရန် ကြိုးပမ်းခဲ့သော်လည်း မည်သူမျှ အောင်မြင်မှု မရရှိခဲ့ပါ။

ချဉ်းကပ်ခဲ့သော အာဏာပိုင်များတွင် ပါဝင်သူများမှာ -

- မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC)
- သမ္မတ
- နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် သို့မဟုတ် ဒေါ်အောင်ဆန်းစုကြည်
- ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းမှ ဒေသခံ အစိုးရများ (ပြည်နယ်နှင့် တိုင်း အဆင့်များ)
- အစိုးရစစ်တပ် ကိုယ်စားလှယ်များ (မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ စစ်ဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်)
- ပြည်ထဲရေး ဝန်ကြီးဌာန

၎င်းလမ်းကြောင်းပြောင်း ကြိုးပမ်းမှုများ တစ်ခုမျှ အောင်မြင်မှု မရရှိခဲ့ပါ။ ထင်မြင်ချက်နှင့် ခြားနားစွာ ပင် အခြားသော အာဏာပိုင်များ အထူးသဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) ကို အကူအညီတောင်းခံခြင်းသည် ဆိုးကျိုးရရှိခဲ့ပြီး ကျူးလွန်ခံရသူအတွက် အခက်အခဲ ပြဿနာများကို ကြုံတွေ့စေသည်။




မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး

# ပြစ်ရပ်နမူနာများ

၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ကချင် အမျိုးသား တစ်ဦးသည် ၎င်း၏ အသတ်ခံရသော အသက် (၁၄) နှစ်အရွယ် သမီးငယ်အတွက် အမှန်တရား ရှာဖွေသည့်အနေဖြင့် MNHRC ထံသို့ မြန်မာ့တပ်မတော် စစ်သားများက ၎င်း၏ သမီးငယ် ကို သတ်ပစ်ခဲ့ကြောင်း စာပေးပို့ခဲ့သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာစစ်တပ် အရာရှိက ၎င်းက MNHRC အား ပေးသည့် စာတွင် မြန်မာ့တပ်မတော်ကို မှားယွင်းစွာ စွပ်စွဲခဲ့သည်ဟု စွပ်စွဲလျက် (ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၂၁၁ အောက်တွင်) ယင်းအား တိုင်ကြားချက်ကို တင်ပြခဲ့သည်။ ထိုစွပ်စွဲချက်များကို ကာကွယ်ချေပရန်အတွက် ၎င်းသည် တရားရုံးသို့ ၄၅ ကြိမ်မက တက်ရောက်ခဲ့ရသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် သူ့အား အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

KIA အဖွဲ့ဝင်များဟု စွပ်စွဲခံရပြီး ၂၀၁၈ ခုနှစ် ဇန္နဝါရီလတွင် အစိုးရစစ်တပ်၏ ဖမ်းဆီးသတ်ဖြတ်ခြင်းခံရသည့် ကချင်လယ်သမားနှစ်ဦး၏ ဖြစ်ရပ်တွင် မိသားစုဝင်များနှင့် ရှေ့နေများ နှစ်ဦးစလုံးက ဒေသခံ ရဲစခန်းတွင် အမှု ဖွင့်လှစ်ခဲ့ပြီး နေပြည်တော်နှင့် MNHRC သို့စာများ ပေးပို့ခဲ့သည်။ ထို့နောက်တွင် နေပြည်တော်မှ ဗိုလ်ချုပ်ကြီး တစ်ဦးရောက်လာပြီး မိသားစုဝင်များနှင့် ဒုက္ခသည် စခန်းခေါင်းဆောင်များအား စုံစမ်းစစ်ဆေးမှုကို ဦးဆောင်ခဲ့သည်။ စစ်သားများ ဒုက္ခသည် စခန်းသို့ ရောက်လာပြီး လူများ အိမ်များကို ဓါတ်ပုံများ ရိုက်ယူကြသည်။ ယင်းမှာ အလွန်ပင် အနှောက်အယှက် ဖြစ်ရသည်။ မိသားစုများပြောပြချက်အရ စစ်သားများသည် ၎င်းတို့၏ ပြောဆိုချက်များကို ရေးချခြင်း မပြုသော်လည်း သူတို့အား စာရွက်လွတ်တစ်ရွက်တွင် လက်မှတ်ရေးထိုးစေခဲ့သည်။ နောက်ပိုင်းတွင် ရဲကိုတိုင်ထားသော ထိုအမှုမှာ နောက်ထပ် အရေးယူဆောင်ရွက်မှု မရှိပဲ ပိတ်သွားခဲ့သည်။

# ၅ – ၂။ တရားမျှတမှုအတွက် အခွင့်အလမ်းများ

ဤအခန်း၏ အစပိုင်းတွင် ဖော်ပြထားသည့်အတိုင်း လုံခြုံရေး တပ်ဖွဲ့ဝင်များ ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် တာဝန်ခံမှုကို ရှာဖွေရာတွင် သိသာထင်ရှားသော စိန်ခေါ်မှုများနှင့် အတားအဆီးများ ရှိနေသည်။ သို့ရာတွင် စစ်ဘက် နှင့်/သို့ အရပ်ဘက် တရားရုံးများတွင် တစ်ခါတစ်ရံ တရားစွဲဆိုပြီး အပြစ်ရှိကြောင်းဆုံးဖြတ်ခဲ့သည့် "အောင်မြင်သော" ဖြစ်ရပ် အနည်းငယ်လည်း ရှိခဲ့သည်။

မိမိတို့ သုတေသနတွင် ပါဝင်သော မုဒိမ်းမှု၊ လူသတ်မှု နှင့်/သို့ ပျောက်ဆုံးမှု ကျူးလွန်ခံရသူ (၂၉) ဦးအနက် ကျူးလွန်ခံရသူ (၆) ဦး (တရားရုံးအမှု ၆ မှု) သည် ၎င်းတို့၏ အမှုကို တရားရုံးတွင် (အရပ်ဘက် သို့မဟုတ် စစ်ဘက် တရားရုံး) တို့တွင် ကြားနာမှုအားတွေ့မြင်ခဲ့ကြရသည်။ အမှု (၆) မှုတွင် (၅) မှုမှာ အပြစ်ရှိကြောင်း ဆုံးဖြတ်ပြီး (၁) မှုမှာ အမှု ဖျက်သိမ်းခဲ့သည်။ ထပ်မံ၍ ဖော်ပြလိုသည်မှာ ဤကိန်းဂဏန်းများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တရားမျှတမှု ရရှိခြင်းအပေါ် မည်သို့မျှ ကိုယ်စားပြုခြင်းမရှိပဲ သုတေသနေတွင် ရွေးချယ်ထားသော ဖြစ်ရပ်များသည် ယင်းတို့တွင် တရားဝင် တရားစီရင်မှု လုပ်ငန်းစဉ် ပါဝင်သောကြောင့် ရွေးချယ်ထားခြင်းသာ ဖြစ်ပါသည်။

**စစ်ဘက်ဆိုင်ရာ တရားရုံးက အမှု (၆) မှုတွင် (၃) မှုကို ကြားနာသည်။**

- ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် အသက် (၇) နှစ်အရွယ် မိန်းကလေးငယ်ကို မုဒိမ်းကျင့်သော စစ်သားအား စစ်ဘက်ဆိုင်ရာ တရားရုံးတွင် ပထမဆုံး ကြားနာခဲ့ပြီး ၎င်းအား အပြစ်ရှိကြောင်း ဆုံးဖြတ်ကာထောင်ဒဏ် (၂) နှစ် ချမှတ်ခဲ့သည်။ အမှုကို နောက်ပိုင်းတွင် အရပ်ဘက် တရားရုံးသို့ လွှဲပြောင်းခဲ့သည်။ (အောက်တွင် ကြည့်ပါ)

၂၀၁၇ ခုနှစ် မေလတွင် ရွာသား ၃ ဦးအား မြန်မာ့ တပ်မတော်မှ ဖမ်းဆီး ခေါ်ဆောင်သွားပြီး ညှဉ်းပန်းနှိပ်စက်ကာ သတ်ဖြတ်ခဲ့သည်။



- ၂၀၁၅ ခုနှစ် ဧပြီလတွင် အသက်အရွယ်ကြီးရင့်သော အမျိုးသမီးတစ်ဦးကို မုဒိမ်းပြုကျင့်ရန် ကြိုးပမ်းခဲ့သော စစ်သားကို စစ်ဘက်ဆိုင်ရာ တရားရုံးက ကျော်နင်းမှု၊ အရက်သေစာ သောက်စားမူးယစ်မှု၊ တပ်မတော်စစ်စည်းကမ်း ဖောက်ဖျက်မှုများဖြင့် ထောင်ဒဏ် (၇) နှစ်ချမှတ်ခဲ့သည်။ ၎င်းစစ်သားအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ပတ်သက်သည့် ပြစ်ဒဏ် ချမှတ်ခဲ့ခြင်း မရှိပေ။
- နောက်ထပ် ဖြစ်ရပ် တစ်ခုတွင် ၂၀၁၇ ခုနှစ် မေလတွင် စစ်တပ်က ဖမ်းဆီး နှိပ်စက် သတ်ဖြတ်ခဲ့သော အရပ်သား သုံးဦးဖြစ်ရပ်တွင် စစ်ဘက်ဆိုင်ရာ စစ်ခုံရုံးက စစ်သား (၆) ဦးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခဲ့သည်။ မိသားစုမှာ ထိုစစ်သားများ အမှန်တကယ် ထောင်တွင် ရောက်ရှိခြင်းရှိ၊ မရှိနှင့် ယခုထက်တိုင် ထိန်းသိမ်းထားခြင်း ရှိ၊ မရှိကို မသေချာပဲ ရှိသည်။


**ဤအမှုများထဲမှ ၄ မှုကို အရပ်ဘက် တရားရုံးများ၌ ကြားနာခဲ့သည်။**

- အထက်တွင် ဖော်ပြထားသော ဖြစ်ရပ်နှင့် ပတ်သက်၍ စစ်သားက အသက် (၇)နှစ်အရွယ် မိန်းကလေးငယ်ကို မုဒိမ်းပြုကျင့်သည့် အမှုတွင် စစ်ဘက်ဆိုင်ရာ တရားရုံးက အမှုကို ကြားနာပြီးနောက် အမှုကို အရပ်ဘက် တရားရုံးသို့ လွှဲပြောင်းခဲ့ပြီး ၎င်းကို အပြစ်ရှိကြောင်း ဆုံးဖြတ်ပြီး ထောင်ဒဏ် အနှစ် (၂၀) ချမှတ်ခဲ့သည်။
- ၂၀၁၁ ခုနှစ် အောက်တိုဘာလက ကချင်ပြည်နယ်တွင် စစ်တပ်က ဖမ်းဆီးပြီး လိင်ပိုင်းဆိုင်ရာ စော်ကားကာ သတ်ဖြတ်ခဲ့သည့် အသက် (၂၈) နှစ်အရွယ် အမျိုးသမီး၏ အမှုမှာ ၂၀၁၂ ခုနှစ် မတ်လတွင် ပြည်ထောင်စု တရားလွှတ်တော် ချုပ်သို့ ရောက်ရှိသွားပြီး တရားလွှတ်တော်ချုပ်က အမှုကို "အထောက်အထား မခိုင်လုံ" ဟူသော အကြောင်းပြချက်ဖြင့် ပလပ်ခဲ့သည်။
- ၂၀၁၄ ခုနှစ် မေလတွင် ရှမ်းပြည်နယ်မြောက်ပိုင်း၌ စစ်သားနှစ်ဦးက ကချင်အမျိုးသမီး တစ်ဦးအား မုဒိမ်းကျင့်သည့် အမှုကို အရပ်ဘက် တရားရုံးတွင် စစ်ဆေးခဲ့ပြီး စစ်သားများကို အပြစ်ရှိကြောင်း စီရင်ဆုံးဖြတ်၍ ထောင်ဒဏ် (၇) နှစ် ချမှတ်ခဲ့သည်။
- ၂၀၁၇ ခုနှစ်တွင် ရဲအရာရှိတစ်ဦးသည် ကိုယ်ဝန်ရှိနေသော အသက် (၁၆) နှစ်အရွယ် မိန်းကလေးတစ်ဦးအား မုဒိမ်းကျင့်ပြီးနောက် ကျူးလွန်ခံရသူသည် မိမိကိုယ့်ကိုယ်အဆုံးစီရင်သွားသည့် ဖြစ်ရပ်တွင် ယင်းအမှုကို ဒေသခံ ခရိုင်တရားရုံး တစ်ခုတွင် အမှုဖွင့်လှစ်ခဲ့ပြီး ကျူးလွန်သူကို အပြစ်ရှိကြောင်း စီရင်ဆုံးဖြတ်၍ ထောင်ဒဏ် (၁၂) နှစ် ချမှတ်ခဲ့သည်။

ဤအစီရင်ခံစာအတွင်းတွင် မိမိတို့သည် ဤအမှုများကို လေ့လာပြီး မည်သည့် အကြောင်းရင်းများကြောင်း တရားရုံးသို့ ရောက်ရှိလာရခြင်းနှင့် တစ်ခါတစ်ရံတွင် မည်သည့် အကြောင်းများ ကြောင့် အပြစ်ရှိကြောင်း စီရင်ဆုံးဖြတ်ခဲ့သည်ကို လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်းများ၏ အမြင်မှ နားလည်အောင် လုပ်ဆောင်ခဲ့သည်။

## ၅-၂-၁။ စစ်သားများကို အရပ်ဘက် တရားရုံးများတွင် တရားစွဲဆိုခြင်းမှာ ဖြစ်နိုင်သည်။

အကြောင်းပြချက်ကောင်းရှိပြီး အများကယုံကြည်နေကြသည်မှာ စစ်သားများကို အရပ်ဘက် တရားရုံးရှေ့မှောက်တွင် တရားစီရင်ရန် မဖြစ်နိုင်ဟူ၍ဖြစ်သည်။ အလွန်သိသာ ထင်ရှားသော အတားအဆီးများရှိသော်လည်း ဖြစ်နိုင်ကြောင်း ယခုအစီရင်ခံစာပါ အမှုအချို့အရ သိနိုင်ပါသည်။




အထက်တွင်ဖော်ပြသကဲ့သို့ (အခန်း ၅-၁-၁ တွင်ကြည့်ပါ) နှင့် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ[8] စစ်သားများကို စစ်ဘက်ဆိုင်ရာ စစ်ခုံရုံးများတွင်သာ ကြားနာ စီရင်ရမည်။ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် စစ်ဘက်ဆိုင်ရာ စစ်ခုံရုံးများတွင် အမြင့်ဆုံး စီရင်ဆုံးဖြတ်ပိုင်ခွင့် အာဏာကို ရရှိထားပြီး ပြည်ထောင်စုတရားလွှတ်တော် သို့မဟုတ် အခြား အရပ်ဘက် တရားရုံးများတွင် အယူခံ ဝင်ပိုင်ခွင့်မရှိပါ။ သို့ရာတွင် ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေအရ လူသတ်မှု၊ လူသေမှုနှင့် မုဒိမ်းမှု ရာဇဝတ်မှုများကို ကျူးလွန်သော စစ်သားများကို ၎င်းတို့သည် "တန်းပြည်စစ်မှုထမ်းချိန်"[9] မဟုတ်ပါက စစ်ခုံရုံးအစား အရပ်ဘက် ရာဇဝတ် တရားရုံးများတွင် အမှုစီရင်နိုင်ကြောင်း ပြဌာန်းထားသည်။

အြာဆိုပါ ဥပဒေများတွင် အောက်ပါအတိုင်း ပြဌာန်းထားသည်။

> *"တိုင်ကြားမှုများကို ရရှိသည့်အခါ စွပ်စွဲလာသော အမှုများအတွက် အထွေထွေ စစ်ဦးစီးရုံးနှင့် စစ်ရေး ဦးစီးဌာနတို့က စုံစမ်းစစ်ဆေးရေး ခုံရုံးဖွဲ့၍စစ်ဆေးကြပါသည်။ တိုင်ကြားမှုများကို ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေ၊ ၁၉၅၉ ခုနှစ် တပ်မတော်ဆိုင်ရာ ကျင့်ထုံးဥပဒေများ နှင့် ၁၉၆၀ ခုနှစ် တပ်မတော်ဆိုင်ရာ စည်းကမ်းထိန်းသိမ်းရေး လက်စွဲတို့နှင့် အညီ စုံစမ်းစစ်ဆေးရမည်။ တပ်မတော် ဥပဒေ၏ ပုဒ်မ ၇၁ တွင် ပြဌာန်းထားသော ရာဇဝတ်မှုများအတွက် (တိုင်ကြားမှုများ) စစ်ဘက်ဆိုင်ရာ တရားရုံးသို့ ပို့ရမည်။ တပ်မတော်သည် ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေ ပုဒ်မ ၇၂ အရ ရာဇဝတ်မှုများကို ရဲသို့ လွှဲပြောင်းပေးခြင်းဖြင့် ထိုအမှုများကို အရပ်ဘက် တရားရုံးများသို့ လွှဲပြောင်းစစ်ဆေးနိုင်ပါသည်။ ၁၉၅၉ ခုနှစ် တပ်မတော် အက်ဥပဒေ၏ ပုဒ်မ၇၂ နှင့်အညီ လူသတ်မှု၊ လူသေမှု သို့မဟုတ် မုဒိမ်းမှု ကျူးလွန်သော လက်ရှိတွင် တန်းပြည့်စစ်မှုထမ်းဆောင်နေခြင်းမရှိသည့် တပ်ဖွဲ့ဝင်များ ကျူးလွန်သည့် အမှုများကို စစ်ဘက်ဆိုင်ရာ စစ်ခုံးရုံးများတွင် ကြားနာမည်မဟုတ်ပါ။ ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အတွင်း တပ်မတော်တပ်ဖွဲ့ဝင်များ ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (၆)မှု ရှိခဲ့သည်။ ထိုအမှုများကို အရပ်ဘက်တရားရုံးများသို့ ပြောင်းရွှေစစ်ဆေးခဲ့သည်။ ကျူးလွန်သူများကို အရပ်ဘက် တရားရုံးများသို့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအတွက် လွှဲပြောင်းခြင်းမပြုမီတွင် ၎င်းတို့အား စစ်စည်းကမ်း ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ချမှတ်သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း စစ်သားများ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (၃၁) မှုကို အရပ်ဘက် တရားရုံးများသို့ လွှဲပြောင်းခဲ့သည်။"[10]*

8 Article 20(b), 293, 319 and 343(b)
9 Section 72
10 Committee on the Elimination of Discrimination Against Women, CEDAW/C/MMR/Q/4-5/Add.1, "List of Issues and Questions in Relation to the Combined Fourth and Fifth Periodic Reports of Myanmar, Addendum, Replies of Myanmar", 3 May 2016, para. 34, 35, p. 8.

ထိုသို့ လွှဲပြောင်းမှုအတွက် ဥပဒေဆိုင်ရာ အကန့်အသတ်များ (အထူးသဖြင့် ချိုးဖောက်ကျူး လွန်သူသည် တန်းပြည့်စစ်မှုထမ်းဆောင်နေချိန်မဖြစ်ရပါ) နှင့် အတူ အထွေထွေ ခြစားမှု နှင့် တရား စီရင်ရေးတွင် စစ်တပ်၏ ဝင်ရောက်စွက်ဖက်မှုတို့ ပေါင်းစပ်လိုက်သောအခါ အမှု အရေအတွက် အနည်းငယ်သာ လွှဲပြောင်းခြင်းကို ဖြစ်စေသည်။ ၂၀၀၈ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သားများအတွက် စစ်ဘက်ရေးရာ တရားစီရင်ရေးတွင် ကာကွယ်ရေးဦးစီးချုပ်၏အဆုံး အဖြတ်သည် အပြီးအပြတ်ဖြစ်သည်ဟု ပြဋ္ဌာန်းပါရှိသဖြင့် တပ်မတော်သားများ က ကျူးလွန်သော အမှုများကို အရပ်ဘက်တရားစီရင်ရေးသို့ လွှဲပြောင်းရန် အခက်အခဲရှိနေပါသည်။ တပ်မတော်သား များကို တရားစီရင်၍မရဘဲဖြစ်နေပါသည်။

သို့ရာတွင် လွန်ခဲ့သော နှစ်အနည်းငယ်က မြန်မာနိုင်ငံတွင် အမှုအနည်းငယ်နှင့်ပတ်သက်၍ စစ်သား များကို စစ်တပ်မှ ထုတ်ပယ်ပြီးသည့်အခါ အရပ်ဘက် တရားရုံးသို့ ကြားနာမှုများ ရှိခဲ့သည်။ အချို့ သော အမှု အောင်မြင်ခဲ့မှုများမှာ လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများသည် အာဏာပိုင်များကို ဖိအားပေးခြင်းအားဖြင့် စစ်သားများအား စစ်တပ်မှ ထုတ်ပယ်စေခြင်း ဖြစ်စေခဲ့သည်။ ထုတ်ပယ် ခံရသော စစ်သားများ၏ အမှုများကို အရပ်ဘက် တရားရုံးများသို့ လွှဲပြောင်းလာနိုင်သည်။ ရဲအရာရှိ များကိုလည်း အထူး ရဲ တရားစီရင်မှုများအစား အရပ်ဘက် တရားရုံးများတွင် စစ်ဆေးကြားနာမှု များလည်း ရှိသည်။

အထက်တွင် ဖော်ပြထားသကဲ့သို့ မိမိတို့သုတေသနတွင် ပါဝင်သော အမှု ၄ မှုကို အရပ်ဘက် တရားရုံးများတွင် ကြားနာခဲ့သည်။ (အခန်း ၅-၂ တွင်ကြည့်)။ သတိပြုသင့်သည်မှာ ထိုအမှုများအား လုံးမှာ တိုင်းရင်းသူ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်ခြင်းနှင့် သက်ဆိုင် သည်။ မိမိတို့အနေဖြင့် အရပ်ဘက် တရားရုံးများသို့ လွှဲပြောင်းလာသော မည်သည့် လူသတ်မှုကိုမျှ မှတ်တမ်းတင်ထားနိုင်ခြင်း မရှိပေ။ (တရားလွှတ်တော်က ပယ်ချလိုက်သည့် ပျောက်ဆုံးမှုမှ လွဲ၍)။

မိမိတို့သည် စစ်သားများ သို့မဟုတ် ရဲများ အရပ်ဘက် တရားရုံး ရှေ့မှောက်တွင် တရားစွဲဆိုခံရသည့် အနည်းငယ်သော အမှုများကို သတိပြုမိသော်လည်း ယင်းတို့သည် KWAT မှတ်တမ်း၏ အစိတ် အပိုင်းမဟုတ်သည့်အတွက် မိမိတို့၏ သုတေသနတွင် အမှုတစ်ခုချင်းကို ထည့်သွင်းထားခြင်းမရှိပါ။

## ၅-၂-၂။ စီရင်ချက်ချနိုင်ပြီးအောင်မြင်သော အမှုများသည် သက်ဆိုင်သူများအားလုံး၏ ပါဝင်မှု လိုအပ်သည်။

မိမိတို့ သုတေသနမှ အမှုများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ရာတွင် တရားစွဲဆိုမှုများ "အောင်မြင်ရန်" မှာ သက်ဆိုင်သူအားလုံး ပါဝင် လှုပ်ရှားမှု အပေါ် တည်မှီနေကြောင်း ထင်ရှားစွာ တွေ့မြင်ရသည်။ ထိုသို့ သောအခြေအနေများ ဖြစ်လာစေသည့် အကြောင်းရင်းမှာ သက်ဆိုင်သူအားလုံးဖြစ်သည့် ရွာသားများ၊ ဒေသခံ ခေါင်းဆောင်များ၊ အုပ်ချုပ်ရေးမှူးများ၊ မျက်မြင်သက်သေများနှင့် တစ်ခါ တစ်ရံတွင် ရဲအရာရှိများပင် တက်ကြွစွာ ပါဝင်ခြင်းကြောင့် ဖြစ်ကြောင်းလေ့လာတွေ့ရှိပါသည်။ လူထုအသိုင်းအဝိုင်းများအကြား သိနားလည်မှု တည်ဆောက်ရန်နှင့် ဒေသခံလူထုအခြေပြု အရပ်

ဘက်အဖွဲ့အစည်းလုပ်ဆောင်သူနေသူများ၏ စွမ်းရည်ကို မြှင့်တင်ပေးခြင်းသည် အမှုများကို တရားရုံးသို့ ရောက်ရှိစေရန် ကြိုးပမ်းမှုအတွက် လိုက်လျောညီထွေ ဖြစ်သော အနေအထားကို ဖြစ်စေသည်။

ဒေသခံ အသိုင်းအဝိုင်းသည် တရားမျှတမှုကို ရှာဖွေသော ကျူးလွန်ခံရသူများအား စိတ်ပိုင်းဆိုင်ရာ အထောက်အကူအကြံပေးခြင်းသာမက အမှုများ ကြားနာလာစေရန် လည်း ကဏ္ဍတစ်ခုမှ ပါဝင်လျက် ရှိသည်။ တုန့်ပြန်သူ တစ်ဦးက ရွာသားများသည် ၎င်းတို့၏ အသိုင်းအဝိုင်းတွင် ဘာတွေဖြစ်နေသည်ကို လေ့လာခြင်း၊ ပြဿနာရှိပါလာက တုန့်ပြန်ဖြေရှင်းခြင်း၊ အားတက်တရောပါဝင်ပြီး အဖြေ ရှာရန် ကူညီပေးခြင်း စသည့် "ယင်းတို့၏ အသိုင်းအဝိုင်းတွင် ဖြစ်ပွားနေသည့် ကိစ္စကို တာဝန်ခံမှု ရှိလျှင်" အမှန်တရားအတွက် အခွင့်အလမ်း ရှိလာသည်ဟု မိမိတို့အား ပြောသည်။ စစ်သား တစ်ယောက်က အသက် (၇) နှစ်အရွယ် မိန်းကလေးငယ်အား မုဒိမ်းကျင့်သည့် အမှုတွင် ရွာသားများက ချက်ချင်းတုန့်ပြန်လျက် ကျူးလွန်သူကို ဖမ်းဆီးကာ ရဲစခန်းသို့ ခေါ်လာခဲ့ကြသည်။ အိမ်နီးချင်းများ နှင့် အသိုင်းအဝိုင်းမှ လူများသည် အထောက်အထား စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် သက်ဆိုင်ရာ အာဏာပိုင်များသို့ အကူအညီပေးလိုသူများအား အကြောင်းကြားခြင်းတို့တွင် အရေးကြီးသော အခန်းကဏ္ဍတွင်ပါဝင်နိုင်ကြောင်း တုန့်ပြန်သူများက မိမိတို့အား ပြောပြသည်။

မိမိတို့ သုတေသနက အကြံပြုသည်မှာ လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများ ၎င်းတို့၏ အခွင့်အရေးများကို ပိုမိုသိနားလည်ပြီး ဥပဒေဆိုင်ရာ ကျင့်ထုံးများကို ကောင်းမွန်စွာ နားလည်ခြင်းအားဖြင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှု တောင်းဆိုရာတွင် တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ရန် ပိုမိုအလားအလာရှိသည်။ တနည်းအားဖြင့် ယင်းသည် ကျူးလွန်ခံရသူနှင့် မျက်မြင်သက်သေများအား သက်သေထွက်ဆိုရဲလာအောင် အားပေးခြင်း၊ လူထုဖိအား တည်ဆောက်ခြင်းနှင့် သက်ဆိုင်ရာ သက်သေအထောက်အထားများ ထိန်းသိမ်းခြင်းတို့အတွက် အထောက်အကူဖြစ်စေသည်။

လူထု အခြေပြု အရပ်ဘက် အဖွဲ့အစည်းများကို အခြေခံဥပဒေဆိုင်ရာ အခြေခံသဘောတရားများနှင့် ဖြစ် ရပ်များကို မှတ်တမ်းတင်ခြင်းတို့ သင်တန်းများ ပေးခြင်းသည်လည်း ကျူးလွန်ခံရသူများအတွက် တရားမျှတမှုကို ရရှိရန် အခွင့်အလမ်းပိုမိုရရှိစေသည်။ သင်တန်းများကို ထပ်ဆင့် ကူညီပံ့ပိုးပေးသော ဆွေးနွေးပွဲများ ပြုလုပ်ခြင်းဖြင့် မတူညီသော အသိုင်းအဝိုင်းများမှ ဘဝတူများသည် ၎င်းတို့၏ အတွေ့အကြုံများကို ဝေမျှနိုင်ပြီး တစ်ဦးနှင့် တစ်ဦး အကြံဉာဏ်များပေးနိုင်သည်။ ထိုအခါ လူထုအခြေပြု အသိုင်းအဝိုင်းသည် ကျူးလွန်ခံရသူများကို လုပ်ငန်းစဉ်၏ မတူညီသော အဆင့်အမျိုးမျိုးဖြစ်သည့် အထောက်အထား ရယူခြင်း၊ ရဲစခန်းတွင် ပထမသတင်းပေး တိုင်ချက်ဖွင့်လှစ်ခြင်း၊ ဆေးဖက် ဆိုင်ရာ စစ်ဆေးမှု ရယူခြင်း၊ ရှေ့နေနှင့် ဆက်သွယ်ခြင်း အစရှိသည်တို့မှတဆင့် ကူညီပံ့ပိုးပေးနိုင်သည့် ပိုမိုကောင်းမွန်သော အနေအထားတွင် ရောက်ရှိမည်ဖြစ်ပါသည်။

သုတေသနလုပ်ထားသည့် ဖြစ်ရပ်များ အားလုံးတွင် လူထု အသိုင်းအဝိုင်းဝင်များ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အားထုတ်မှုများကို ညွှန်းပြနေသည်။

# ဖြစ်ရပ်နမူနာများ

စွမ်းရည်မြှင့်တင်ထားသော ဒေသခံ လူထုများ၏ အခန်းကဏ္ဍသည် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ၂၀၁၄ ခုနှစ်က စစ်သားနှစ်ဦးက ကချင်အမျိုးသမီးတစ်ဦးကို မုဒိမ်းကျင့်သည့် ဖြစ်ရပ်တွင် ရှင်းလင်းစွာ တွေ့ရသည်။ ဤဖြစ်ရပ်သည် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် အသက် (၇) နှစ်အရွယ် မိန်းကလေး အားပြုကျင့်သည့် မုဒိမ်းမှု ဖြစ်ပြီး လအနည်းငယ် အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သော်လည်း လူထု၏ တက်ကြွလှုပ်ရှားမှုကို အားကောင်းစွာ တွေ့ရသည်။ ဒေသခံ လူထုနှင့် ဒေသခံလူမှု အသိုင်းအဝိုင်း အုပ်စုများက ယခင် ကဖြစ်ပွားခဲ့သောအမှုများကို ကိုင်တွယ်ခဲ့သည့်၎င်းတို့၏ အတွေ့အကြုံများကို လိုလိုလားလား ဝေမျှခဲ့သော ၎င်းတို့၏ ဘဝတူများထံမှ သင်ယူခဲ့ကြသည်။ ယင်းမှာ ကွတ်ခိုင် ယဉ်ကျေးမှု အသင်းက ဤအမှုတွင် အောင်မြင်တက်ကြွစွာ ပါဝင်ခဲ့သည့် အကြောင်းရင်းလည်း ဖြစ်နိုင်သည်။ ထိုအဖွဲ့က ယခင် အမှုက အတွေ့အကြုံများကို ရယူခဲ့သည်။

၂၀၁၃ ခုနှစ်တွင် မုဒိမ်းကျင့်ခံရသော အသက် (၇) နှစ်အရွယ်မိန်းကလေး၏ အမှုမှာ သက်ငယ်မုဒိမ်းမှု ဖြစ်၍ လူထုအသိုင်းအဝိုင်းမှ လူတိုင်းသည် တက်ကြွစွာပံ့ပိုးကူညီမှု ရှိခဲ့ကြသည်။ ရွာမှ ရပ်မိရပ်ဖများက အထူးသဖြင့် ဖွဲ့ရှိရှိပါဝင်ခဲ့ပြီး ဒေသခံ လူထုလူမှု အသိုင်းအဝိုင်း အုပ်စုများနှင့် ရှေ့နေများက တက်ကြွ ထိရောက်စွာ ပါဝင်ခဲ့ကြသည်။

၂၀၁၇ ခုနှစ်က ရဲအရာရှိ၏ မုဒိမ်းကျင့်ခံရသည့် အသက် (၁၆)နှစ်အရွယ် အမျိုးသမီး၏ ဖြစ်ရပ်တွင် အမျိုးသမီးက မိမိကိုယ်ကို သတ်သေမှုသည် လူထုအကြား ပွက်လောရိုက်မှု ဖြစ်စေခဲ့ပြီး ရဲနှင့် တရားရုံးများကို အရေးယူဆောင်ရွက်စေရန် ဖိအားဖြစ်စေခဲ့သည်။ ယခုအမှုတွင်လည်း ကွတ်ခိုင်ယဉ်ကျေးမှုအသင်းနှင့် ဒေသခံ အမျိုးသမီး အုပ်စုများက တက်ကြွစွာ ပါဝင်ခဲ့ကြသည်။

မိမိတို့ သုတေသနတွင် ထည့်သွင်းထားသော မုဒိမ်းမှု ၄ မှု စလုံးသည် တရားရုံးသို့ ရောက်ရှိသွားပြီး အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့သည်။ ဆေးစစ်မှုကို ဖြစ်ရပ်ဖြစ်ပွားပြီး ချက်ချင်း လုပ်ဆောင်ခဲ့၍တရားရုံးတွင် အသုံးပြုခဲ့သည်။ ဒေသခံ လူထုလူမှု အသိုင်းအဝိုင်း၏ ကျူးလွန်ခံရသူအပေါ် ပံ့ပိုးမှုသည် ဤကိစ္စနှင့် ပတ်သက်၍ အဓိကကျသော အခန်းကဏ္ဍက ပါဝင်ခဲ့သည်။

## ၅-၂-၃။ လူထု အမြင်က အပြုသဘောဆောင်သော ရလဒ်ကို ရစေနိုင်သည်။

လူထု ဖိအားသည် အာဏာပိုင်များအား လုပ်ငန်းလုပ်ဆောင်ရန်အတွက် တွန်းအားပေးရာတွင် သက်ရောက်မှုရှိကြောင်း မိမိတို့ သုတေသနက ပြသနေပါသည်။ ယင်းကို မိမိတို့၏ ဖြစ်ရပ် ခွဲခြမ်းစိတ်ဖြာသုံးသပ်မှုများနှင့် တုန့်ပြန်သူများ၏ ပြောဆိုချက်များက ပံ့ပိုးပေးသည်။ အကြောင်းအရာနှင့် ပတ်သက်၍ အခြားလူထုအစီရင်ခံစာများက မီးမောင်းထိုးပြလျက်ရှိသည်မှာ မီဒီယာများ၊ လူမှု အသိုင်းအဝိုင်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂတို့မှ စိတ်ဝင်စားမှုနှင့် စိစစ်လေ့လာမှုများက စုံစမ်းစစ်ဆေးမှုများ ဖွင့်လှစ်ရန် အာဏာပိုင်များကို ဖိအားပေးနိုင်သည်။[11]

(အစိုးရစစ်တပ် အပါအဝင်) ဒေသခံ အာဏာပိုင်များအတွင်း အဓိကကျသော လူပုဂ္ဂိုလ်များကို စည်းရုံးလှုံ့ဆော်ခြင်း၊ လူထုဆန္ဒပြပွဲများ စီစဉ်ခြင်း၊ (ဒေသအဆင့်၊ နိုင်ငံအဆင့်၊ နိုင်ငံတကာ) မီဒီယာတွင် တင်ပြမှုများကို အားကောင်းစေခြင်း၊ ဒေသခံ ခေါင်းဆောင်များ (လူထုခေါင်းဆောင်များ၊ ဘာသာရေး ခေါင်းဆောင်များ၊ ရွေးကောက်ခံ အရာရှိများ) အား လှုပ်ရှားစေခြင်း၊ (ပြည်တွင်းနှင့် နိုင်ငံတကာ) လူထု အခြေပြုအရပ်ဘက် အဖွဲ့အစည်း အုပ်စုများမှ စောင့်ကြည့်ခြင်းနှင့် နိုင်ငံတကာ အသိုင်းအဝိုင်း (အထူးကိုယ်စားလှယ်၊ သံရုံးများ၊ ကုလသမဂ္ဂ အေဂျင်စီများ၊ INGO များ) ပါဝင်မှုကို လျင်မြန်စေခြင်းတို့သည် အာဏာပိုင်များအား အရေးယူဆောင်ရွက်မှု လုပ်ဆောင်လာစေရန် တစ်စုံတစ်ရာ အတိုင်းအတာ ဖြစ်စေသည့် အကြောင်းရင်းများအဖြစ် ညွှန်းပြနေပါသည်။

အထူးသဖြင့် မီဒီယာ၏ အခန်းကဏ္ဍသည် အဆုံးအဖြတ်ပေးသော အကြောင်းရင်း ဖြစ်ပုံရသည်။ သတင်းစာ ရှင်းလင်းပွဲများ ပြုလုပ်ခြင်းသည် အချို့သော အမှုများတွင် အထောက်အကူဖြစ်စေပြီး ကြားနာမှု ပြုလုပ်စဉ် မီဒီယာများရှိခြင်းသည် စစ်တပ်၊ ဥပဒေအရာရှိများနှင့် တရားသူကြီးများအပေါ် ဖိအား၏ အစိတ်အပိုင်းကို ပိုမိုတိုးများစေသည်။ ခြားနားမှုမှာ ဝေလံခေါင်ဖျားသော နေရာများတွင် ရွာသားများပါဝင်သော ဖြစ်ရပ်များတွင် မီဒီယာများ၏ အာရုံစိုက်မှု နည်းပါးခြင်းသည် ထိုအမှုများတွင် အမှန်တရားမရရှိခြင်းအတွက် အကြောင်းရင်းများထဲမှ တစ်ခုအဖြစ် ညွှန်းပြနေပါသည်။ လူသိများခြင်းနှင့် မီဒီယာ တင်ပြချက်များကို ပါဝင်သူများအတွက် အကာအကွယ်အဖြစ်လည်း မြင်ကြပြီး တရားစီရင်ရေးဆိုင်ရာ ရလာဒ်များ မရှိသည့်တိုင်အောင်ပင် ကျူးလွန်ခံရသူများကို ပုံစံ တစ်မျိုးဖြင့် အသိအမှတ်ပြုခြင်းကိုလည်း ပေးနိုင်သည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) သို့ တိုင်တန်းခြင်းသည် အထောက်အကူ ပြုမပြုဆိုသည်မှာ အငြင်းပွားဖွယ်ရာ ဖြစ်သည်။ အချို့သော ဖြစ်ရပ်များတွင် MNHRC သို့ တိုင်ကြားချက်များ ပေးပို့ခြင်းသည် သက်ဆိုင်ရာ စစ်တပ် အာဏာပိုင်များအား စုံစမ်းစစ်ဆေးမှုများ စတင်စေသည်။ ယင်းသည် သဘောတရားအရ တရားမျှတမှု လုပ်ငန်းစဉ်သို့သွားရာ ပထမအဆင့် ဖြစ်သည်။ သို့ရာတွင် အချို့သော ဖြစ်ရပ်များတွင် MNHRC သို့တိုင်ကြားမှုများသည် ကျူးလွန်ခံရသူ၏ အသိုင်းအဝိုင်းများကို စော်ကားခြင်း၊ နှောင့်ယှက်ခြင်းများ ဖြစ်စေပြီး ကျူးလွန်ခံရသူများကိုပါ မမှန်မကန် စွပ်စွဲမှုနှင့် အမှုဖွင့်ခံရနိုင်သည်။

11 See for example: International Commission of Jurists, Achieving Justice for Gross Human Rights Violations in Myanmar, Baseline Study (2018).

# ဖြစ်ရပ်နမူနာများ

၂၀၁၃ ခုနှစ် မုဒိမ်းကျင့်ခံခဲ့ရသည့် အသက် (၇) နှစ်အရွယ် မိန်းကလေး အမှုတွင် လူထုထင်မြင်ချက်ကို ရယူနိုင်ပြီး ပံ့ပိုးမှု အများအပြားရရှိသည်။ အဘယ်ကြောင့်ဆိုသော် ယင်းမှာ သက်ငယ်မုဒိမ်းမှု ဖြစ်သောကြောင့်ဖြစ်သည်။ မီဒီယာများ၏ ဖော်ပြမှုနှင့် လူထုစိတ်ဝင်စားမှုသည် ဤ အမှုတွင် တရားမျှတမှု တစ်စုံတစ်ရာကို အာမခံချက်ရရှိရန် အဓိက ကဏ္ဍက ပါဝင်ခဲ့သည်။

အလားတူ နည်းလမ်းတွင် ၂၀၁၇ ခုနှစ် မုဒိမ်းကျင့်ခံရပြီး နောက်ပိုင်းတွင် ကိုယ့်ကိုယ်ကို သတ်သေခဲ့သည့် အသက် (၁၆) နှစ်အရွယ် အမျိုးသမီး၏ ဖြစ်ရပ်တွင် ၎င်း၏ သတ်သေမှုကြောင့် လူထုအကြား ဆူညံပွက်လောရိုက်သွားခြင်းသည် ရဲနှင့် တရားရုံးကို အရေးယူဆောင်ရွက်စေရန် ဖိအားဖြစ်စေခဲ့သည်။

၂၀၁၄ ခုနှစ်တွင် စစ်သား နှစ်ဦး၏ မုဒိမ်းကျင့်မှုကို ခံခဲ့ရသည့် ကချင်အမျိုးသမီး၏ အမှုတွင် လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများ၏ ဖိအားနှင့် အထူးသဖြင့် ကွတ်ခိုင် ယဉ်ကျေးမှုအသင်း၏ ပါဝင်ပတ်သက်မှုက သိသာထင်ရှားသည့် လူထုဖိအားကို ဖြစ်စေပြီး အာဏာပိုင်များအား အရေးယူဆောင်ရွက်စေရန်တွန်းအားဖြစ်စေသည်။ အမှုကို တာဝန်ယူရသည့် အစိုးရစစ်တပ် ဗိုလ်ချုပ်နှင့် ကွတ်ခိုင်ယဉ်ကျေးမှုအသင်းဝင်များ၏ တိုက်ရိုက် ပုဂ္ဂိုလ်ရေး ဆွေးနွေးမှုများသည် အမှုကို အထောက်အကူ ဖြစ်စေခဲ့သည်။

ကချင် လယ်သမား လေးဦး ပါဝင်သော မတရား ဖမ်းဆီးမှုတွင် မီဒီယာ အသုံးပြုမှုသည် တစ်စုံတစ်ရာ အတိုင်းအတာ အထောက်အကူဖြစ်စေခဲ့သည်။ ၂၀၁၆ ခုနှစ် ဇန္နဝါရီလ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကချင်လယ်သမား လေးဦး ပျောက်ဆုံးသွားသောအခါ ၎င်းတို့ မည်သည့်နေရာတွင်ရှိသည်ကို ဆွေမျိုးများက မသိကြပေ။ မိသားစုများ၊ ဒေသခံ ခေါင်းဆောင်များနှင့် လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများက သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့ခြင်းသည် ထိုသူများကို စစ်တပ်က ဖမ်းဆီးထားကြောင်း ရဲက လူသိရှင်ကြား ပြောကြားလာစေခဲ့သည်။ ၎င်းတို့ကို မတရားအသင်း အက်ဥပဒေဖြင့် တရားစွဲခဲ့ပြီး ထောင်ဒဏ် နှစ်နှစ် ချခဲ့သည်။ နောက်ပိုင်းတွင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့် အမိန့်ဖြင့် ပြန်လွတ်လာခဲ့သည်။

၂၀၁၇ ခုနှစ် မေလတွင် အရပ်သား အမျိုးသား သုံးဦး အသတ်ခံရမှု၌ အစိုးရစစ်သား ခြောက်ဦးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၁၀) နှစ် ချမှတ်သည့် အမှုတွင် လူထု၏ အမြင်မှာ မီဒီယာမှတဆင့် လှုပ်ရှားသက်ဝင်ခဲ့သည်။ ယင်းမှာ တရားမျှတမှုကို သတ္တိရှိရှိ ရှာဖွေခဲ့သော မိသားစုများ၊ ဗီဒီယိုပေါ်တွင် ဝေမျှရန် သဘောတူခဲ့သော မျက်မြင်သက်သေနှင့် ထိုအမှုတွင် တရားမျှတမှုအတွက် တွန်းအားပေးခဲ့သော လူထုခေါင်းဆောင်များ၏ သတ္တိကြောင့်လည်း ဖြစ်နိုင်သည်။

# ၆။ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများအတွက် မဟာဗျူဟာများ

မိမိတို့ အစီရင်ခံစာ၏ရည်မှန်းချက်မှာ ဒေသခံလူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများ နှင့် ဒေသခံခေါင်းဆောင်များအား တရားမျှတမှု ရှာဖွေရာတွင် ကျူးလွန်ခံရသူများကို မည်သို့ ပိုမိုကောင်းမွန်အောင် ပံ့ပိုးနိုင်မည် ဆိုသည့်အပေါ် မဟာဗျူဟာများ အကြံပြုရန် ဖြစ်သည်။ မိမိတို့သည် ယနေ့ (အလွန်အမင်း စိန်ခေါ်မှုရှိနေသည့်) အခြေအနေတွင် လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများအနေဖြင့် လက်တွေ့ကျပြီး ခိုင်မာသည့် လုပ်ငန်းများကို ဖော်ထုတ်နိုင်ရန် ကြိုးစားထားသည်။ မိမိတို့၏ အစီရင်ခံစာသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများတွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်များကို အဓိကသုံးသပ်ထားသော်လည်း မိမိတို့၏ တွေ့ရှိချက်များနှင့် အကြံပြုချက်များသည် နိုင်ငံတဝှမ်းလုံးအတွက် အသုံးပြုနိုင်မည်ဟု ယုံကြည်ပါသည်။

မိမိတို့သည် လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်း အုပ်စုများအတွက် မဟာဗျူဟာ သုံးမျိုးကို ဖော်ထုတ်ထားသည်။ (က) လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများမှလည်းရှေ့နေများကို ဥပဒေဆိုင်ရာ လုပ်ဆောင်မှုများပိုမို ကြိုးစားအားထုတ်ပြီးလုပ်ဆောင်လာနိုင်ရန်တိုက်တွန်းအားပေးနိုင်ခြင်း၊ ခ) လူထုအခြေပြု အရပ်ဘက် အဖွဲ့အစည်းများ၏ကိစ္စရပ်များ လုပ်ကိုင်နိုင်ရန် ယင်း၏ စွမ်းရည်ကို မြှင့်တင်သည့် လုပ်ငန်းများလုပ်ဆောင်နိုင်ခြင်းနှင့် ဂ) လူထုအခြေပြု အရပ်ဘက် အဖွဲ့အစည်းများက မတူညီသည့်ဖြစ်ရပ်များအပေါ် လုပ်ဆောင်နိုင်သည့် လုပ်ငန်းများဖြစ်သည်။

## ၆–၁။ အဓိကကျသော ဥပဒေဆိုင်ရာ မဟာဗျူဟာများကို အသုံးပြုခြင်း

တရားမျှတမှု ရရှိရေးတွင် ကျူးလွန်ခံရသူများကို ပံ့ပိုးရန်အတွက် တိုက်ရိုက်ပံ့ပိုးသည့် လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်း အုပ်စုများသည် ကျူးလွန်ခံရသူ၏ ရှေ့နေ (များ) နှင့်လည်း အနီးကပ် ဆက်ဆံမှုပြုလုပ်ရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်ရှေ့နေများသည် ၎င်းတို့၏ အမှုသည်များ ကိုယ်စား ဥပဒေဆိုင်ရာ အဖွဲ့၏ လုပ်ဆောင်မှုများကို စောင့်ကြည့်ရန် ကောင်းမွန်သော အနေအထားတွင် ရှိသည်။ လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်း အုပ်စုများက ရှေ့နေများကို ၎င်းတို့၏ တာဝန်ဖြစ်သော အမှုသည်များအား ဖြစ်နိုင်ချေ ရှိသည့် ဥပဒေဆိုင်ရာ အကောင်းဆုံး ပံ့ပိုးမှု ပေးရန် နှင့် ရှေ့နေများက ၎င်းတို့၏ လုပ်ဆောင်နေမှုအပေါ် အကောင်းဆုံးလုပ်ဆောင်နေခြင်းရှိမရှိကို စိစစ်နိုင်သည်။ အမှုသည်များက ၎င်းတို့၏ ရှေ့နေများကို ဥပဒေဆိုင်ရာ အကြံဉာဏ်များ အကူအညီတောင်း ခံဆွေးနွေးနိုင်သည်။ ဤအခန်းတွင် မိမိတို့အနေဖြင့် ရှေ့နေများကို ဆောင်ရွက်စေလိုသော ဥပဒေဆိုင်ရာ မဟာဗျူဟာအချို့ကို မီးမောင်းထိုးပြထားသည်။

မိမိတို့အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို တရားရုံးသို့ ပို့ဆောင်ရန် ကြိုးပမ်းသည့် အခြေအနေများ၊ ကျူးလွန်ခံရသူအား မတရား ထိန်းသိမ်းခြင်းနှင့် နိုင်ငံရေးအရ တရားစွဲဆိုခြင်းမှ ကာကွယ်ရန် လိုအပ်သည့် အခြေအနေများတွင် ဤမဟာဗျူဟာများကို အခြေအနေအပေါ်သုံးသပ်၍အသုံးပြုနိုင်သည်။

ဤဥပဒေဆိုင်ရာ မဟာဗျူဟာများကို ပိုမိုနားလည်စေရန် ဥပဒေဆိုင်ရာ အသိပညာ ဗဟုသုတရှိပြီးသော သူများအတွက် ရေးသားထားသော အရင်းအမြစ်အချို့ ရရှိနိုင်သည်။ ယင်းတို့ထဲတွင် "ဥပဒေအထောက်အကူပြု လက်စွဲ၊ ရာဇဝတ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် ရာဇဝတ်မှုဆိုင်ရာ အမှုများ"[12] နှင့် ရှေ့နေများအတွက် ရည်ရွယ်ထားသော "ဥပဒေနှင့်ညီသော ရှေ့နေလိုက်ပါဆောင်ရွက်မှုဆိုင်ရာ စာတမ်းငယ် (Legal Practice Brief series)" ပါဝင်သည်။[13]

## ၆-၁-၁။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို တရားရုံးသို့ ပို့ဆောင်ရန် ကြိုးပမ်းသည့် အခါ။

အမှုများသည် ရဲစခန်းအဆင့်တွင်ပင် မကြာခဏ ပိတ်ဆို့ခံရသည့်အတွက် တရားရုံးတွင် ဦးတိုက်လျှောက်အမှု ဖွင့်လှစ်နိုင်ရန်  အတွက် မဟာဗျူဟာများ လိုအပ်သည်။ ရဲများသည်တရားရုံးသို့ အစီရင်ခံခြင်း မပြုမီ ရက်ပေါင်း ၁၀ (နှင့် သေးငယ်သော ကျူးလွန်မှုများအတွက် ၁၅ရက်) စုံစမ်းစစ်ဆေးရသည့် အချက်ပေါ်တွင်အခြေခံ၍ ပထမဦးစွာ ရှေ့နေများသည် ရဲများအား ဥပဒေအရ တရားဝင် ဖိအားပေးရန် ကြိုးစားနိုင်သည်။[14]

ဒေသခံ ရဲက အမှုကို အပြည့်အဝ ပိတ်ဆို့နေသည့် အမှုများတွင် (ဥပမာအားဖြင့် ၎င်းတို့၏ အရာရှိတစ်ဦးဦး ပါဝင်နေသည့်အခါ) ဒေသခံ မြို့နယ်တရားရုံးမှ အခြားသော မြို့နယ် တရားရုံး သို့မဟုတ် ခရိုင်တရားရုံး၊ပြည်နယ်/တိုင်းဒေသကြီးတရားလွှတ်တော်၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးများသို့ အမှုကို အယူခံ/ပြင်ဆင်မှုများတက်ရောက်နိုင်သည်။ ထို့ကြောင့် အမှုများတွင်ပေါ်ပေါက်သော သက်သေခံ ချက်များကို အောက်ခြေတရားရုံးများမှစိစစ်နိုင်မှုအားနည်းသောကြောင့် အမှုသည်များမှာ တရားမျှတမှု ရရှိနိုင်ရန်တရားရုံးအဆင့်ဆင့်တက်ရောက်နေရသဖြင့်ကြီးစွာ ပင်ပန်းမှုများရှိနေခဲ့ပါသည်။ ထို့ကြောင့်မည်သည့် တရားရုံးသည် မည်သည့် ချိုးဖောက်မှုများအပေါ်တရားစီရင်ပိုင်ခွင့်ရှိကြောင်း သီးသန့်ဖော်ပြသတ်မှတ်ထားသည့် တရားစီရင်ရေးဆိုင်ရာ မြေပုံ မရှိသကဲ့သို့ဖြစ်နေပါသည်။ ဤနေရာတွင် အချို့သော အခြေအနေများတွင် ပိုမို တိုးတက်သော တရားရုံးကို လက်လှမ်းမီအောင် ကြိုးစားနိုင်သည့် အခွင့်အရေး အချို့ရှိနိုင်သည်။

မှတ်သားထားရန်အရေးကြီးသည့်ကျင်ထုံးတစ်ခုရှိသည်။ ၎င်းမှာတစ်စုံတစ်ဦးကထိခိုက်နစ်နာမှုရှိလျှင် တရားရုံးသို့ဦးတိုက်လျှောက်ထားနိုင်သည်။ထိုသို့လျှောက်ထားသည့်အခါတိုင်ကြားမှုသည်အရေးယူနိုင်ရန်ယုတ္တိရှိပြီးအခြေအမြစ်ရှိလျှင်တရားရုံးမှကျင့်ထုံးပုဒ်မ ၂၀၄အရ သက်ဆိုင်ရာဥပဒေများဖြင့် စတင် အရေးယူနိုင်ပါသည်။အကယ်၍တိုင်ကြားမှုသည်အခြေအမြစ်မရှိပါက ကျင့်ထုံးပုဒ်မ ၂၀၃ ဖြင့်

12 U Kyaw Myint Law Firm and others, "Paralegal Manual, Criminal Procedure and Criminal Cases" (2018) in Burmese

13 My Justice and Justice Base, Legal Practice Brief series (2019) available at https://www.myjusticemyanmar.org/publications/resources

14 Code of Criminal Procedure, section 167(2)

ပလပ်နိုင်ပါသည်။ဆက်လက်စစ်ဆေးရန်လိုအပ်ပါကကျင့်ထုံးပုဒ်မ ၂၀၂ဖြင့် ရဲတပ်ဖွဲ့ထံလွှဲအပ်နိုင်ပါသည်။ ကျူးလွန်ခံရသူနှင့် ရှေ့နေများသည် ဤလမ်းကြောင်းမှ ကြိုးစားရန် အလွန်ဆန္ဒပြင်းထန်ပြီး ယုံကြည်မှု ရှိရန်လိုအပ်သည်။တရားသူကြီးအများစုကနိုင်ငံရေး၊လူ့အခွင့်အရေးများနှင့် ဆက်နွယ်သော အမှုများ ကို လက်ခံပြီးအရေးယူဆောင်ရွက်ရန် ဝန်လေးတတ်ကြပါသည်။

ထို့အပြင် ရဲက တရားရုံးမတိုင်မီတွင် ပထမအဆင့် တိုင်ကြားချက် ပထမသတင်းပေးတိုင်တန်းချက် (FIR) ဖွင့်ရန် ငြင်းဆိုခဲ့ပါက ရဲအက်ဥပဒေအရ ရဲများကို တရားစွဲဆိုနိုင်သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို စာချွန်တော်အမိန့်စာထုတ်ပြန်ရန် တိုင်ကြားနိုင်ပြီး အောင်မြင်ခဲ့ပါက ပြည်ထောင်စုတရား လွှတ်တော်ချုပ်မှ ရဲကို ပထမသတင်းပေးတိုင်တန်းချက် (FIR) ဖွင့်ရန် ညွှန်ကြားပေးနိုင်လိမ့်မည်။

## ၆-၁-၂။ မတရား ထိန်းသိမ်းခြင်းနှင့် နိုင်ငံရေးဆိုင်ရာ တရားစွဲဆိုမှုများမှ ကျူးလွန်ခံရသူကို ကာကွယ်သည့်အခါ။

မှားယွင်းစွပ်စွဲ တရားစွဲဆိုခံရသည့် တစ်စုံတစ်ယောက်ကို ကာကွယ်သည့် အခါတွင် အထူးသဖြင့် နိုင်ငံရေးအရ ထိရှလွယ်သော အမှုများ (အခန်း ၅-၁-၇ တွင်ကြည့်) တွင် ၎င်းတို့၏ အခွင့်အရေးများကို လေးစားရန် စိန်ခေါ်မှုရှိနေသည့်အတွက် ဖြစ်နိုင်ချေရှိသည့် နည်းလမ်းမှန်သမျှ ၎င်းတို့ကို ကာကွယ်ရန်အတွက် မဟာဗျူဟာများ လိုအပ်သည်။

မိမိတို့၏ အစီရင်ခံစာတွင် တွေ့ရှိပြီးဖြစ်သည့်အတိုင်း မတူကွဲပြားသော အဆင့်များတွင် ၎င်းတို့၏ အခွင့်အရေးများကို ကြိုးစားကာကွယ်ရန် မရှိမဖြစ် လိုအပ်သည်။

- ထိန်းသိမ်းမှုကို စိန်ခေါ်ပြီး ၎င်းတို့အား လွှတ်ပေးရန် ကြိုးပမ်းခြင်း။
- ၎င်းတို့၏ ရှေ့နေရရှိပိုင်ခွင့်နှင့် သင့်လျော်သော ဥပဒေဆိုင်ရာ ကာကွယ်ခုခံမှုကို အာမခံစေခြင်း
- ၎င်းတို့အပေါ်စွဲဆိုထားသော သက်သေအထောက်အထားများကို ကြည့်ရှုနိုင်ခြင်း၊
- ဤအမှုများတွင် "အပြစ်ရှိကြောင်း ကြိုးတင်သတ်မှတ်မှုကို" စိန်ခေါ်ခြင်းနှင့် ၎င်းတို့၏ အခွင့်အရေးဖြစ်သော အပြစ်ကင်းစင်ကြောင်းယူဆသည့် ခုခံပိုင်ခွင့်ကို ကာကွယ်ခြင်း။
- "မလိုအပ်သော ကြန့်ကြာမှုများ" ကို ဖြစ်စေသော ဥပဒေဆိုင်ရာ ကျင့်ထုံးများကြောင့် အချိန်ရှည်ကြာနိုင်မှုကို လျော့ချရန် ကြိုးပမ်းခြင်း။
- နှိပ်စက်ညှဉ်းပန်းမှုနှင့် အတင်းအဓမ္မ ဝန်ခံခိုင်းခြင်းကို ဖြေရှင်းခြင်း။

"ဥပဒေနှင့်ညီသော ရှေ့နေလိုက်ပါဆောင်ရွက်မှုဆိုင်ရာ စာတမ်းငယ်"[15] က ရှေ့နေများအား ၎င်းတို့၏ အမှုသည်များ၏အခွင့်အရေးများကိုကာကွယ်ရန်အသေးစိတ်အကြံဉာဏ်များနှင့်မဟာဗျူဟာများကို

15 My Justice and Justice Base, Legal Practice Brief series(ဥပဒေနှင့်ညီသောရှေ့နေလိုက်ပါဆောင်ရွက်မှုဆိုင်ရာ စာတမ်းငယ်) (2019) available at
https://www.myjusticemyanmar.org/publications/resources
https://www.myjusticemyanmar.org/content/legal-practice-brief-1-challenging-undue-delay-0
https://www.myjusticemyanmar.org/content/legal-practice-brief-2-accessing-case-documents-0

ရေးသားထားသည်။ ထိုစာတွဲကို အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာများနှင့် ရရှိနိုင်ပြီးမလိုလား အပ်သည့် နှောင့်နှေးမှုများကို စိန်ခေါ်ခြင်း၊ အမှု စာရွက်စာတမ်းများကို ရယူခြင်း၊ အပြစ်မရှိကြောင်း သတ်မှတ်မှုနှင့် သက်သေပြရန် တာဝန်၊ လွှတ်မြောက်ခြင်းနှင့် အာမခံ၊ ရုံးမှန်၊ လွတ်လပ်စွာ ထုတ် ဖော်ခြင်းနှင့် အသရေဖျက်မှုစသော ခေါင်းစဉ်များကို လွှမ်းခြုံဖော်ပြထားသည်။ ထို "စာတမ်းငယ်" တွင် တိုင်ကြားမှု အမျိုးမျိုးအတွက် နမူနာပုံစံများ၊ တင်သွင်းခြင်းများ၊ အသုံးပြုခြင်းများနှင့်တိုင်ကြား မှုလုပ်ထုံးလုပ်နည်းများကိုပင် ထည့်သွင်းထားသည်။ ရှေ့နေများက ၎င်းတို့၏ အမှုသည်များကို ကာကွယ်ရန် ပြင်ဆင်သည့်အခါ ထို စာရွက်စာတမ်းများကို ကိုးကား၍ တိုက်တွန်းရန် လိုအပ်သည်။

၎င်းတို့၏ အမှုသည်များ လွတ်မြောက်ရန် ကြိုးစားနေသည့် ရှေ့နေများအတွက် ဤ "ဥပဒေနှင့်ညီ သော ရှေ့နေလိုက်ပါဆောင်ရွက်မှုဆိုင်ရာ စာတမ်းငယ်"က ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှု၏ အဆင့်များ အားလုံးတွင် ၎င်းတို့၏ အမှုသည်ကို ထိန်းသိမ်းထားမှုအား စိန်ခေါ်ရန် ရှေ့နေများကို အကြံပြုထားပြီး ထိုအရာကို မည်သို့ လုပ်ဆောင်နိုင်ကြောင်း အကြံပြုထားသည်။ မဟာဗျူဟာ နမူနာများတွင် သက်ဆိုင်သည့် အခါများတွင် စောလျင်စွာနှင့် စနစ်တကျ အာမခံရရှိရန် လျှောက် ထားခြင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော် (Habeas Corpus) အမိန့်ထုတ်ပြန် ရန် တင်ပြခြင်းများ ပါဝင်သည်။

ရှေ့နေရရှိပိုင်ခွင့်နှင့်ပတ်သက်၍ "ဥပဒေနှင့်ညီသော ရှေ့နေလိုက်ပါဆောင်ရွက်မှုဆိုင်ရာ စာတမ်းငယ်" က "ရှေ့နေများသည် ပထမအဆင့်တွင် ၎င်းတို့၏ အမှုသည်များအား ဥပဒေဆိုင်ရာ အကြံပေးခြင်း နှင့် ကိုယ်စားပြုခြင်းအတွက် ရှာဖွေနိုင်သည်၊ ရှာဖွေသင့်သည်" ဟု အကြံပြုထားသည်။ ထိုသို့ လုပ်ဆောင်ရန် ရှေ့နေများသည် ချုပ်နှောင် ထိန်းသိမ်းထားသူများအား ဖြစ်နိုင်သမျှ အမြန်ဆုံး တွေ့ဆုံနိုင်ရန် တောင်းဆိုနိုင်ပြီး သင့်လျော်သည့်အခါတွင် အာမခံ လျှောက်ထားနိုင်သည်။ ယင်း "စာတမ်းငယ်" က ရုံးမှန်ကြားနာမှုများတွင် ထိန်းသိမ်းခံထားရသူများအား ကိုယ်စားပြုခြင်း၊ ကာကွယ်ခြင်းနှင့် ထိုသို့ ပြုလုပ်ရန် မဟာဗျူဟာများကိုလည်း အကြံပြုထားသည်။

၎င်းတို့၏ အမှုသည်များကို ကောင်းမွန်စွာ ကာကွယ်နိုင်ရန် ရှေ့နေများသည် ယင်းတို့ အမှုသည် များနှင့်ပတ်သက်ပြီး ရရှိထားသော မျက်မြင်သက်သေများ၊ ရဲတွင် တိုင်ချက်ဖွင့်ထားသော ပြောဆိုချက်များအပါအဝင် သက်သေအထောက်အထားဖိုင်များကို ကြည့်ရှုနိုင်ရန် လိုအပ်သည်။ သတ်မှတ်ထား သော သတ်မှတ်ချက်အရ အမှုတွဲမိတ္တူကို တရားရုံးမှ ရယူနိုင်သည်။ ၎င်းတို့က "အနိမ့်ဆုံးမှာ ရှေ့နေများအနေဖြင့် ယင်းတို့ စာဖြင့်ရေးသားသော တောင်းဆိုချက်စာ၏ အစိတ် အပိုင်းအဖြစ် ရာဇဝတ်ဆိုင်ရာ ကျင့်ထုံးဥပဒေများ၏ ပုဒ်မ ၁၆၂ (၂) အရ မျက်မြင်သက်သေ ပြောကြားချက် မိတ္တူများကို တောင်းဆိုသင့်သည်" ဟု အဆိုပါတမ်းတွင်ပါဝင်သည်။ မဟာဗျူဟာများတွင် အမှုအတွက် စာရွက်စာတမ်းများအားလုံး ပေးသည်အထိ သို့မဟုတ် စာချွန်တော် အမိန့်အတွက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် တောင်းဆိုထားစဉ်နှင့် ရုံးချိန်းရွှေ့ဆိုင်းမှုများကို တောင်းဆိုခြင်း ပါဝင်သည်။ ရှေ့နေ များက အမှုတွဲဖိုင်များကို ကြည့်ရှုရန် ကြားနာမှုပြီးသည့်အထိ စောင့်ဆိုင်းမနေရန် အလွန်အရေးကြီးသည်။

အမှုသည်၏ အပြစ်မရှိကြောင်း ကြိုတင်ယူဆချက်ကို ကာကွယ်ရန် မဟာဗျူဟာများလည်း လိုအပ် သည်။ မိမိတို့၏ အစီရင်ခံစာက နိုင်ငံရေး တွန်းအားကြောင့် တရားစွဲဆိုမှုများတွင် "အပြစ်ရှိကြောင်း

ကြိုးတင်ယူဆချက်” ရှိနေပြီး တရားစွဲဆိုမှုအပေါ် သက်သေပြရန် တာဝန် (အခန်း ၅-၁-၇ တွင်ကြည့်) အပါအဝင် ခုခံကာကွယ်ခွင့် အခြေခံအခွင့်အရေးများကို လေးစားခြင်း မရှိပေ။ "ဥပဒေနှင့်ညီသော ရှေ့နေလိုက်ပါဆောင်ရွက်မှုဆိုင်ရာ စာတမ်းငယ်”က တရားစွဲဆိုမှုကို သက်သေပြရန် တာဝန်အထိ မည်သို့ ထိန်းထားမည်နည်း အပါအဝင် အပြစ်မရှိကြောင်း ကြိုးတင်ယူဆချက် ကာကွယ်မှုအတွက် မဟာဗျူဟာများကို အကြံပြုထားသည်။ ဥပမာ- ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၁၆၂(၁) အရ ဝန်ခံခြင်းများ အပါအဝင် တရားစွဲဆိုခံရသူက ထွက်ဆိုထားသော ပြောဆိုချက်များ၏ တင်သွင်းခွင့်ကို စိန်ခေါ်သည့် နည်းလမ်းများကိုလည်း အကြံပြုထားသည်။ ဤ"စာတမ်းငယ်”က တရားသူကြီး သို့မဟုတ် ဥပဒေအရာရှိများက အပြစ်ရှိသည်ဟု မမှန်မကန် လမ်းကြောင်းပေးမှုများကို စိန်ခေါ်ရန်နှင့် အပြစ်ကျူးလွန်ကြောင်း ဆုံးဖြတ်ချက်များကို စနစ်တကျ အယူခံဝင်ရန်လည်း အကြံပြုထားသည်။

ဥပဒေဆိုင်ရာ ကျင့်ထုံးများက အချိန်ရှည်ကြာမှုကို လျှော့ချရန် ကြိုးပမ်းသည့်အနေဖြင့် ယင်း "စာတမ်းငယ်” က "မလိုလားအပ်သည့် နှောင့်နှေးမှုများ” ကို စိန်ခေါ်ရန်အတွက် မဟာဗျူဟာများကိုလည်း အဆိုပြုထားသည်။ ယင်းတွင် ဥပမာအားဖြင့် ရဲများ၏ စုံစမ်းစစ်ဆေးမှုကာလအတွင်း ဖမ်းဆီးခြင်း နှင့် ထိန်းသိမ်းခြင်းအတွက် အကြောင်းရင်းများကို စိန်ခေါ်ခြင်း ပါဝင်သည်။ တရားလိုပြ မျက်မြင် သက်သေထံမှ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းကို ဖြေရှင်းရန် ဤ "စာတမ်းငယ်” က ရှေ့နေများအနေဖြင့် "မျက်မြင်သက်သေများ ရုံးတက်စေရန် သမ္မာန်စာ သို့မဟုတ် ဝရမ်း ထုတ်ရန် အတွက်တရားသူကြီးကို ငြင်းဆိုရန်” သို့မဟုတ် "တရားရုံးသို့လာရန် ပျက်ကွက်သော မျက်မြင်သက် သေများအပေါ် တရားရုံးလုပ်ထုံးလုပ်နည်းများအား မထိမ့်မြင်ပြုမှုအတွက် ငြင်းဆိုရန်” တို့ကို အကြံပြုထားသည်။ အရေးယူဆောင်ရွက်ခြင်း မရှိသည့် တရားသူကြီးနှင့် ဥပဒေအရာရှိများနှင့် ပတ်သက်၍ ရှေ့နေများသည် အထက်တန်း တရားရုံး သို့မဟုတ် တရားလွှတ်တော်သို့ အယူခံ သို့မဟုတ် စည်းကမ်းထိန်းသိမ်းမှုဆိုင်ရာ တိုင်ကြားမှုဖိုင်တွဲတင်ရန် ရှေ့နေများက ကြိုးပမ်းနိုင်သည်။

အမှုသည် ခံစားရသော နှိပ်စက်ညှဥ်းပမ်းမှုကို ဖြေရှင်းရန် ကြိုးပမ်းသည့် မဟာဗျူဟာများလည်း ရှိသည်။ ဤ"စာတမ်းငယ်” က "တရားစွဲဆိုခံရသူကို ဝန်ခံချက်ပေးရန် ရဲအရာရှိက ကိုယ်ထိလက် ရောက် ချိုးဖောက်ကျူးလွန်ခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် နှိပ်စက်ညှဥ်းပမ်းခြင်း၊ ဒဏ်ရာ တစ်စုံ တစ်ရာကို တရားလို ရှေ့နေက ဓါတ်ပုံရိုက်ယူခြင်းနှင့် ဖြစ်နိုင်သမျှ အမြန်ဆုံး တရားစွဲဆိုခံရသူ အတွက် ဆေးကုသမှု တောင်းခံခြင်း” တို့ကိုလည်း အကြံပြုထားသည်။ ရှေ့နေများက ရဲ သို့မဟုတ် တရားရုံးသို့ နှုတ်ဖြင့်လည်း တိုင်ကြားနိုင်သော်လည်း "ဥပဒေနှင့်ညီသော ရှေ့နေလိုက်ပါဆောင် ရွက်မှုဆိုင်ရာ စာတမ်းငယ်” က ရှေ့နေများအနေဖြင့် ရာဇသတ်ကြီး ပုဒ်မ ၃၃၀ သို့မဟုတ် ၃၃၁ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေး အက်ဥပဒေအရ သော်လည်းကောင်း ချိုးဖောက်မှု ကျူးလွန်ထားသော အရာရှိအပေါ်တွင် ရာဇဝတ်ဆိုင်ရာ တိုင်ကြားပြီးအမှု ဖွင့်ရန် အခိုင်အမာ စဉ်းစားသင့်ကြောင်း အကြံပြုသည်။

ဥပဒေအရ နှိပ်စက်ညှဥ်းပမ်းမှုအောက်တွင် ဝန်ခံချက် အဓမ္မရယူခြင်းသည် တရားရုံးတွင် တင်သွင်း ခွင့်မရှိသော်လည်း လက်တွေ့တွင် ယင်းတို့ကို ခွင့်ပြုနေသည်။ အထက်တွင် ဖော်ပြထားသကဲ့သို့ "ဥပဒေနှင့်ညီသောရှေ့နေလိုက်ပါဆောင်ရွက်မှုဆိုင်ရာ စာတမ်းငယ်” ကရာဇဝတ်ဆိုင်ရာ ကျင့်ထုံး ဥပဒေ ၏ ပုဒ်မ ၁၆၂(၁) အရ ဝန်ခံချက်များ အပါအဝင် တရားစွဲဆိုခံရသူက ပြုလုပ်သော ပြောဆို ချက်များ တင်သွင်းနိုင်ခွင့်ကို စိန်ခေါ်သည့် နည်းလမ်းများကိုလည်း အကြံပြုထားသည်။

# ၆ – ၂။ တရားမျှတမှု လုပ်ငန်းစဉ် တလျှောက် ကျူးလွန်ခံရသူများကို ပံ့ပိုးရန် မိမိတို့၏ အရည်အသွေးကို မြှင့်တင်ခြင်း

ဤအခန်းတွင် လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်း အနေဖြင့် မိမိတို့၏ စွမ်းရည်ကို မည်ကဲ့သို့ မြှင့်တင်နိုင်သည်ကို လေ့လာထားသည်။

## ၆-၂-၁။ မိမိတို့ အဖွဲ့အစည်းများ၏ စွမ်းရည်

မိမိတို့ သုတေသနက ကျူးလွန်ခံရသူများအား ပံ့ပိုးရန် ကြိုးစားသူများအနေဖြင့် စွမ်းရည်တည်ဆောက်ရန် လိုအပ်ကြောင်း ပြသနေသည်။ ဆိုလိုသည်မှာ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းများ၏ ဝန်ထမ်းများနှင့် အဖွဲ့ဝင်များသာမက အချို့သော ဖြစ်ရပ်များတွင် အလွန်တက်ကြွသော်လည်း မည်သည့် အဖွဲ့ဝင်မှ မဟုတ်ပဲ ရှိနေသည့် ဒေသခံ အရပ်သား သို့မဟုတ် ဘာသာရေးခေါင်းဆောင်များလည်း ပါဝင်သည်။ ယေဘူယျအားဖြင့် ကျူးလွန်ခံရသူများကို ပံ့ပိုးအကြံပေးနေသော သူများကို လူထုအခြေပြု ဥပဒေအထောက်အကူပြုသူများ ဟုခေါ်ဆိုနိုင်သည်။ (အောက်တွင်ကြည့်ပါ)

ထိုလူပုဂ္ဂိုလ်များကို ၎င်းတို့၏ ဥပဒေဆိုင်ရာ အသိပညာနှင့် သက်သေအထောက်အထား ကောက်ယူခြင်း၊ အမှု စီမံခန့်ခွဲမှု၊ ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များကို နားလည်ခြင်း စသည်တို့ ကဲ့သို့ အမျိုးမျိုးသော အကြောင်းအရာများနှင့် ပတ်သက်သည့် ၎င်းတို့၏ စွမ်းဆောင်ရည်မြင့်လာစေရန် အခြေခံဥပဒေရေးရာ သင်တန်း လိုအပ်သည်။ ယင်းတို့ကို ဥပဒေ အထောက်အကူပြု သင်တန်းများဟုခေါ်ဆိုကြပါသည်။

မိမိတို့၏ အစီရင်ခံစာတွင် တုန့်ပြန်သူများက ထို လူပုဂ္ဂိုလ်များအနေဖြင့် သင့်တင့်လျောက်ပတ်သော သက်သေအထောက်အထားဆိုသည်မှာ အဘယ်နည်း (အထူးသဖြင့် စာရွက်စာတမ်း သက်သေအထောက်အထားများ) နှင့် မှတ်တမ်းရယူရန် ကြိုးပမ်းခြင်း၏ အစိတ်အပိုင်းအဖြစ် သက်သေအထောက်အထားကို မည်သို့ရယူ ထိန်းသိမ်းမည် တို့အပေါ် ပိုမိုနားလည်မှုရှိရန် လိုကြောင်း ထောက်ပြကြသည်။ ကျူးလွန်ခံရသူအား ပံ့ပိုးကူညီရန် ထိုလူပုဂ္ဂိုလ်များသည် ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်များ၏ အမျိုးမျိုးသော အဆင့်များကို ရဲစခန်းတွင် အမှုဖွင့်လှစ်ချိန်မှစ၍ တရားရုံး လက်တွေ့ လုပ်ငန်းစဉ်များအထိ နားလည်ထားရန်လည်း လိုအပ်သည်။

အခြေခံ ဥပဒေဆိုင်ရာ နားလည်မှု ရှိထားပြီးသူများအတွက် ရေးသားထားသော အရင်းအမြစ်အချို့ ရနိုင်သည်။ ထိုအထဲတွင် "ဥပဒေအထောက်အကူပြု လက်စွဲ၊ ရာဇဝတ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေများနှင့် ရာဇဝတ်မှုများ" တို့ကို မြန်မာဘာသာဖြင့်ရနိုင်သည်။[16]

လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်း အုပ်စုများသည် ဥပဒေဆိုင်ရာ လုပ်ငန်းစဉ်ကို ပံ့ပိုးမည်ဆိုပါက ၎င်းတို့တွင် အမှု စီမံခန့်ခွဲမှု နည်းလမ်းများ ရှိထားရန်လည်း လိုအပ်သည်။

16 U Kyaw Myint Law Firm and others, "Paralegal Manual, Criminal Procedure and Criminal Cases" (2018)

ကျူးလွန်ခံရသူကို ပံ့ပိုးခြင်းသည် ဥပဒေဆိုင်ရာ အကြံပေးခြင်းနှင့် သက်သေအထောက်အထား ကိုင်တွယ်မှုတွင် ပံ့ပိုးခြင်းတို့ကို ကန့်သတ်ထားခြင်းမဟုတ်ကြောင်း အသားပေးရန်လည်း အရေးကြီးသည်။ လူထုအခြေပြုအရပ်အဖွဲ့အစည်း အုပ်စုများသည် ကျူးလွန်ခံရသူများအား ဘက်ပေါင်းစုံမှ ပံ့ပိုးမှုပေးရန် ၎င်းတို့၏ စွမ်းရည်ကို တည်ဆောက်ထားရန် လိုအပ်သည်။ ဆိုလိုသည်မှာ ၎င်းတို့ကို ပံ့ပိုးသော လူပုဂ္ဂိုလ်များတွင် နှစ်သိမ့်ဆွေးနွေးခြင်းနှင့် လူမှုစိတ်ပညာ ပံ့ပိုးမှု အရည်အသွေးများလည်း လိုအပ်သည်။

မိမိတို့ အစီရင်ခံစာအတွင်းနှင့် အထူးသဖြင့် မိမိတို့၏ ပစ်မှတ်အုပ်စု ဆွေးနွေးခြင်းများအတွင်း တုန့်ပြန် သူများက တရားမျှတမှု ရယူရာတွင် ကျူးလွန်ခံရသူများကို ကူညီရန် မရှိမဖြစ်လိုအပ်သော ကျွမ်းကျင်မှုများ၊ ယုံကြည်မှုများနှင့် ကွန်ရက်ဖွဲ့ခြင်း စွမ်းရည်ရှိသူများကို ကျေးရွာများတွင် အမာခံ အုပ်စုများအဖြစ် စည်းရုံးဖွဲ့စည်းထားရန် လိုအပ်ကြောင်းကိုလည်း ပြောကြသည်။ အထက်တွင် ဖော်ပြထားသကဲ့သို့ ယင်းလူများကို လူထုအခြေပြု ဥပဒေအထောက်အကူပြုသူများဟု ခေါ်ဆိုပြီး လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်း အုပ်စုများက ဤအခန်းတွင် ဖော်ပြထားသော လိုအပ်ချက်များ အတိအကျကို တုန့်ပြန်ရန် လူထုအခြေပြု ဥပဒေအထောက်အကူပြု အစီအစဉ်များကို ရေးစွဲရန် စီစဉ်နိုင်သည်။ (အောက်တွင်ကြည့်ပါ)

## ၆-၂-၂။ ကျူးလွန်ခံရသော လူထုများအတွက် ဥပဒေဆိုင်ရာ အသိပညာဗဟုသုတ

ဤအစီရင်ခံစာ၏ အဓိက တွေ့ရှိချက်များမှာ လူထုအတွင်း ဥပဒေဆိုင်ရာ အသိပညာ တိုးမြှင့်ခြင်းသည် ကျူးလွန်ခံရသူများကို တရားမျှတမှု ရရှိရန် အခွင့်အလမ်း ပိုများစေသည်။ (အခန်း ၅-၂ တွင်ကြည့်) အထက်တွင် ဖော်ပြထားသကဲ့သို့ ဒေသခံ လူထုသည် တရားမျှတမှု ရှာဖွေသော ကျူးလွန်ခံရသူကို စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးရာတွင် အဓိကကျ ရုံသာမက အမှုများစီရင်လာနိုင်အောင် တွန်းအားပေးလုပ်ဆောင်ရာတွင် အခန်းကဏ္ဍ တစ်ခုက ပါဝင်သည်။

မိမိတို့၏ အစီရင်ခံစာတွင် တုန့်ပြန်သူများက လူအများကို သက်သေထွက်ဆိုလာရဲအောင်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိရန်နှင့် အတူတကွ ရပ်တည်နိုင်စေရန် စွမ်းရည်နှင့် အားပေးမှုများအတွက် အသိပညာ မြှင့်တင်သော သင်တန်းများလိုအပ်ကြောင်း ပြောကြသည်။ ခေါင်းဆောင်တစ်ဦးက ထိုသင်တန်းများသည် လူထုများကို အတူတကွ ဖြစ်စေရန်နှင့် တရားမျှတမှုအတွက် ရှေ့ထွက်လာစေရန် မရှိမဖြစ် ဖြစ်သည်ဟု ပြောပြသည်။ ၎င်းက ယင်းကို "မိမိတို့၏ အိမ်ပတ်ဝန်းကျင်တွင် အခိုင်အမာ ခြံစည်းရိုးခတ်သလို" ပဲ ဟု နိုင်းနှိုင်းသည်။

ကျူးလွန်ခံရသူများနှင့် ရှင်သန်လွတ်မြောက်သူများသည် ၎င်းတို့၏ အခွင့်အရေးများကို သိနားလည်ခြင်းသည် တရားမျှတမှုကို ရှာဖွေရာတွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသော ခွဲခြားဆက်ဆံမှုနှင့် အခြားသော အစဉ်အလာ အတားအဆီးများကို ရင်ဆိုင်နိုင်ရန် အဓိက သော့ချက်ဖြစ်သည်။ ထိုသိနားလည်မှုသည် ၎င်းတို့ကိုယ်တိုင် မိမိတို့၏ အခွင့်အရေးများကို ရယူရန် "စိတ်ဆန္ဒ ပြင်းပြမှု"နှင့် သတ္တိကို ပေးသည်။

ဥပဒေဆိုင်ရာ အသိပညာရှိမှုတိုးတက်စေရန် ကြိုးပမ်းမှုများတွင် အများပြည်သူ၏ ဥပဒေဆိုင်ရာ စွမ်းရည်များကို မြှင့်တင်ခြင်း၊ သာမက လူထုအသိုင်းအဝိုင်းများအတွင်း အုပ်စုများအကြား အတွေ့အကြုံ ဖလှယ်ခြင်း ပါဝင်သော အခြေခံ သင်တန်းများ ပါဝင်သည်။ (အခန်း ၅-၂ တွင်ကြည့်ပါ)။ ရေဒီယိုကို အသုံးပြုခြင်းသည်လည်း အသိပညာ မြှင့်တင်ရေးအတွက် ထိရောက်သော နည်းလမ်းဖြစ်ကြောင်း ဖော်ပြထားသည်။ တဖန် တုန့်ပြန်သူများက အိမ်နီးချင်းများနှင့် လူထုအသိုင်းအဝိုင်းမှ အဖွဲ့ဝင်များသည် သက်သေအထောက်အထားများကို ထိန်းသိမ်းရန် ပထမဆုံး အခွင့်အလမ်းရှိသူများ (တစ်ခါတစ်ရံတွင် ၎င်းတို့သာလျှင်) ဖြစ်သဖြင့် သက်သေအထောက်အထား၏ အရေးကြီးမှုကို လူအများ သိနားလည်ရန် လိုအပ်သည်ဟုလည်း ဦးစားပေးပြောဆိုကြသည်။

ဥပဒေဆိုင်ရာ အသိပညာ ဗဟုသုတဖြန့်ဝေခြင်းဆိုင်ရာ မဟာဗျူဟာများ ရေးဆွဲရေးနှင့် စွမ်းရည်မြှင့်တင်ရေး အစီအစဉ်များ မြန်မာနိုင်ငံရှိ လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းအုပ်စုများကို ပံ့ပိုးရန် အစီရင်ခံစာများနှင့် လမ်းညွှန်ချက်များ ရှိသည်။[17]

## ၆-၂-၃။ ရှေ့နေရှေ့ရပ်များနှင့် မိတ်ဖွဲ့ခြင်း

လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများ သို့မဟုတ် ကျူးလွန်ခံရသူများကို ပံ့ပိုးလိုသော လူပုဂ္ဂိုလ်များသည် ရှေ့နေများ၊ ရှေ့နေကွန်ရက် အသင်းအဖွဲ့များနှင့် လုပ်ဖော်ကိုင်ဖက်အနေဖြင့် ရင်းနှီးမှု တည်ဆောက်ထားရန် လိုအပ်သည်။ ထိုနည်းအားဖြင့် လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်း အုပ်စုများသည် ကျူးလွန်ခံရသူကို ကူညီနိုင်သည် သို့မဟုတ် ယင်းတို့၏ လူထုများသည် ရှေ့နေကို အလျှင်အမြန် ဆက်သွယ် နိုင်ပြီး အမှုဖြစ်စဉ် အစမှစ၍ မှန်ကန်သော ဥပဒေရေးရာ အကြံပြုချက်များရရှိရန် အာမခံချက်ရ စေသည်။

ပထမအဆင့်မှာ နယ်မြေအတွင်းရှိ ထိုကဲ့သို့ ဖြစ်ရပ်မျိုးများအပေါ် ကူညီနိုင်ပြီး ကူညီရန် ဆန္ဒရှိသော ရှေ့နေများ သို့မဟုတ် ရှေ့နေအုပ်စုများကို ဖော်ထုတ်ရန် ဖြစ်သည်။[18] ၎င်းတို့နှင့် တွေ့ဆုံခြင်းဖြင့် ဖြစ်ရပ် အသစ်များ ဖြစ်ပေါ်လာပါက လျှင်မြန်စွာ တုန့်ပြန်နိုင်စေရန် တစ်စုံတစ်ရာ သဘောတူညီချက် သို့မဟုတ် လွှဲပြောင်းမှု စနစ်တို့ကို တည်ဆောက်နိုင်လျှင် ကောင်းသည်။

ရှေ့နေခများကိုပေးနိုင်ရန်အတွက် ဘဏ္ဍာရေး အရင်းအမြစ်များနှင့်ဆိုင်သော မေးခွန်းသည် ဤနေရာတွင် အရေးကြီးပြီး ဤကဲ့သို့သော အမှုကိစ္စအမျိုးအစားအတွက် ရံပုံငွေ ရှာဖွေခြင်းနှင့် သက်ဆိုင်သည်။ (အောက်တွင်ကြည့်ပါ)

17 See for example My Justice, A handbook for legal awareness strategy and design (2019) available at https://www.myjusticemyanmar.org/publications/resources and Namati, Guide to Organizing and Working With Community-Based Paralegals (2019) available at https://namati.org/resources/guide-organizing-working-with-community-based-paralegals-myanmar-version/.

18 For security reasons, we are not listing here the lawyers and lawyers' groups that we have identified in Kachin and Northern Shan State. Please contact AJAR or KWAT for more information.

## ၆-၂-၄။ အခြား လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်း အုပ်စုများနှင့် မဟာမိတ်ဖွဲ့ခြင်း

ထို့အပြင် တရားမျှတမှုကို ရယူရန် မြှင့်တင်ခြင်းကိစ္စရပ်တွင် အလားအတူ ရည်မှန်းချက်ရှိသည့် အခြားသော လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်း အုပ်စုများနှင့် လုပ်ဖော်ကိုင်ဖက် ပုံစံတည်ဆောက်ခြင်း မဟာမိတ်ဖွဲ့ခြင်းများသည် အရေးကြီးသည်။

မိမိတို့၏ အစီရင်ခံစာတွင် တုန့်ပြန်သူများသည် ဒေသခံလူထု လူမှုအုပ်စုများနှင့် လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများအကြား တက်ကြွသော ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်းနှင့် ယင်းသည် အချို့သော အမှုများ တရားရုံးတွင် အမှုဖွင့်လှစ်မှုကို ရယူရာတွင်နှင့် အပြစ်ရှိကြောင်း ဆုံးဖြတ်ရာတွင်ပင် မည်သို့ အထောက်အကူဖြစ်ကြောင်း ဖော်ပြကြသည်။ (အခန်း ၅-၂ တွင်ကြည့်ပါ) အချို့တုန့်ပြန်သူများက အဖွဲ့အစည်းများ အကြားတွင် အမှု အသစ်များရှိပါက ကျူးလွန်ခံရသူများကို အရေးပေါ် အကူအညီပေးရန်အတွက် အသုံးပြုနိုင်သည့် စုပေါင်း ရန်ပုံငွေ တစ်ရပ် ရှိသင့်ကြောင်းလည်း အကြံပြုကြသည်။

ဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ရရှိမှု အပေါ်တွင် အလုပ်လုပ်နေကြသော နိုင်ငံတကာ အန်ဂျီအိုများနှင့် နိုင်ငံတကာ အေဂျင်စီများနှင့်လည်း ဆက်ဆံရေး တည်ဆောက်ထားရန်လည်း အရေးကြီးသည်။ ရန်ပုံငွေ အပြင် (အောက်တွင်ကြည့်ပါ) ၎င်းတို့သည် အဖွဲ့အစည်းဆိုင်ရာ အရည်အသွေးမြှင့်တင်ရေးနှင့် ဥပဒေအထောက်အကူပြု သင်တန်းများ ရရှိစေခြင်း၊ အကြံပေးခြင်းနှင့် အခြားသော ပံ့ပိုးမှု ပုံစံများ ကမ်းလှမ်းခြင်းတို့ကိုလည်း ပေးနိုင်သည်။ အချို့သော ဖြစ်ရပ်များတွင် နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် စည်းရုံးလှုံ့ဆော်ရေး လုပ်ဆောင်မှုများအတွက်လည်း အထောက်အကူ ဖြစ်နိုင်သည် (အောက်တွင်ကြည့်ပါ)။

မြန်မာနိုင်ငံတွင် ဒေသခံနှင့် အခြေခံလူထု လှုပ်ရှားသူများအတွက် အသုံးဝင်နိုင်သည့် ဝန်ဆောင်မှုများပေးသော ဥပဒေဆိုင်ရာ အုပ်စု အချို့ ရှိသည်။ မိမိတို့၏ သုတေသနက ဒေသခံ လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်း အုပ်စုအများအပြားသည် အစိုးရ အဖွဲ့အစည်းဝင်များပါဝင်သော နိုင်ငံရေးအရ ထိရှလွယ်သည့် အမှုများတွင် ကျူးလွန်ခံရသူများအား ဘေးအန္တရာယ်ကို ရင်ဆိုင်လျက် တက်ကြွစွာ ပံ့ပိုးရန် ဆန္ဒရှိကြသော်လည်း ထိုသို့လုပ်ရန် အရင်းအမြစ်များနည်းပါးသည်ကို တွေ့ရသည်။ ၎င်းတို့သည် နိုင်ငံရေးအရ ထိရှလွယ်သော အမှုများတွင် ထိတွေ့မှု မရှိသည့် နိုင်ငံတကာ အေဂျင်စီများက ပံ့ပိုးထားသော တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ရရှိရေး မြှင့်တင်သည့် ထောက်ပံ့မှု ကောင်းမွန်သည့် ပင်မ အစီအစဉ်များမှ ဘေးဖယ်ခံထားရသည့်အခြေအနေတွင်ရှိသဖောင်ရှိသည်။ သို့ဖြစ်ရာ ဤဆက်ဆံရေးများကို တည်ဆောက်ရန်နှင့် ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန် လိုအပ်ချက် ရှိနေသည်။

နိုင်ငံတကာ အေဂျင်စီများက ထောက်ပံ့ထားသော အချို့အုပ်စုများသည် တရားဥပဒေစိုးမိုးရေးနှင့် ယေဘူယျ ဥပဒေအထောက်အကူပြုသင်တန်းများ အပါအဝင် အကြောင်းအရာ အများအပြားအပေါ်တွင် အခြေခံလျက် သင်တန်းများကို နိုင်ငံတဝှမ်းလုံးရှိ မြို့ကြီး အများအပြားတွင် အမြင့်ဖွင့်ပို့ချလျက်ရှိသည်။[19] ထိုသင်တန်းများမှာ မိမိတို့၏ အသိပညာများကို တိုးမြှင့်ရန် ရှာဖွေနေသော လူထုအခြေပြု အရပ်ဘက်အဖွဲ့ အစည်း အုပ်စုများမှ ဝန်ထမ်းများနှင့် အဖွဲ့ဝင်များအတွက် အသုံးဝင်နိုင်သည်။

19 Please contact KWAT or AJAR directly for informal information about such trainings.

## ၆-၂-၅။ စည်းရုံးလှုံ့ဆော်ခြင်း

မိမိတို့၏အစီရင်ခံစာက လူထုဖိအားသည် အာဏာပိုင်များအား တစ်စုံတစ်ရာ ပြုလုပ်ရန် တွန်းအား ပေးရာတွင် ထိရောက်မှု ရှိသည်၊ မီဒီယာမှ စိတ်ဝင်စားမှုနှင့် စုံစမ်းမှု၊ လူထုလှုပ်ရှားမှု အသိုင်းအဝိုင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သော ကုလသမဂ္ဂတိုသည် အာဏာပိုင်များအပေါ်စုံစမ်းစစ်ဆေးမှု များပြုလုပ်ရန် စုံစမ်းစစ်ဆေးမှုများ ဖွင့်လှစ်ရန် ဖိအားပေးနိုင်သည်ဟု ဖော်ပြနေသည်။ (အခန်း ၅-၂-၃ တွင်ကြည့်)။ သို့ဖြစ်ရာ အမှုများပေါ်ပေါက်လာသောအခါ သီးသန့်အမှုများနှင့် ပတ်သက်၍ စည်းရုံးလှုံ့ဆော်ရန် ဤကိစ္စရပ်များအပေါ် အခြေခံကာလှုပ်ရှားနေသော လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်း အုပ်စုများတွင် အရည်အသွေး ရှိနေရန် အရေးကြီးပေသည်။

တုန့်ပြန်သူများက အရေးကြီးသော သက်ဆိုင်သူများနှင့် ဆက်သွယ်မှုများလုပ်ဆောင်ပြီး အမှုသစ် များရှိလာသော အခါ တရားစီရင်ရေး ကဏ္ဍမှ လှုပ်ရှားသူများအပေါ် ဖိအားများ ပေးနိုင်စေရန် ဒေသခံ အာဏာပိုင်များနှင့် ခေါင်းဆောင်များအကြားတွင် အသိပညာဗဟုသုတများ တိုးမြှင့်ခြင်း လိုအပ်ချက်ကိုလည်း ပြောပြကြသည်။

ဥပဒေဆိုင်ရာ အမှုများနှင့် ပတ်သက်၍ စည်းရုံးလှုံ့ဆော်မှု မဟာဗျူဟာ တွင် ပါဝင်နိုင်သော လုပ်ငန်း အသေးစိတ်များကို သိလိုပါက အထက်ပါ အခန်း ၅-၂-၃ နှင့် အောက်တွင် ဖော်ပြထားသော ၆-၃ တို့တွင်ကြည့်ပါ။

လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်း အုပ်စုများက မဟာဗျူဟာမြောက် တရားစွဲဆိုမှု တစ်ခုကို အသုံးပြုရန် ဆုံးဖြတ်လိုက်ပါက ဆိုလိုသည်မှာ သတ်မှတ်ထားသည့် အကြောင်းအရာအကြောင်း အပေါ် သိနားလည်မှု မြှင့်တင်ရန် တရားရုံးတွင် အမှုတစ်ခုကို ရင်ဆိုင်ပြီး မူဝါဒ အပြောင်းအလဲဖြစ်ရန် ကြိုးပမ်းသည့်အခါ ထိရောက်သော စည်းရုံးလှုံ့ဆော်မှု မဟာဗျူဟာများ ရေးဆွဲခြင်းသည် ပိုမို၍ အရေးကြီးလာသည်။[20]

## ၆-၂-၆။ ရန်ပုံငွေ ရှာဖွေခြင်း

မိမိတို့၏ အစီရင်ခံစာက လူအခွင့်အရေး ချိုးဖောက်မှုများတွင် တရားမျှတမှုရရှိရန် အတားအဆီးမှာ အမျိုးမျိုးသော အဆင့်များတွင် ဘဏ္ဍာရေးအရင်းအမြစ်များ အားနည်းခြင်းဖြစ်ကြောင်း ပြနေသည်။ (အခန်း ၅-၅ တွင်ကြည့်ပါ)။ ရှေ့နေအတွက် ငွေထောက်ပံ့ခြင်းသည် ထင်ရှားသော လိုအပ်ချက်ဖြစ် သော်လည်း ယေဘုယျအားဖြင့် အရင်းအမြစ်များကို ကျူးလွန်ခံရသူအား ကူညီရာတွင် ပိုမိုလိုအပ် သည်။ ရှေ့နေ အသင်းအဖွဲ့နှင့် တစ်သီးပုဂ္ဂလရပ်တည်နေသော ရှေ့နေများသည် ၎င်းတို့လိုက်ပါ ဆောင်ရွက်နေသော အမှုအားလုံးအတွက် လွှမ်းခြုံရန် လုံလောက် သော ရန်ပုံငွေမရှိကြပေ။ ၎င်းတို့အ နေဖြင့် ယင်းတို့၏ အလှူရှင် လိုအပ်ချက်များဖြင့် ကန့်သတ်ချက်များ ရှိသည်။ လွတ်လပ်သော ရှေ့နေများမှာ မည်သည့် ရန်ပုံငွေမှ မရှိပဲ ဖြစ်တတ်သည်။ သို့ဖြစ်ရာ ကျူးလွန်ခံရသူများကို

20 “Strategic litigation is the identification and pursuit of legal cases as part of a strategy to promote human rights. It focuses on an individual case in order to bring about broader social change. These cases set important legal precedents by publicly exposing injustices, raising awareness and bringing about changes in legislation, policy and practice.” https://trialinternational.org/topics-post/strategic-litigation/

ပံ့ပိုးပေးနေသော အခြား လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်း အုပ်စုများအတွက် ၎င်းတို့ ၎င်းတို့၏အမှုကိစ္စပြီးမြောက်ရန်အတွက်ဤ ရှုထောင့်အတွက် ရန်ပုံငွေ ရှာဖွေရန်မှာ အရေးကြီးပေသည်။

ရှေ့နေခများ၊ တရားရုံး ကြားနာမှုများနှင့် ဆိုင်ရာ ကုန်ကျစားရိတ်များအပြင် အရင်းအမြစ်များသည် အထွေထွေ ဥပဒေဆိုင်ရာနှင့် ဥပဒေအထောက်အကူပြု အကူအညီများအတွက် လိုအပ်သည်။ ဥပမာ - သယ်ယူပို့ဆောင်ရေးဆိုင်ရာ ကုန်ကျစားရိတ်များတွင် တရားရုံး ကြားနာမှုများသို့ ရှေ့နေများ လာရောက်ရန်အတွက် လိုအပ်ရုံသာမက ကျူးလွန်ခံရသူကို ပံ့ပိုးပေးနေပြီး ဥပဒေအထောက်အကူပြုအလုပ်များ လုပ်ဆောင်နေသော ဒေသခံနှင့် အခြေခံ လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများ၏ အဖွဲ့ဝင်များအတွက်လည်း လိုအပ်သည်။

ထို့အပြင် စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများဖြစ်သော အရည်အသွေး မြှင့်တင်ခြင်းနှင့် ဥပဒေဆိုင်ရာ သိနားလည်မှု သာမက စည်းရုံးလှုံ့ဆော်မှု တို့အတွက် ရန်ပုံငွေလိုအပ်သည်။ (အထက်တွင် ကြည့်ပါ)။ ဥပမာ- အမှုများ တရားရုံးသို့ ရောက်ရှိရန် လူထုဖိအားက အကူအညီပေးနိုင်သော်လည်း ထိုကိစ္စနှင့် ပတ်သက်၍ ခိုင်မာသော ငွေကြေးထောက်ပံ့မှုမှာ ရှားရှားပါးပါးပင်ဖြစ်ရာ လူထုထောက်ခံမှု ရယူရန် (ဆန္ဒပြပွဲများ စီစဉ်ခြင်း၊ မီဒီယာနှင့် ထိတွေ့ခြင်း စသဖြင့်) အတွက် အရင်းအမြစ်များ ရှာဖွေရန် လိုအပ်ကြောင်း တုန့်ပြန်သူ တစ်ဦးက ပြောပြသည်။ တုန့်ပြန်သူများက ကျူးလွန်ခံရသူများကို ပံ့ပိုးရန် အရေးပေါ်အကူအညီအတွက် ရန်ပုံငွေရှိထားရန် လိုကြောင်း ထောက်ပြကြသည် (ကျန်းမာရေး စောင့်ရှောက်မှု၊ ခိုလှုံရန်နေရာ၊ သယ်ယူပို့ဆောင်ရေး၊ အစားအစာ၊ စသဖြင့်)။

ယေဘုယျအားဖြင့် ဤကဲ့သို့သော အလုပ်မျိုးအတွက် ပြုပြင်ပြောင်းလဲလွယ်ပြီး ရေရှည် ငွေကြေးထောက်ပံ့မှုမျိုးကို အလှူရှင်ထံမှ တောင်းခံရန် လိုအပ်ကြောင်း ဤအစီရင်ခံစာက ပြသနေသည် (အခန်း ၅-၁-၅ ကိုကြည့်)။ လူထုအခြေပြု ဥပဒေအထောက်အကူပြု အစီအစဉ်ကို ဖော်ဆောင်ခြင်းသည်အလှူရှင်များအားသတ်သတ်မှတ်မှတ်စီမံကိန်းများပြသရန်အထောက်အကူဖြစ်စေနိုင်သည်။ (အောက်ပါ အခန်း ၆-၂ တွင် ကြည့်ပါ)

အချို့သော အလှူရှင်များက ဤထိရှလွယ်သော အကြောင်းအရာများအပေါ် အလုပ်လုပ်ရန် ပံ့ပိုးပေးနိုင်သည် သို့မဟုတ် ရန်ပုံငွေ အရင်းအမြစ်များကို ကူညီဖော်ထုတ်ပေးနိုင်သည်။ ယင်းတို့မှာ - သာသည့်မြေ ဖောင်ဒေးရှင်း၊ National Endowment for Democracy (NED)၊ American Jewish World Service (AJWS)၊ Fund for Global Human Rights (FGHR)၊ နှင့် အတိုင်းအတာတစ်ခုအထိ ပံ့ပိုးနေသော Olof Palme International Centre and Swedish Burma Committee (SBC) တို့ဖြစ်သည်။ အမျိုးသမီးများ အခွင့်အရေးနှင့် ပတ်သက်၍ စီမံကိန်းကြီးများအတွက် the Foundation for a Just Society (FJS), ရှိပြီး အရေးပေါ် ရန်ပုံငွေ လိုအပ်မှုများအတွက် လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများသည် Urgent Action Fund (UAF) တွင် လျှောက်ထားနိုင်သည်။ ဒေသခံလူထု အခြေပြုအရပ်ဘက် အဖွဲ့အစည်းများသည် My Justice အဖွဲ့နှင့်လည်း ဆက်သွယ်နိုင်သည်။ ယင်းတို့က မြန်မာနိုင်ငံတွင် တရားမျှတမှု ရရှိရေးနှင့် ပတ်သက်သည့် ချိတ်ဆက်လုပ်ဆောင်မှု အများအပြားကို ပံ့ပိုးနေပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အခြား အဓိကကျသော မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ရရှိရန် ချိတ်ဆက်လုပ်ဆောင်မှုများကို ပံ့ပိုးပေးနေသော အဓိကနိုင်ငံတကာ အေဂျင်စီများအနက် United States Agency for International Development (USAID)၊

၎င်း၏ PRLM စီမံကိန်းအောက်တွင်)၊ ကုလသမဂ္ဂ ဖွံ့ဖြိုးမှု စီမံကိန်း (UNDP)၊ နိုင်ငံတကာ ဥပဒေ ဖွံ့ဖြိုးတိုးတက်ရေး အသင်း (IDLO)) နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး (UNHCR) တို့ ပါဝင်သည်။

## ၆-၂-၇။ လူထု အခြေပြု ဥပဒေ အထောက်အကူပြု အစီအစဉ်များ

တရားမျှတမှုရယူရာ၌ကျူးလွန်သူများကိုကူညီရာတွင်ထိရောက်မှုရှိအောင်လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်းအုပ်စုများကၡင်းတို့၏အရည်အသွေးများကိုတိုးမြှင့်လိုကြသည်။လူထုအခြေပြု ဥပဒေအထောက်အကူပြုစဉ်းစားချက်များသည်လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းအုပ်စုများ၏ လိုအပ်ချက်များနှင့်ယခင်အခန်းတွင်ဖော်ထုတ်ထားသည့်မဟာဗျူဟာအများစုဖြင့်ဖြေရှင်းရာတွင် အထောက်အကူ ဖြစ်နိုင်ပါသည်။

လူထုအခြေပြု ဥပဒေအထောက်အကူပြုလုပ်ငန်းများတွင် ဥပဒေဆိုင်ရာအခြေခံကျွမ်းကျင်မှုများ ရှိသည်။ ၎င်းတို့က ယင်းတို့ အလုပ်လုပ်နေသော အသိုင်းအဝိုင်းနှင့် တိုက်ရိုက်လုပ်ဆောင်ပြီး စွမ်းရည်မြှင့်တင်ရေးကို ဦးစားပေးသည်၊ ထို့နောက် ရှေ့နေများ၊ အခြားဝန်ဆောင်မှု ပေးသူများနှင့် ဆက်သွယ်မှုများ ရှိသည်။

ဤသဘောတရားအကြောင်း ပိုမိုလေ့လာရန် စိတ်ဝင်စားသော အဖွဲ့အစည်းများသည် "စည်းရုံးရေးနှင့် လူထုအခြေပြု ဥပဒေအထောက်အကူပြု အဖွဲ့များအတွက် လမ်းညွှန်" ကို ဖတ်ရှုနိုင်ပြီး အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာဖြင့် ရရှိနိုင်သည်။[21] ဤလမ်းညွှန်၏ အဆိုအရ လူထုအခြေပြု ဥပဒေ အထောက်အကူပြု အဖွဲ့များသည် အောက်ပါ လှုပ်ရှားမှုများကို လုပ်ဆောင်သည်။ ဥပဒေဆိုင်ရာ သိနားလည်မှုကို မြှင့်တင်ပြီး လူထုအတွင်း တရားမျှတမှု၏ လှုပ်ရှားမှုကို ကြီးထွားစေသည်၊ အမှုများ တိုင်ပင်ဆွေးနွေး ကိုင်တွယ်သည်။ အချက်အလက် စုဆောင်းပြီး အမှုများနှင့် စနစ်ကျသော အပြောင်းအလဲများအတွက် အထောက်အထား စုဆောင်းသည်၊ အခြားသက်ဆိုင်သူများနှင့် ကွန်ရက်ဖွဲ့သည် သို့မဟုတ် ပူးပေါင်းလုပ်ဆောင်သည်နှင့် စဉ်ဆက်မပြတ် သင်ကြားရေးနှင့် ကိုယ်တိုင် တိုးတက်မှု အခွင့်အလမ်းကို ပေးသည်။ ဤလမ်းညွှန်သည် လူထုအခြေပြု ဥပဒေ အထောက်အကူပြု အစီအစဉ်များ ရေးဆွဲလိုသော လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်း အုပ်စုများအတွက် အသေးစိတ် အကြံပြုချက်များကိုလည်း ပေးထားသည်။

21 Namati and My Justice, Guide to Organizing and Working With Community-Based Paralegals (2019), available at https://namati.org/resources/guide-organizing-working-with-community-based-paralegals-myanmar-version/

## ၆ – ၃။ ဖြစ်ရပ်အသစ်များပေါ်ပေါက်သောအခါ သီးသန့်အဆင့်များဖြင့် လုပ်ဆောင်ခြင်း

ဤအခန်းတွင် မိမိတို့သည် ကျူးလွန်ခံရသူများအား ပံ့ပိုးမှုများ ပေးနေသည့် လူထုအခြေပြုအရပ်ဘက် အဖွဲ့အစည်း အုပ်စုများ၏ အဖွဲ့ဝင်များအနေဖြင့် အမှုအသစ်ပေါ်ပေါက်လာသောအခါ တရားမျှတမှု ရရှိရန် ကျူးလွန်ခံရသူကို ကူညီရန် လုပ်ဆောင်နိုင်သော ခိုင်မာသည့် အဆင့်များကို ဖော်ထုတ်နိုင်ရန် ကြိုးစားသည်။

ပထမ ဦးစားပေးမှာ ကျူးလွန်ခံရသူ၏ ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာသန်စွမ်းမှု ဖြစ်သည်။ ကျူးလွန်ခံရသူ နှင့်/သို့ ၎င်းတို့၏ ဆွေမျိုးများသည် ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်နိုင်ပြီး ဖြစ်ရပ်အများစုတွင် ၎င်းတို့သည် စိတ်ခံစားမှုဆိုင်ရာနှင့် လူမှုစိတ်ပညာဆိုင်ရာ ပံ့ပိုးမှုများ လိုအပ်နိုင်သည်။ အမှန်တကယ်အားဖြင့် နှစ်သိမ့်ဆွေးနွေးခြင်း သို့မဟုတ် လူမှုစိတ်ပညာ ပံ့ပိုးမှုကို ပုံစံအချို့ဖြင့် ပေးနိုင်သည်။ နှစ်သိမ့်ဆွေးနွေးခြင်း၏ ရည်ရွယ်ချက်မှာ ကျူးလွန်ခံရသူ၏ စိတ်ခံစားမှု၊ လူမှုစိတ်ပညာဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာသန်စွမ်းမှုတို့မှာ ဦးစားပေးဖြစ်သည်။ မိမိတို့၏ အစီရင်ခံစာတွင် တုန့်ပြန်သူများက တရားမျှတမှု ရှာဖွေသော ကျူးလွန်ခံရသူအား “အားပေးမှု”ပေးရန် လိုအပ်ကြောင်းပြောကြသည်။ ယင်းမှာ အမှုတစ်ခုလုံး၏အခြေအနေပေါ်မူတည်၍အရေးကြီးနိုင်သော်လည်း ကျူးလွန်ခံရသူက ထိုသို့ပြုလုပ်ရန် အင်းအားရှိပြီး လုံလောက်သော ကျန်းမာရေးနှင့် ပြည့်စုံနေပါက ယင်းသည် ဒုတိယအဆင့် ဦးစားပေးအနေဖြင့်သာ ဖြစ်လိမ့်မည်။ မကြာသေးခင်ကမှ စိတ်ဒဏ်ရာ ရထားသော လူပုဂ္ဂိုလ်အား ဖိအားပေးခြင်းသည် စိတ်ဒဏ်ရာကို ပြန်လည်ခံစားရစေတတ်သည်။ ပထမဆုံး လမ်းညွှန်ချက်မှာ “ထိခိုက်မှုကို သိပါ (Do No Harm)” ဖြစ်သည်။

အချို့သော ဖြစ်ရပ်များတွင် ကျူးလွန်ခံရသူကို ဘေးကင်းလုံခြုံသော နေရာသို့ ရွှေ့ပြောင်းရန် လိုအပ်နိုင်သည်။ အချို့သော လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းအုပ်စုများက နေစရာတစ်ခု ပေးရန် စွမ်းနိုင်သည် သို့မဟုတ် ကျူးလွန်ခံရသူကို ဘေးကင်း လုံခြုံသော နေရာတွင် ထားရှိရန် တီထွင်ကြံဆမှုရှိသော အဖြေများကို ရှာဖွေနိုင်သည်။

အမှုတစ်ခုလုံး အခြေအနေတွင် သင့်လျော်ပါက ကျူးလွန်ခံရသူကို ၎င်းတို့၏ အခွင့်အရေးများနှင့် ပတ်သက်သည့် အချက်အလက်များပေးရန် အရေးကြီးပြီး ယင်းတို့ ရွေးချယ်နိုင်စရာများကို နားလည်ရန် ကူညီပေးနိုင်သည်။ မိသားစုဝင်များကို အသိပေးပြီး ဆွေးနွေးတိုင်ပင်ရန်လည်း အရေးကြီးသည်။ မိမိတို့သည် ကျူးလွန်ခံရသူများကို ပံ့ပိုးပေးပြီး ၎င်းတို့၏ အခွင့်အရေးများ ရယူရန် အားပေးသော်လည်း မိမိတို့တွင် ဤကိစ္စနှင့် ပတ်သက်၍ အသိပေး ဆုံးဖြတ်ချက် တစ်ခုပေးရန်နှင့် အာမခံပေးရန် တာဝန်ရှိသည်။ ယင်းသည် ကျင့်ဝတ်ဆိုင်ရာ တာဝန်ခံမှု ဖြစ်သည်။

မိမိတို့ အစီရင်ခံစာတွင် တုန့်ပြန်သူများက အမှုအသစ် ဖြစ်လာပါက အနီးဆုံး ရွာလူကြီး သို့မဟုတ် စခန်းတာဝန်ခံစသဖြင့် ဒေသခံ အာဏာပိုင်များကို အကြောင်းကြားရန် လိုအပ်ချက်ကိုလည်း ပြောပြကြသည်။ ဒေသခံ ဘာသာရေး ခေါင်းဆောင်များနှင့် လူထုအခြေပြု အရပ်ဘက်အဖွဲ့အစည်း အုပ်စုများထံမှ အကြံဉာဏ်ကိုလည်း ဆောလျင်စွာ မေးမြန်းရန်မှာလည်း အသုံးဝင်လှပေသည်။

ဤအစီရင် ခံစာတွင် တွေ့ရှိသည့်အတိုင်း တရားမျှတမှုကို ရှာဖွေရာ၌ မှတ်တမ်းတင်ခြင်းနှင့် အချက်အလက် စုဆောင်းခြင်းသည် အဓိကကျသော အဆင့်ဖြစ်သည် (အခန်း ၅-၁-၆ တွင်ကြည့်ပါ) မိမိတို့၏ အစီရင်ခံစာတွင် တုန့်ပြန်သူများသည် အချက်အလက်နှင့် သက်သေအထောက်အထား စုဆောင်းမှုမှာ ကျူးလွန်ခံရသူအတွက်နှင့် ရာဇဝတ်မှုအတွက် သာမဟုတ်ပဲ ကျူးလွန်ခံရသူအကြောင်း လည်း ပါဝင်ကြောင်း အရေးကြီးသည်ကို မှတ်သားမိသည်။ လူတစ်ဦးချင်း ကျူးလွန်သူကို ဖော်ထုတ်နိုင်ခြင်းသည် အမှုကို တရားရုံးတင်ရန် အရည်အသွေးတွင် အသက်တမျှ အရေးပါသော အချက်ဖြစ်သည်။

အမှုတစ်ခုကို တရားရုံးရောက်ရှိရန် အခွင့်အလမ်းအတွက် ခိုင်မာသော သက်သေအထောက်အထား လိုအပ်သည်။ သက်သေအထောက်အထားမှာ မျက်မြင်သက်သေ (မိသားစုဝင်များ၊ အိမ်နီးချင်းများ၊ ဒေသခံခေါင်းဆောင်များ၊ စသဖြင့်) ထွက်ဆိုချက် ပုံစံမျိုးလည်း ဖြစ်နိုင်သည်။ ယင်းသည် စာရွက်စာတမ်း သက်သေအထောက်အထား၊ ဥပမာ ဓါတ်ပုံများ/ရုပ်ပုံများ၊ အသံ သို့မဟုတ် ဗီဒီယို မှတ်တမ်းများ၊ ဆေးဖက်ဆိုင်ရာ စာများ စသဖြင့် ဖြစ်နိုင်သည်။ တရားရုံးက လက်ခံသော သက်သေအထောက်အထားအတွက် စံချိန်စံညွှန်းမှာ လက်ကိုင်ဖုန်းမှ ဓါတ်ပုံများကိုအလွယ်တကူ လက်ခံနိုင်သည်ဟု ရှေ့နေတစ်ဦးက မှတ်ချက်ပေးသည်။

ရုပ်ပိုင်းဆိုင်ရာ သိသာထင်ရှားစွာ ထိခိုက်စေသည့် ဖြစ်ရပ်နှင့် အထူးသဖြင့် မုဒိမ်းမှုနှင့် အခြား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပုံစံများတွင် ဆေးစစ်ချက်ရယူရန် အရေးကြီးသည်။ "ဆေးစစ်ချက်အမိန့်" သည် စာရွက်ပိုင်းတစ်ခု၊ ဖောင်တစ်ခုဖြစ်ပြီး ယင်းကို တရားရုံး (သို့မဟုတ် ရဲ) မှ ရရှိနိုင်ပြီး ဆေးရုံသို့ ယူဆောင်သွားကာ ဆေးစစ်နိုင်သည်။ ထို့နောက် ထိုပုံစံကို ဆေးရုံရှိ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းတစ်ဦးက ဖြည့်စွက်လိမ့်မည်ဖြစ်ပြီး ရဲက ယင်းကို အမှုဖိုင်တွဲတွင် ထည့်သွင်းပြီး တရားရုံးကို ပေးလိမ့်မည်။ ရဲက ကောင်းမွန်စွာ ကိုင်တွယ်ခြင်း မရှိခဲ့လျှင် ဖြစ်နိုင်ပါက စစ်ဆေးချက် ပုံစံမိတ္တူကို သိမ်းထားပါ။

ဖြစ်နိုင်ပါက မှန်ကန်သော ဥပဒေ အကြံဉာဏ်ရယူရန်နှင့် အမှုစတင်ဖြစ်ပွားသည့်အချိန်မှစ၍ ပံ့ပိုးနိုင်ရန် ရှေ့နေနှင့် အမြန်ဆုံး ဆက်သွယ်ပါ။ ရှေ့နေက ၎င်းတို့၏ တရားဝင် အခန်းကဏ္ဍအရ ရဲနှင့် ပိုမိုထိရောက်သော ပုံစံနှင့် ဆက်သွယ်ကိုင်တွယ်နိုင်သည်။ ထို့နောက် ယင်းတို့က သက်သေအထောက်အထား ကောက်ယူခြင်း နှင့် ထိန်းသိမ်းခြင်းတို့အပေါ် အသုံးဝင်သော အကြံဉာဏ်များ ပေးနိုင်သည်။ သို့ဖြစ်ရာ ရှေ့နေများ သို့မဟုတ် ရှေ့နေအုပ်စုများနှင့် လုပ်ဖော်ကိုင်ဖက်အဖြစ် သဘောတူညီထားခြင်းသည် အသုံးဝင်သည်။ ရှေ့နေခများနှင့် အခြားဥပဒေဆိုင်ရာ ထောက်ကူမှု ကုန်ကျစားရိတ်များအတွက် ဘဏ္ဍာရေးအရင်းအမြစ်များရှိထားခြင်းသည် ရှေ့နေကောင်းတစ်ဦးမှ အမှုတွင် အလျင်အမြန် ဝင်ရောက်ကိုင်တွယ်နိုင်သည့် အခွင့်အလမ်းကို တိုးမြင့်စေသည်။

လူထုအခြေပြုအရပ်ဘက် လူပ်ရှားသူများသည် ကျူးလွန်ခံရသူ သို့မဟုတ် မျက်မြင်သက်သေတို့ကို ရဲထံ အစီရင်ခံရာတွင် ကူညီနိုင်သည်။ ရဲအရာရှိက ပထမသတင်းပေးတိုင်တန်းချက် (FIR) ဟုခေါ်သော တိုင်စာကို ဖွင့်လှစ်ရပြီး ထိုမှတဆင့် စုံစမ်းစစ်ဆေးခြင်းကို စတင်လုပ်ဆောင်နိုင်မည်။

မိမိတို့၏ အစီရင်ခံစာတွင် မြင်ရသည့်အတိုင်း (အခန်း ၅-၁-၃ တွင်ကြည့်) ရဲများက ဥပဒေအတိုင်း ယင်းတို့၏ လုပ်ငန်းတာဝန်ကို မထမ်းဆောင်သည့်အတွက် အမှုအများစုမှာ တိုင်ကြားသည့် အဆင့်တွင်ပင် တစ်ဆို့ခံရနိုင်ပါသည်။ အထူးသဖြင့် အစိုးရစစ်တပ် သို့မဟုတ် ရဲတပ်ဖွဲ့ ကိုယ်တိုင် ပါဝင်ပတ်သက်သည့် နိုင်ငံရေးအရ ထိရှလွယ်သော အမှုများတွင် တွေ့ရလေ့ရှိသည်။ မိမိတို့၏ အစီရင်ခံစာတွင် တုန့်ပြန်သူများက ဤအဆင့်တွင် လူထုအနေဖြင့် ရဲအပေါ် ၎င်းတို့၏ အလုပ်ကို မှန်ကန်စွာ လုပ်ဆောင်စေရန် ဖိအားပေးရန် လိုအပ်ကြောင်း ပြောကြသည်။

လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်းများက အမှုကို တရားရုံးတွင် ကြားနာစေသည့် အခွင့်အလမ်းများလာစေရန်အတွက် အရေးအကြီးဆုံး ကဏ္ဍတစ်ရပ်အဖြစ် လုပ်ဆောင်နိုင်သည်မှာ ချည်းကပ်စည်းရုံးပြီး လူထုထောက်ခံမှုကို ရယူရန်ဖြစ်သည်။ မိမိတို့၏ သုတေသနက လူထု အမြင်သည် ပိုမိုအပြုသဘောဆောင်သော ရလဒ်များကို ရရှိစေနိုင်ကြောင်း ပြသထားပြီး မီဒီယာမှ စိတ်ဝင်စားမှု၊ စီစစ်လေ့လာမှုနှင့် ကုလသမဂ္ဂကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများက အာဏာပိုင်များကို စုံစမ်းစစ်ဆေးမှုများစတင်လုပ်ဆောင်ရန် ဖိအားပေးနိုင်သည်။ (အခန်း ၅-၂-၃ တွင်ကြည့်ပါ။)

လှုံ့ဆော်စည်းရုံးရေးသည့် လှုပ်ရှားမှုတွင် အောက်ပါတို့ ပါဝင်နိုင်သည်။ (အစိုးရစစ်တပ် အပါအဝင်)[22] ဒေသခံ အာဏာပိုင်များအတွင်း အဓိကကျသော လူပုဂ္ဂိုလ်များကို ချည်းကပ်စည်းရုံးခြင်း၊ လူထုဆန္ဒပြပွဲ စီစဉ်လုပ်ဆောင်ခြင်း၊ မီဒီယာနှင့် ထိတွေ့ခြင်းနှင့် သတင်းစာရှင်းလင်းပွဲပြုလုပ်ခြင်း၊ ဒေသခံခေါင်းဆောင်များ (လူထုခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်များ၊ ရွေးကောက်ခံ အရာရှိများ) ကို လှုပ်ရှားစေခြင်း၊ (ပြည်တွင်းနှင့် နိုင်ငံတကာ) လူ့အခွင့်အရေးအဖွဲ့အစည်းအုပ်စုများက စောင့်ကြည့်လေ့လာခြင်း၊ နိုင်ငံတကာ အသိုင်းအဝိုင်းမှ အဖွဲ့ဝင်များကို ပါဝင်လာစေခြင်း (အထူးကိုယ်စားလှယ်၊ သံရုံးများ၊ ကုလသမဂ္ဂ အေဂျင်စီများ၊ နိုင်ငံတကာ NGO များ)။

တက်ကြွလှုပ်ရှားသူ ရှေ့နေတစ်ဦးက လူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်း အုပ်စုများနှင့် အထူးသဖြင့် အမျိုးသမီး အုပ်စုများသည် "အမှုကို မည်သို့ လိုက်ရမည်နှင့် တက်ကြွလာအောင် မည်သို့လုပ်ရမည်ကို" သိသည်ဟု ပြောသည်။

22 For example, in one of the "successful" cases, members of the influential Kutkai Cultural Group managed to have direct personal discussions with the military general in charge of the case (see chapter 5.2.3).

# ၇။ အခြား သက်ဆိုင်သူများထံသို့ အကြံပြုချက်များ

မိမိတို့အစီရင်ခံစာ၏ အဓိက ဦးတည်ချက်မှာ ဒေသခံလူထုအခြေပြုအရပ်ဘက်အဖွဲ့အစည်း အုပ်စုများအတွက် မဟာဗျူဟာများ ဖော်ထုတ်ရန် (အခန်း ၆ ကိုကြည့်) ဖြစ်သော်လည်း ဤအခွင့်အလမ်းကို အသုံးပြုလျက် မိမိတို့သည် အခြားသော သက်ဆိုင်သူများဖြစ်သည့် မြန်မာအစိုးရနှင့် အစိုးရစစ်တပ်၊ နိုင်ငံတကာ အသိုင်းအဝိုင်း သာမက အလှူရှင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများကိုပါ အထွေထွေ အကြံပြုချက်များ ပေးထားသည်။

## ၇–၁။ မြန်မာအစိုးရနှင့် အစိုးရစစ်တပ်သို့

၁။ ဖယ်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်အတွက် အားလုံးပါဝင်သော ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲများကို စတင်နိုင်စေရန်အတွက် နိုင်ငံတဝှမ်းတွင် စစ်ဆင်ရေးများ ရပ်ဆိုင်းပြီး တိုင်းရင်းသား နယ်မြေများမှ တပ်ဖွဲ့အားလုံးကို ဆုတ်ခွာပေးရန်။

၂။ အရပ်သားများအား တိုက်ခိုက်မှုများကို ရပ်ဆိုင်းပြီး အစိုးရစစ်တပ်နှင့် ရဲတပ်ဖွဲ့မှ ကျူးလွန်ခံရသူ သို့မဟုတ်ကျူးလွန်သူအား စစ်ကြောမေးမြန်းစဉ်အတွင်း မတရားထိန်းသိမ်းမှုများနှင့် နှိပ်စက်ညှဥ်းပမ်းသည့် လုပ်ရပ်များကို အဆုံးသတ်ရန်။

၃။ အစိုးရစစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်များကို အရပ်သား ထိန်းချုပ်မှုအောက်တွင်ထားခြင်း အပါအဝင် တာဝန်ခံမှုနှင့် ဥပဒေစိုးမိုးမှုကို အာမခံချက်ရှိစေရန် မရှိမဖြစ် လိုအပ်သော နိုင်ငံရေးနှင့် ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရန်။

၄။ ကျူးလွန်မှုများအတွက် အပြစ်ပေးအရေးယူခံရမှုများမှ အစိုးရစစ်တပ်၏ ကင်းလွတ်နေမှုကို အဆုံးသတ်ပြီး စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများအတွက် စစ်သားများကို တာဝန်ခံမှုရှိစေရန်။

၅။ လုံခြုံရေး တပ်ဖွဲ့ဝင်များမှ ချိုးဖောက်မှုများ ပါဝင်သော အမှုများကို အရပ်ဘက် တရားရုံးများသို့ လွှဲပြောင်းရန် တက်ကြွစွာ တိုက်တွန်း စီစဉ်လုပ်ဆောင်ရန်။

၆။ ရဲနှင့် တရားရေး ပုဂ္ဂိုလ်များ၏ အလုပ်များတွင် အစိုးရစစ်တပ်၏ စွက်ဖက်မှုကို အဆုံးသတ်ရန်။

၇။ တရားရေး စနစ်တွင် ခြစားမှုကို အဆုံးသတ်ပြီး တရားစီရင်ရေးသည် လွတ်လပ်ပြီး ဥပဒေစိုးမိုးရေးကို ဆုပ်ကိုင်ထားစေရန် အတွက် အာမခံပေးရန်။

၈။ တရားသင်း အက်ဥပဒေအပါအဝင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးများကို တရားမဲ့ ကန့်သတ်ထားသော ဥပဒေများအားလုံးကို ဖျက်သိမ်းပစ်ရန် သို့မဟုတ် ပြင်ဆင်ရန်။

၉။ မတရားသင်း အက်ဥပဒေအောက်တွင် မတရား ထိန်းသိမ်းထားသူများနှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်ကို ကျင့်သုံးမှုကြောင့် မတရား ထိန်းသိမ်းထားခံရသူအားလုံးကို လွှတ်ပေးရန်။

၁၀။ နိုင်ငံရေးဆိုင်ရာ အမှုများတွင် ရှေ့နေနှင့် ဆောလျင်စွာ တွေ့နိုင်မှု၊ မတရား ထိန်းသိမ်းမှုမှ ကာကွယ်ခြင်း၊ အပြစ်မရှိကြောင်း ကြိုးတင်သတ်မှတ်ချက်၊ သက်သေအထောက်အထားများ ထုတ်ဖော်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် မမှန်မကန်လုပ်ဆောင်မှုမှ ကာကွယ်ခြင်း အပါအဝင် မျှတစွာ တရားစီရင်ခံပိုင်ခွင့်အပေါ် လေးစားမှုကို အာမခံရန်။

၁၁။ အာဏာပိုင်အဖွဲ့ဝင်များမှ ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၌ ကျူးလွန်ခံရသူများကို ကူညီပေးနေသည့် ရှေ့နေများနှင့် တက်ကြွလှုပ်ရှားသူများအား နောက်ယောင်ခံခြင်း နှင့် နောက်ယှက်ခြင်းတို့ကို အဆုံးသတ်ရန်။

၁၂။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးနေသည့် နိုင်ငံတကာမှ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရားနှင့် ပူးပေါင်းဆောင်ရွက်ရန်။

၁၃။ ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများအား ကာကွယ်မှုပေးခြင်းသာမက ထိရောက်သော ကျား-မကွဲပြားမှုအပေါ် သတိပြုပြီး လက်လှမ်းမီနိုင်သည့် ဥပဒေအထောက်အကူပြု လုပ်ငန်းစဉ်များပေးခြင်းဖြင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှု ရရှိရန် ပံ့ပိုးဆောင်ရွက်ပေးရန်။

၁၄။ တိုင်းရင်းသား ဒေသများတွင် လူထုအခြေပြု ဥပဒေအထောက်အကူပြု အစီအစဉ်များ တည်ထောင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းကို ခွင့်ပြုရန်။

## ၇ – ၂။ နိုင်ငံတကာ အသိုင်းအဝိုင်းသို့

၁။ နိုင်ငံတကာ တရားရုံး (ICJ) နှင့် နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံး (ICC) တွင် မြန်မာနိုင်ငံအပေါ် စွဲဆိုထားသည့်မြန်မာနိုင်ငံ မြောက်ပိုင်း အပါအဝင် နိုင်ငံတဝှမ်းတွင် ရှိသည့် လူသား ဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအတွက် စုံစမ်းစစ်ဆေးမှုတို့ကို ပူးပေါင်းပါဝင် ပံ့ပိုးရန်နှင့် မြန်မာနိုင်ငံကို နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံး (ICC) သို့ လွှဲပြောင်းမှုကို တွန်းအားပေးရန်။

၂။ ဖယ်ဒရယ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှ တဆင့် အစိုးရစစ်တပ်နှင့် ရဲတပ်ဖွဲ့များကို အရပ်သား ထိန်းချုပ်မှုအောက်တွင် ထားခြင်း အပါအဝင် တာဝန်ခံမှုနှင့် ဥပဒေစိုးမိုးမှုကို အာမခံရန်မရှိမဖြစ် လိုအပ်သော နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ပြီးသည် အထိနှင့် စစ်မှန်သော ငြိမ်းချမ်းရေး ရရှိသည်အထိ မြန်မာအစိုးရနှင့်အစိုးရ စစ်တပ်ကို ပံ့ပိုးမှုများ ရပ်တန့်ထားရန်။ အထူးသဖြင့် -

- မြန်မာ့တပ်မတော်နှင့် နိုင်ငံတကာမှ စစ်တပ်မှ စစ်တပ်သို့ ဆက်ဆံရေးများကို ဆိုင်းငံ့ထားပြီး ရဲတပ်ဖွဲ့အရာရှိများအား သင်တန်းပေးမှုများကို ရပ်တန့်ပါ။ ယင်းအစား ဥပဒေအထောက်အကူပြု အစီအစဉ်များအတွက် သင်တန်းများပေးရန်။
- တိုင်းရင်းသား နယ်မြေများတွင် ပဋိပက္ခကို မီးထိုးပေးနေပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖြစ်စေနိုင်သည့် စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုကို ရပ်တန့်ရန်။

၃။ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ရရှိရေးအပေါ် အစီအစဉ်များ ရေးဆွဲခြင်းနှင့် မူဝါဒချမှတ်မှုများအား ပံ့ပိုးခြင်းလုပ်သည့်အခါ ကျူးလွန်ခံရသော တိုင်းရင်းသား လူထုအသိုင်းအဝိုင်းများ၏ ဆွေးနွေးအကြံပေးမှုကို အာမခံပေးရန်။

# ၇ – ၃။ အလှူရှင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသို့

၁။ မြန်မာနိုင်ငံတွင် တရားမျှတမှုကို ရရှိရန်အတွက် ပေးအပ်သော ပံ့ပိုးမှုများကို အထူးသဖြင့် နိုင်ငံရေးအရ ထိရှလွယ်သော အလုပ်များ လုပ်ဆောင်ခြင်းနှင့်အစိုးရ အဖွဲ့အစည်းဆိုင်ရာများက ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ ကျူးလွန် ခံရသူများကို ကူညီပေးနေသော လူထုအခြေပြု လူမှု အသိုင်းအဝိုင်း အုပ်စုများသို့ရောက်ရှိစေခြင်းကို အာမခံရန်။

၂။ ဤအဖွဲ့အစည်းများကို အထူးသဖြင့် နိုင်ငံတော်အစိုးရ အဖွဲ့အစည်းဝင်များက ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ ဖြစ်ရပ်များအတွက် ငွေကြေးထောက်ပံ့မှုနှင့် စွမ်းရည်တည်ဆောက်ခြင်းများကို ပေးရန်။

၃။ အထွေထွေ၊ ပြုပြင်ပြောင်းလဲလွယ်ခြင်းနှင့် ရေရှည်၊ စိမ်ခေါ်မှုရှိသော၊ နိုင်ငံရေးအရ ထိရှလွယ်သော ဖြစ်ရပ်များစသည့် ထိုကဲ့သို့သော အမှုများအတွက် အထွေထွေ အဖွဲ့အစည်းဆိုင်ရာ ပံ့ပိုးမှုရရှိရန် ယုံကြည်စိတ်ချရသော ရှေ့နေ အသင်းအဖွဲ့နှင့်ရှေ့နေကွန်ရက်များအား ရန်ပုံငွေထောက်ပံ့ပေးရန်။

၄။ ရှေ့နေခများ၊ တရားရုံး ကြားနာမှုများဆိုင်ရာ ကုန်ကျစားရိတ်များ၊ အထွေထွေ ဥပဒေဆိုင်ရာနှင့် ဥပဒေအထောက်အကူပြု အကူအညီများဆိုင်ရာ ကုန်ကျစားရိတ်များ၊ ဥပဒေဆိုင်ရာ မြှင့်တင်ရေး လုပ်ငန်းများ၊ (စွမ်းရည်မြှင့်တင်ခြင်း၊ ဥပဒေဆိုင်ရာ အသိပညာ ပေးခြင်း)၊ ချည်းကပ်စည်းရုံးခြင်း၊ နှင့် လူထု လှုပ်ရှားမှုသာမက ကျူးလွန်ခံရသူအတွက် အရေးပေါ် အကူအညီများ (ကျန်းမာရေး စောင့်ရှောက်မှု၊ နေထိုင်ရာ နေရာ၊ အစားအစာ စသည့်) တို့ အပါအဝင် တရားမျှတမှုရရှိရေး စီမံကိန်းများ၏ ဘက်ပေါင်းစုံအား ငွေကြေးထောက်ပံ့ပေးရန်။

၅။ အစိုးရ အဖွဲ့အစည်းဝင်များက ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တရားမျှတမှုကို ရှာဖွေနေသော တိုင်းရင်းသား လူထုအသိုင်းအဝိုင်းများကို တိုက်ရိုက်နှင့် နယ်ခြားဖြတ်ကျော် အကူအညီများပေးရန်။

၆။ တိုင်းရင်းသား နယ်မြေများ အထူးသဖြင့် ပဋိပက္ခသက်ရောက်သည့် နယ်မြေများဖြစ်သည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများနှင့် ဝေလံခေါင်ဖျားသော နယ်မြေများရှိ လူထုအခြေပြုဥပဒေအထောက်အကူပြု အစီအစဉ်များ အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ကျူးလွန်ခံရသူများကို ဥပဒေအထောက်အကူပြုမှုပေးရန် ရည်ရွယ်ချက်နှင့် ဒီဇိုင်းဆွဲခြင်း၊ တည်ထောင်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများကို ပံ့ပိုးရန်။

၇။ နိုင်ငံရေးအရ ထိရှလွယ်သော အလုပ်များနှင့် အစိုးရ အဖွဲ့အစည်းဝင်များက ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ ကျူးလွန်ခံရသူများအား ကူညီ နေသော ဒေသခံလူထု အဖွဲ့အစည်းများကို လက်လှမ်းမီရန်နှင့် ၎င်းတို့၏ ဝန်ဆောင်မှုများ ပေးနေသော မြန်မာနိုင်ငံရှိ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ရရှိရေးကို မြှင့်တင်ပေးနေသည့် လက်ရှိ ငွေကြေးထောက်ပံ့နေသော အဖွဲ့အစည်းများ အကောင်အထည်ဖော်နေသည့် အစီအစဉ်ကြီးများကို အားပေးရန်။

၈။ အစိုးရအဖွဲ့အစည်းဝင်များက ချိုးဖောက်ကျူးလွန်သော မတရား လူသတ်မှု၊ မုဒိမ်းမှု၊ ပျောက်ဆုံးမှု၊ မတရား ထိန်းသိမ်းခြင်းနှင့် နိုင်ငံရေးဆိုင်ရာ တရားစွဲဆိုခြင်း အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်စဉ်များတွင် အသုံးပြုရန် ဥပဒေဆိုင်ရာ မဟာဗျူဟာများအပေါ် ရှေ့နေများအား အဆင့်မြင့် သင်တန်းများပေးရန်။

ထုတ်လုပ်သူ

KWAT

KACHIN WOMEN'S ASSOCIATION THAILAND

WWW.KACHINWOMEN.COM

AJAR

ASIA JUSTICE AND RIGHTS

WWW.ASIA-AJAR.ORG